# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်　၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့　အတွဲ (၅၉)၊ အမှတ် (၁၉၁)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများ ဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး တက်ရောက်

### ရငွေကိုတတ်နိုင်သမျှ လျာထားချက်ပြည့်မီအောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကို သုံးစွဲရာတွင် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ထိရောက်စွာ အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန် လိုအပ်



ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် လမ်းညွှန်အမှာစကားပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော်　ဧပြီ ၇**

ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက် လမ်းညွှန်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Quarantine မှ ထွက်လာသူများနှင့် ပတ်သက်၍ သတင်းစကားပါး

**နေပြည်တော်　ဧပြီ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Quarantine မှ ထွက်လာသူများနှင့် ပတ်သက်၍ ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် အောက်ပါအတိုင်း သတင်းစကားပါး ရေးသားထားသည် -

Quarantine က ထွက်လာသူတွေ၊ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းနဲ့ ညွှန်ကြားချက်တွေကို မလိုက်နာရင် ရောဂါဖြစ်ဖို့ အန္တရာယ်ကြီးတယ်ဆိုတာ မမေ့ကြပါနဲ့။

COVID-19 စိန်ခေါ်မှုကို တာဝေးအပြေးသမား စိတ်ဓါတ်နဲ့ ရင်ဆိုင်ရမှာပါ။ ရေရှည်ရပ်တည်နိုင်ဖို့ အားတွေမွေးရပါမယ်။ တစ်ရက်ချင်း၊ တစ်ရက်ချင်းကို မှန်ကန်တည်ငြိမ်စွာ၊ အင်အားမပြုန်းတီးအောင် သတိနဲ့ ဖြတ်သန်းသွားကြဖို့ လိုပါမယ်။

အစိုးရိမ်လွန်ခြင်းဟာ သတိရှိခြင်း မဟုတ်ပါဘူး။ သတိအားနည်းလို့ အစွန်းဘက်ကို ချော်သွားတာပါ။ တာဝန်အရ ဆောင်ရွက်တာတွေကို မကျေနပ်လို့ ကြမ်းကြမ်းတမ်းတမ်းပြုမူ မှုတွေကြောင့် ဥပဒေအရ အရေးယူရတာတွေတောင် ရှိပါတယ်။

Masks တွေ လုံလုံလောက်လောက်ရနိုင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်နေပါတယ်။ အိမ်မှာ ချုပ်ကြတာကော အဆင်ပြေနိုင်မလား၊ ဒါတွေလည်း စဉ်းစားရပါတယ်။ ကျွန်မ တစ်ခု စမ်းချုပ်နေပါတယ်။

အခက်ခဲဆုံးကာလတွေဟာ ဖြူစင်တဲ့ မေတ္တာ၊ စေတနာရဲ့ အရောင် အတောက်ပဆုံးအချိန် ဖြစ်ပါတယ်။

တတ်နိုင်တဲ့နည်းနဲ့ COVID-19 ရောဂါ ကာကွယ်နှိမ်နင်းရေးမှာ ပါဝင်ပံ့ပိုးကူညီနေတဲ့ ကျွန်မတို့ ပြည်သူတွေအားလုံးကို ကျေးဇူးတင်ပါတယ်။

မေတ္တာခြုံလို့ လုံပါစေ၊

စေတနာဆောင်လို့ အောင်ပါစေ။

> “ Quarantine က ထွက်လာသူတွေ၊ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းနဲ့ ညွှန်ကြားချက်တွေကို မလိုက်နာရင် ရောဂါဖြစ်ဖို့ အန္တရာယ်ကြီးတယ်ဆိုတာ မမေ့ကြပါနဲ့ ”


**လူသစ်၊ စိတ်သစ် နှစ်သစ်ချိန်ခါ**　ဆောင်းပါး　စာ ၆

**ကိုဗစ်-၁၉ ကြောင့် အိန္ဒိယတစ်နိုင်ငံလုံး ပိတ်ဆို့မှုချမှတ်ထားချိန် အခြေခံစားသောက်ကုန်ပြတ်လပ်မှုများဖြစ်ပေါ်**　နိုင်ငံတကာသတင်း　စာ ၁၃





# မမေ့မလျော့ မပေါ့သည့် သတိတရားဖြင့် နေ့စဉ်ရင်ဆိုင်

စက်ရုံ၊ အလုပ်ရုံ၊ ရုံးဌာနများတွင် လုပ်ငန်းခွင် ဝင်ရောက်မှု ထက်ဝက်လျှော့ချခြင်း၊ ခရီးသွားလာမှုများနှင့် လူစုလူဝေးများကို ကန့်သတ်ခြင်းအပါအဝင် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ ဒေသန္တရအမိန့်များ ထုတ်ပြန်ကြေညာခဲ့ပြီးနောက် မြို့ကြီးပြကြီးများတွင် ပုံမှန်အားဖြင့် ကျိတ်ကျိတ်တိုး စည်ကားနေသည့် မြင်ကွင်းများမှာ လှုပ်ရှားမှု အလျှင်းကင်းမဲ့သည့် မြင်ကွင်းများအဖြစ်သို့ တိတ်ဆိတ်စွာပင် ပြောင်းလဲသွားကြသည်။ ဤသို့သော မြင်ကွင်းများမှာ မိမိတို့နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးရှိ နိုင်ငံအသီးသီးမှ မြို့ပြများတွင်လည်း ဤနည်းနှင်နှင်ပင်ဖြစ်သည်။

ကူးစက်မြန် ကပ်ရောဂါကို မြန်မြန်ဆန်ဆန် ကူးစက်ပျံ့နှံ့မသွားစေရန်အတွက် လတ်တလောတွင် အထိရောက်ဆုံးနည်းတစ်ခုဖြစ်သည့် လူတိုင်း အိမ်ထဲမှာနေစေပြီး မဖြစ်မနေ အခြေအနေမှသာလျှင် အိမ်ပြင်သို့ အကန့်အသတ်ဖြင့် သွားလာရခြင်းက အခြားတစ်ဖက်တွင် လူမှုရေး၊ စီးပွားရေးတို့ ထိခိုက်စေသည့် ဘေးထွက်ဆိုးကျိုးတော့ရှိသည်။ သို့ရာတွင် ဝမ်းရေးထက် သေရေးရှင်ရေးက ပို၍ခက်သည့် အားလျော်စွာ ရောဂါရှောင်၍ အိမ်မှာနေနေကြရခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စတင်တွေ့ရှိခဲ့ရသည့် မတ်လ ၂၃ ရက်မှ ဧပြီ ၇ ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ ၂၂ ဦး တွေ့ရှိထားပြီး ရောဂါနှင့်ဆက်နွယ်၍ တစ်ဦးသေဆုံးထားသည်။ စောင့်ကြည့်လူနာအသစ်များ နေ့စဉ်ပေါ်ထွက်မှု၊ ဓာတ်ခွဲနမူနာများ စစ်ဆေးမှုမှ ထွက်ပေါ်လာသည့် နေ့စဉ်ဓာတ်ခွဲအဖြေများအရ မိမိတို့ပြည်သူတစ်ဦးချင်းတို့အနေဖြင့် ရောဂါကာကွယ်ရေးပညာပေး အချက်အလက်များကို ဂရုတစိုက်လိုက်နာကြရန် လိုအပ်သော်လည်း စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေမျိုး မဟုတ်သေးဟူ၍ ယူဆမိသည်။ ရောဂါကာကွယ်ရေးသည် ခေတ္တခဏမျှသာ မဟုတ်ဘဲ မြန်မာ့မြေပေါ်မှ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး လုံးဝကင်းစင်သည့်နေ့အထိ အချိန်ကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားကြရမည်ဖြစ်ရာ မမေ့မလျော့ မပေါ့သည့် သတိတရားဖြင့် နေ့ရက်တိုင်းကို ရင်ဆိုင်ကြရမည်သာဖြစ်သည်။

မကြာမီကျရောက်လာတော့မည့် မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလကို မိမိတို့၏ အိမ်ဂေဟာများမှာပင် နေထိုင်ကြရင်း ကုသိုလ်တစ်ခု နေ့စဉ်ပြုကာ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ ကူးပြောင်းကြရမည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး ပျောက်ကွယ်မသွားသရွေ့ နေ့စဉ်ကျန်းမာရေးအသိဖြင့် သတိပြုကာ လူစုလူဝေးကို ရှောင်ရန်၊ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေရန်၊ မကြာမကြာ လက်ကို ဆပ်ပြာဖြင့် စနစ်တကျဆေးကြောရန်၊ အပြင်ထွက်ပါက နှာခေါင်းစည်းတပ်ကြရန် နှိုးဆော်လိုသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားထုတ်ကြိုးပမ်းနေကြသည့် အချိန်အခါတွင် လူတိုင်းကိုယ်စီ မိမိကိုယ်ကို ကာကွယ်ကြခြင်းအားဖြင့် ကမ္ဘာ့ကပ်ရောဂါ မြန်မာ့မြေပေါ်မှ မြန်မကြာ မောင်းထုတ်နိုင်ပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြ သည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| (ဂ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ**

## ပဲခူးတိုင်းဒေသကြီးအတွင်း အခြေခံစားကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး သမဝါယမအသင်းများကလည်း ပါဝင်ဆောင်ရွက်ပေး

ပဲခူး ဧပြီ ၇

ပဲခူးတိုင်းဒေသကြီးအတွင်း ကမ္ဘာတစ်ဝန်းလုံး ဖြစ်ပွားနေသော ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်မှုကို ကျော်ဖြတ်နေချိန်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ ရှိစေရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြရာတွင် သမဝါယမအသင်းများကလည်း အခြေခံစားသောက်ကုန်များကို ဈေးနှုန်းတည်ငြိမ်ပြီး ပြည်သူများ အန္တရာယ်ကင်းကင်းနှင့် လွယ်လင့်တကူ ဝယ်ယူ စားသုံးနိုင်စေရေးအတွက်လည်း ကြိုးပမ်းအားထုတ်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်အတွင်း အခြေခံစားသောက်ကုန် ရောင်းချလျက်ရှိသော ရောင်းဝယ်ရေး သမဝါယမအသင်း ၅၃ သင်း၏



အရောင်းဆိုင်များက ပြည်သူများ စားသုံးနိုင်ရေးအတွက် အခမဲ့ စနစ်ဖြင့်လည်း ဆောင်ရွက်ပေးလျက် လက်လှမ်းမီ အလွယ်တကူ ဝယ်ယူ အရောက်ပို့ (Door to Door) ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကမ်းဝေးငါးဖမ်း/ ငါးသယ်ရေယာဉ်အားလုံးတွင် E–MTU/ Transponder (VMS ကိရိယာ) များကို တပ်ဆင်ခဲ့ပြီးဖြစ်၍ ကမ်းနီးငါးဖမ်းကွက်များ၊ LMMA ၊ Co – Management ဧရိယာများ၊ လန်ပိကျွန်းဧရိယာ (MPA)နှင့် တားမြစ်ထားသည့် ငါးဖမ်းကွက်(F13, F14, F20, F21)များသို့ ဝင်ရောက်ငါးဖမ်းသည့် ရေယာဉ်များအား VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်း လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်လျက်ရှိကာ စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများနှင့် သက်ဆိုင်ရာ အေးဂျင့်များအား ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဆက်သွယ်သတိပေးခြင်း၊ တားမြစ်ဧရိယာများမှ အမြန်ဆုံးထွက်ခွာစေခြင်းစသည်တို့ကို ပညာပေးကာလအနေဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

(၂၁-၄-၂၀၂၀)ရက်နေ့မှ စတင်၍ **စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ ငါးသယ်ရေယာဉ်စာရင်းအား** ငါးလုပ်ငန်းဦးစီးဌာန၏ Website ဖြစ်သည့် www.dof.gov. mm မှတစ်ဆင့် နေ့စဉ်ထုတ်ပြန် သတိပေးကြေညာသွားမည်ဖြစ်ပြီး သက်ဆိုင်ရာရေယာဉ်ပိုင်ရှင်များအနေဖြင့် အဆိုပါစာရင်းတွင် ပါဝင်သည့် မိမိတို့၏ ရေယာဉ်များအား စည်းကမ်းဖောက်ဖျက်မှုမရှိစေရေး အထူးအလေးထားလိုက်နာဆောင်ရွက်သွားရန်နှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များအား ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်အမှတ်-၅/၂၀၁၈ နှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ရေလုပ်ငန်းရှင်များသိရှိစေရန် ကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူသာလျှင် အဓိက





ဘဏ္ဍာရေးကော်မရှင် (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

✻ ရွှေ့ဖုံးမှ

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၁/ ၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များက ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပေးရန်နှင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို အတည်ပြုထောက်ခံပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့နိုင်ရေး ဆွေးနွေးဆုံးဖြတ်ကြရန် ဖြစ်ပါကြောင်း။

## ဆက်စပ်ဆောင်ရွက်

ဖြည့်စွက်ခွင့်ပြုငွေသည် အသုံးစရိတ်တစ်ခုအတွက် မူလခွင့်ပြုငွေနှင့် လုံလောက်မှုမရှိခြင်း၊ မူလခွင့်ပြုငွေဘောင်အတွင်းမှ ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် မလုံလောက်ခြင်း၊ အထွေထွေပိုလျှံရန်ပုံငွေမှ လွှဲပြောင်းကျခံသုံးစွဲရန် မလုံလောက်ခြင်းတို့ကြောင့် လိုအပ်သည့် ငွေရပ်ကိုသာ တောင်းခံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံရာတွင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေတွင် ပါဝင်ပြီး ရန်ပုံငွေ မလုံလောက်သည့် ကိစ္စများအတွက် ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်မည့်ကိစ္စရပ်များ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ မူလခွင့်ပြုချက်ရရှိပြီးသည့် လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်ရန် လိုအပ်သည့် ငွေရပ်ကိုသာ တောင်းခံရမည် ဖြစ်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေကို သုံးစွဲခြင်းမပြုနိုင်၍ ပြန်လည်အပ်နှံရပါက ဌာန၊ အဖွဲ့အစည်းများအတွက် ကြီးလေးသည့် ချွတ်ယွင်းချက်ဖြစ်သည့်အတွက် မဖြစ်မနေသုံးစွဲရန် လိုအပ်သည့် အသုံးစရိတ်များကိုသာ တောင်းခံကြရမည် ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ခု၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုတွင် အဓိကအားဖြင့် ဝန်ထမ်းများအတွက် ထပ်မံလိုအပ်သည့် လစာငွေ၊ ချီးမြှင့်ငွေ၊ ခရီးစရိတ်၊ ပင်စင်၊ အတိုးပေးငွေများ၊ အရင်းပေးဆပ်ရန် ထပ်မံလိုငွေများ၊ နိုင်ငံတော်သို့ ပေးဆောင်ရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ လျှပ်စစ်ခတ်အားခတိုးမြှင့်ခြင်းကြောင့် ထပ်မံလိုငွေ၊ ထပ်မံရရှိမည့် ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေတို့နှင့် ဆောင်ရွက်မည့်အသုံးစရိတ်များ၊ ဆောင်ရွက်ဆဲတည်ဆောက်ရေးလုပ်ငန်းများ၊ မြေယာလျော်ကြေးများအတွက် တောင်းခံထားသည်ကို တွေ့ရှိရပါကြောင်း။

- ❑ **ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထပ်မံခွင့်ပြုပေးမည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲရန် တာဝန်ရှိ**
- ❑ **ထို့ပြင် နိုင်ငံခြားသုံးငွေနှင့် သုံးစွဲမှုများကိုလည်း ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တတ်နိုင်သမျှ နိုင်ငံခြားသုံးငွေဖြင့် သုံးစွဲမည့်အစား ပြည်တွင်းကျပ်ငွေဖြင့်သာ သုံးစွဲကြရန် အထူးမှာကြားလို**

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး ဒုတိယသမ္မတ (၁) က ထပ်ဆင့်စိစစ်ထားပြီး ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုကိုလည်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ဒုတိယသမ္မတ (၂) တို့က စိစစ်ထားပြီး ဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ထပ်မံခွင့်ပြုပေးမည့် အသုံးစရိတ်များကို ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရန် တာဝန်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံခြားသုံးငွေနှင့် သုံးစွဲမှုများကိုလည်း ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ကြရန် တတ်နိုင်သမျှ နိုင်ငံခြားသုံးငွေဖြင့် သုံးစွဲမည့်အစား ပြည်တွင်းကျပ်ငွေဖြင့်သာ သုံးစွဲကြရန် အထူးမှာကြားလိုပါကြောင်း။

## သက်ရောက်မှုများရှိလာ

လက်ရှိအခြေအနေတွင် COVID-19 ကြောင့် ဖြစ်ပွားသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါသည် ကမ္ဘာ့ကပ်ရောဂါဆိုးတစ်ခုအနေဖြင့် ဖြစ်ပေါ်နေခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် စီးပွားရေးအပေါ် သက်ရောက်မှုများ ရှိလာပါကြောင်း၊ ကမ္ဘာ့စီးပွားရေးကျဆင်းမှုသည် မိမိတို့နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းအပေါ် သက်ရောက်မှုရှိမည် ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ကျဆင်းမှုရှိနိုင်သဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအပေါ် ထိခိုက်နိုင်မှုကိုလည်း ကြိုတင်သုံးသပ် တွက်ချက်ထားရမည် ဖြစ်ပါကြောင်း။

အခွန်အကောက်ရငွေ လျာထားချက်အပေါ်တွင်လည်း သက်ရောက်မှုရှိနိုင်သဖြင့် အသုံးစရိတ်များကို ပိုမိုပြီး စိစစ်သုံးစွဲကြစေလိုပါကြောင်း၊ ရငွေပေါ်မူတည်ပြီး အသုံးစရိတ်ကို ခွဲဝေပေးရသည့်အတွက် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် လိုငွေပမာဏ မများစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးနိုင်ပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များကိုသာ စိစစ်ခွင့်ပြုပေးခြင်း ဖြစ်ပါကြောင်း။

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြု

တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့်လည်း ထပ်မံရရှိသည့် ဖြည့်စွက်ခွင့်ပြုငွေများကို ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် တစ်ထပ်တည်းဖြစ်စေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုကြရန်၊ ဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန်အတွက် စစ်ဆေး၊ ကြပ်မတ် စီမံဆောင်ရွက်သွားကြရန်ကိုလည်း အထူးမှာကြားလိုပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် ရငွေကို တတ်နိုင်သမျှ လျာထားချက်ပြည့်မီအောင် ရှာဖွေကြရမည်ဖြစ်ပြီး အသုံးစရိတ်များကို သုံးစွဲရာတွင်လည်း ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ထိရောက်စွာ အလေအလွင့်မရှိအောင် စိစစ်သုံးစွဲကြရန် လိုအပ်ပါကြောင်း။

ထို့ပြင် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများ အားလုံးကို အထူးသတိပေးမှာကြားလိုသည်မှာ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်မညီသော တင်ဒါခေါ်ယူမှုများ၊ တင်ဒါစည်းမျဉ်းများအတွင်း လက်တစ်လုံးခြားလုပ်ကိုင်ဆောင်ရွက်မှုများကို ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ၁/ ၂၀၁၇ နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

## ဝိုင်းဝန်းဆွေးနွေး

နိဂုံးချုပ်အနေဖြင့် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု၊ ယင်းသို့တောင်းခံမှုအပါအဝင် ရငွေ၊ သုံးငွေပြောင်းလဲမှုများအရ ပြန်လည်ရေးဆွဲထားသည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးရသုံးမှန်းခြေစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထပ်မံထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့အပေါ် ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံထားမှုမှာ သာမန်အသုံးစရိတ်တွင် ငွေကျပ် ၂၁၀၀ ဒသမ ၄၇၆ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ငွေကျပ် ၄၂၁ ဒသမ ၄၇၈ ဘီလီယံ၊ ကြွေးမြီ အသုံးစရိတ်တွင် ငွေကျပ် ၈၈ ဒသမ ၈၅၈ ဘီလီယံ၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဌာန၊ အဖွဲ့အစည်းများ၏ ထပ်မံတိုးမြှင့် သုံးစွဲငွေမှာ ငွေကျပ် ၅၀ ဒသမ ၁၇၅ ဘီလီယံဖြစ်ပြီး စုစုပေါင်း ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုမှာ ငွေကျပ် ၂၆၆၀ ဒသမ ၉၈၇ ဘီလီယံဖြစ်ပါကြောင်း။

*စာမျက်နှာ ၄ သို့*



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးမြင့်ဆွေ



ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ



ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

*စာမျက်နှာ ၃ မှ*

ဌာနအဖွဲ့အစည်းများက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဦးစွာစိစစ်ခဲ့ပြီး မိမိအနေဖြင့်လည်း ထပ်မံစိစစ်ပြီးချိန်တွင် လိုငွေနှင့် ဂျီဒီပီအချိုးသည် ၅ ဒသမ ၅၃ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း။

**ထပ်မံခွင့်ပြုပေး**

တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေအတွက် ထောက်ပံ့ငွေကို ခွင့်ပြုခဲ့ရာတွင်လည်း ပြည်သူကို တိုက်ရိုက်အကျိုးရှိစေမည့် လုပ်ငန်းများနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် ထောက်ပံ့ငွေကျပ် ၅၉ ဒသမ ၅၁၈ ဘီလီယံကို ထပ်မံခွင့်ပြုပေးခဲ့ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေမှ ပိုလျှံငွေအပ်နှံမှု များစွာမရှိစေရန်၊ ဘတ်ဂျက်ခန့်မှန်းမှု အားကောင်းလာစေရန်တို့အတွက် ဌာန၊ အဖွဲ့အစည်းများက တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေကျပ် ၂၉၉၇ ဒသမ ၆၅၆ ဘီလီယံအနက် ငွေကျပ် ၂၆၆၀ ဒသမ ၉၈၇ ဘီလီယံကိုသာ စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရငွေပိုင်းတွင် မူလခန့်မှန်းခြေစာရင်းတွင် ငွေကျပ် ၂၅၁၉၉ ဒသမ ၇၆၀ ဘီလီယံဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေတွင် ငွေကျပ် ၂၇၂၂၇ ဒသမ ၉၈၀ ဘီလီယံဖြစ်သည့်အတွက် ရငွေအခြေအနေသည် မူလခန့်မှန်းခြေစာရင်းထက် ငွေကျပ် ၂၀၂၈ ဒသမ ၂၂၀ ဘီလီယံ တိုးလာပါကြောင်း။

**လိုငွေအတွက် ထပ်မံထောက်ပံ့**

အသုံးစရိတ်ပိုင်းအနေဖြင့် မူလခန့်မှန်းခြေစာရင်းတွင် ငွေကျပ် ၃၁၉၁၈ ဒသမ ၈၉၁ ဘီလီယံဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များကို လိုငွေအတွက် ထပ်မံထောက်ပံ့ငွေ ကျပ် ၅၉ ဒသမ ၅၁၈ ဘီလီယံအပါအဝင် ခွင့်ပြုမည့် ဖြည့်စွက်ခွင့်ပြုငွေမှာ ငွေကျပ် ၂၆၆၀ ဒသမ ၉၈၇ ဘီလီယံဖြစ်သည့်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ အသုံးစရိတ်သည် ငွေကျပ် ၃၃၈၀၅ ဒသမ ၈၃၅ ဘီလီယံဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေရေးဆွဲချိန်တွင် ဂျီဒီပီတန်ဖိုးမှာ ငွေကျပ် ၁၁၈၉၃၅ ဒသမ ၁၀၆ ဘီလီယံ၊ အသားတင်လိုငွေမှာ ငွေကျပ် ၆၅၇၇ ဒသမ ၈၅၅ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးသည် ၅ ဒသမ ၅၃ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအပါအဝင် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး ထောက်ခံအတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**အခွန်ဝေစုများကို ခွဲဝေပေးလျက်ရှိ**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ အရအသုံးလျာထားမှုအခြေအနေမှာ စုစုပေါင်း ရငွေကျပ် ၁၂၁၀ ဒသမ ၇၀၄ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၃၃၂၅ ဒသမ ၀၉၀ ဘီလီယံ၊ အသားတင်လိုငွေ ငွေကျပ် ၂၁၁၄ ဒသမ ၃၈၆ ဘီလီယံ ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ လိုငွေ ကျပ် ၂၁၁၄ ဒသမ ၃၈၆ ဘီလီယံကို ပြည်ထောင်စုမှ ထောက်ပံ့ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထို့ပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အခွန်ဝေစုများကို ခွဲဝေပေးလျက်ရှိပါကြောင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး၊ ပြည်နယ်များက တင်ပြလာသည့် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုများကို စိစစ်ရာတွင် ၎င်းတို့၏ ရငွေရရှိမှု၊ အခွန်ဝေစုရရှိမှု၊ မူလခန့်မှန်းခြေ လျာထားချက် စသည်တို့အပေါ် အခြေခံပြီး မူလခန့်မှန်းခြေငွေစာရင်းအရ ထောက်ပံ့ပေးခဲ့သည့် ပမာဏအပေါ် ၃ ရာခိုင်နှုန်း အမြင့်ဆုံးညွှန်းကိန်းထားပြီး စိစစ်လျှော့ချခဲ့ပါကြောင်း။

စိစစ်မှုများအရ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှု၊ စိစစ်လျှော့ချမှုနှင့် ခွင့်ပြုနိုင်မှုအခြေအနေများမှာ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှု ငွေကျပ် ၃၉၉ ဒသမ ၆၅၈ ဘီလီယံ၊ စိစစ်လျှော့ချမှု ငွေကျပ် ၉၅ ဒသမ ၅၅၄ ဘီလီယံ၊ ဖြည့်စွက်ခွင့်ပြုငွေ ခွင့်ပြုမှု ငွေကျပ် ၃၀၄ ဒသမ ၁၀၄ ဘီလီယံဖြစ်ပါကြောင်း။

**အကျိုးရှိထိရောက်စွာအသုံးပြု**

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဒေသအတွင်းတွင် ရရှိမည့် ဘဏ္ဍာငွေအရင်းအမြစ်နှင့် ပြည်ထောင်စုမှ ခွဲဝေပေးထားသည့် ဘဏ္ဍာငွေများကို မိမိဒေသအတွက် အကျိုးရှိထိရောက်စွာ အသုံးပြုသွားကြရန် ဖြစ်ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်သည့်အပြင် ထုတ်ပြန်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်း၊ တင်ဒါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုများအပေါ် စိစစ်ခွင့်ပြုထားသော ဖြည့်စွက်ခွင့်ပြုငွေ ကျပ် ၃၀၄ ဒသမ ၁၀၄ ဘီလီယံနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအရ ပြည်ထောင်စုက ထပ်မံထောက်ပံ့ပေးရမည့် ငွေကျပ် ၅၉ ဒသမ ၅၁၈ ဘီလီယံတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတက ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြခဲ့သည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံမှုစာရင်း၊ ပြည်ထောင်စုမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ထောက်ပံ့ရမည့် ထောက်ပံ့ငွေ၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့အပေါ် ဆွေးနွေးကြပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စစ်ဆေးကြပ်မတ်ဆောင်ရွက်**

ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် လျာထားသည့် အသုံးစရိတ်နှင့် အမှန်တကယ်သုံးစွဲသည့် အသုံးစရိတ်များသည့် နီးစပ်မှု ရှိသင့်သည့်အပြင် သုံးစွဲသည့်အသုံးစရိတ်များသည် ပြည်သူကို ချက်ချင်းလက်ငင်း အကျိုးပြုနိုင်သည့် လုပ်ငန်းများဖြစ်ရန်၊ မိမိဒေသအတွက်နှင့် ဒေသခံပြည်သူများအတွက် ထိထိရောက်ရောက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများတွင် သုံးစွဲရန်၊ ပြည်ထောင်စုအနေနှင့် ခွဲဝေပေးသည့် အသုံးစရိတ်များကို ရုံးချုပ်က ချုပ်ကိုင်ထားခြင်းမျိုး မဖြစ်စေဘဲ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် အသုံးစရိတ်ကို စနစ်တကျစီမံခန့်ခွဲပြီး လုပ်ပိုင်ခွင့်များ ခွဲဝေပေးရန်၊ ထပ်မံခွဲဝေရရှိသည့် ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲကြသည့်အခါ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် အရည်အသွေးပြည့်မီစေရန် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန် လိုငွေနှင့် ဂျီဒီပီအချိုးကို ငါးရာခိုင်နှုန်းထက် ကျော်လွန်ခွင့်ပြုခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေမည့် လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ အသုံးစရိတ်ကို ပိုမိုတိုးမြှင့်သုံးစွဲထားပြီး တစ်ဖက်တွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ယခင်နှစ်များကထက် အသုံးစရိတ် ပိုမိုသုံးစွဲခဲ့ပါကြောင်း။

**ခွင့်ပြုငွေအတွင်းတွင် စိစစ်သုံးစွဲနိုင်**

ဌာန အဖွဲ့အစည်းများအနေဖြင့် မူလခန့်မှန်းခြေငွေစာရင်းတွင် တစ်နှစ်စာ ခွဲဝေချထားပေးပြီးဖြစ်သည့်အတွက် မိမိတို့ရရှိသည့် အသုံးစရိတ် ခွင့်ပြုငွေအတွင်းတွင် စိစစ်သုံးစွဲနိုင်ရန် အားထုတ်ကြိုးပမ်းသင့်ပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ တောင်းခံရန် မလိုအပ်လေကောင်းလေဖြစ်သည့်အတွက် တောင်းခံလာသည့် ဖြည့်စွက်ခွင့်ပြုငွေတိုင်းကိုလည်း ခွင့်ပြုပေးမည် မဟုတ်ကြောင်း၊ ရငွေအမှန်တကယ် ပိုမိုရရှိနိုင်ခြင်းမရှိဘဲ ဖြည့်စွက်ခွင့်ပြုငွေ ထပ်မံတောင်းခံလိုသည့်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ရငွေကို တိုးမြှင့်လျာထားခြင်းမျိုးများ မဖြစ်သင့်ပါကြောင်း၊ မူလခွင့်ပြုချက်ရရှိထားပြီး မဖြစ်မနေသုံးစွဲရန် ထပ်မံလိုအပ်သည့် အသုံးစရိတ်၊ နိုင်ငံတော်နှင့် ပြည်သူအတွက် ဦးစားပေးသုံးစွဲရမည့် အသုံးစရိတ်၊ အချိန်မီလည်း ပြီးစီးနိုင်မည့် အသုံးစရိတ်များကိုသာ ခွင့်ပြုပေးနိုင်မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအပေါ် အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက လျာထားချက်ပါ အသုံးစရိတ်များကို ထိရောက်စွာ သုံးစွဲအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် အသုံးစရိတ်များအတွက် ခွင့်ပြုချက်ရရှိပြီးပါက သုံးစွဲနိုင်မည့်ကာလသည် (၄) လခန့်သာရှိသည့်အတွက် လုပ်ငန်းပြီးပြတ်အောင် မဆောင်ရွက်နိုင်ပါက ပိုလျှံငွေပြန်အပ်ရသည့်အခါ ဘတ်ဂျက်လျာထားမှုစွမ်းရည် အားနည်းမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများအတွက်သာ တောင်းခံသင့်ပါကြောင်း၊ ရရှိထားသည့် ခွင့်ပြုငွေကို မသုံးစွဲနိုင်ပါက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးမရှိသလို လာမည့်ဘဏ္ဍာရေးနှစ်အတွက် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရန်လည်း အချိန်မီဆောင်ရွက်နိုင်ခြင်းရှိမည် မဟုတ်သည်ကို သတိပြုကြစေလိုပါကြောင်း၊ ဖြည့်စွက်ခွင့်ပြုငွေကို အခြားခေါင်းစဉ်တစ်ခုသို့ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခွင့် မရှိသလို ပြန်လည်အပ်နှံပါကလည်း ကြီးလေးသည့် ချွတ်ယွင်းချက်ဖြစ်ကြောင်း ဘဏ္ဍာရေးစည်းမျဉ်းတွင် ပြဆိုထားပါကြောင်း။

**အလေအလွင့်မရှိအောင်သုံးစွဲ**

ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေများရှိသည့် ဌာနများအနေဖြင့်လည်း အမှန်တကယ်ရရှိနိုင်မည့် ပမာဏကိုသာ ခန့်မှန်းလျာထားရန်နှင့် ပြည်ပအကူအညီများကို အချိန်ဇယားနှင့်အညီ ထုတ်ယူသုံးစွဲနိုင်အောင် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ပြည်ပချေးငွေများသည် ပြန်လည်ပေးဆပ်ရမည့် ငွေများဖြစ်သည့်အတွက် ဂရုစိုက်ပြီး အလေအလွင့်မရှိအောင် သုံးစွဲကြရန်လည်း လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဘဏ္ဍာရေးကော်မရှင်က ထောက်ခံတင်ပြထားသည့်အတိုင်း ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း နောက်ထပ်ခွဲဝေပေးသည့် ဘဏ္ဍာငွေများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိအောင် ထိရောက်စွာသုံးစွဲကြရန် အလေးအနက် ပြောကြားလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်

**နေပြည်တော် မေ ၇**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## သံအမတ်ကြီး ဦးမျိုးသန့်ဖေ အား မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးမျိုးသန့်ဖေ အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**

# ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်



ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)**

○ *ကျောဖုံးမှ*

ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်၊ ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာမင်းရဲပိုင်ဟိန်း၊ ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ တိုင်းဒေသကြီး နှင့်ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပသည့် ဗဟိုကော်မတီ အစည်းအဝေးသည် (၁၀)ကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်၏ ပထမအကြိမ် အစည်းအဝေးဖြစ်ပါကြောင်း။

### မရှိမဖြစ်လိုအပ်

ဒီမိုကရေစီ လူ့အဖွဲ့အစည်းတည်ဆောက်နိုင်ရေး၊ အစိုးရဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အရည်အသွေးပြည့်ဝပြီး တိကျ မှန်ကန်သည့် စာရင်းအင်းများသည် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်း ဖြစ်သည့်အတွက် အခြေခံစည်းမျဉ်းများနှင့်ကိုက်ညီပြီး ပွင့်လင်းမြင်သာစွာ ဆုံးဖြတ်ချက်ချမှတ်နိုင်သော အကျိုးရှိစွာဆန်းစစ်နိုင်သည့် စာရင်းအင်းများကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အချက်အလက်နှင့် မူဝါဒချိတ်ဆက်မှုသည် အလွန်အရေးပါသည့်အတွက် စာရင်းအင်း ထုတ်ပြန်သူနှင့် အသုံးပြုသူအကြား အပြန်အလှန်ဆွေးနွေးမှုများကိုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံတကာကတိကဝတ်များနှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) ကို အကောင်အထည်ဖော်ဆောင်နေကြသကဲ့သို့ မိမိတို့နိုင်ငံ၏ အခြေအနေနှင့် လျော်ညီသည့် ဖွံ့ဖြိုးမှု



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

လိုအပ်ချက်များကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan–MSDP) (၂၀၁၈–၂၀၃၀) ကို အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှုနှင့် ထိရောက်မှုများကို စောင့်ကြည့်အကဲဖြတ်နိုင်စေရေးအတွက် အမျိုးသား ညွှန်ကိန်းမူဘောင် (National Indicator Framework – NIF) တစ်ရပ် ပေါ်ထွက်လာစေရေးကို ဗဟိုစာရင်းအင်းအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလတွင် အမျိုးသားညွှန်ကိန်းမူဘောင် လုပ်ငန်းစဉ်သည် ညွှန်ကိန်းများ၏ တူညီသည့် အဓိပ္ပာယ်သတ်မှတ်ချက်၊ သဘောတရားနှင့် တွက်ချက်နည်းများပါဝင်သော အချက်အလက် Metadata များကို ဖော်ထုတ်နိုင်ရန်အဆင့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် တတိယအကြိမ်မြောက် Metadata အကောင်အထည်ပေါ်ပေါက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဗဟိုစာရင်းအင်းအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်ပြီးဖြစ်သည်ကို သိရှိရကြောင်း။

### တာဝန်ယူဆောင်ရွက်

မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ်သည် ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် စာရင်းအင်းစနစ် (Decentralized Statistical System)ဖြစ်သည့်အတွက် ယခု အမျိုးသားညွှန်ကိန်းမူဘောင်လုပ်ငန်းစဉ်တွင် ဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာညွှန်ကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အပိုင်းများအလိုက် တာဝန်ယူဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်

ထို့ပြင် အမျိုးသားညွှန်ကိန်းမူဘောင်တွင် ပါဝင်သည့် ညွှန်ကိန်းများသည် MSDP တွင် ပါဝင်သည့် စီမံကိန်းများ၏ Outputs Level, Outcomes Level မှသာမက Strategic Level, Impact Level အထိ တိုင်းတာနိုင်အောင် ရေးဆွဲထားခြင်းဖြစ်သည့်အတွက် အချို့ညွှန်ကိန်းများကိုတွက်ချက်ရာတွင် ဌာနတစ်ခုတည်းက တာဝန်ယူဆောင်ရွက်ခြင်းအပြင် ဌာနသုံးခု၊ လေးခု ပူးပေါင်းဆောင်ရွက်ရခြင်းများလည်း ပါဝင်သည့်အတွက် ဌာနများအကြား Cooperation and Coordination ကို ပိုမိုလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း၊ သို့မှသာ One Country, One Source, One Data ဖြစ်ပေါ်လာမည်ဖြစ်သကဲ့သို့ အစိုးရနှင့်ပြည်သူအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြားတွင် ခိုင်မာသည့် ယုံကြည်မှုများ တိုးမြင့်လာမည်ဖြစ်ပြီး ကောင်းမွန်သည့် User–provider Relationship ကို လျင်လျင်မြန်မြန် တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း။

### အပြန်အလှန်ယုံကြည်မှုရရှိရေး

ထို့ပြင် ဌာနဆိုင်ရာများအကြား စာရင်းအင်းလုပ်ငန်း ကိစ္စရပ်များ ချိတ်ဆက်ဆောင်ရွက်ရာတွင် အပြန်အလှန်ယုံကြည်မှုရရှိရေးနှင့် မှန်ကန်သည့် Data များ အချိန်မီရရှိစေရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ (၂)ရပ်လုံးအနေဖြင့် စာရင်းအင်းနှင့်သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများအားလုံး လိုက်နာကျင့်သုံးရမည့် အချက်များကို ပြုစုပေးထားသည့် စာရင်းအင်းဆိုင်ရာကျင့်ဝတ်(Code of Practice–CoP) တစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

နေသည်ကို သိရှိရပါကြောင်း။

စာရင်းအင်းနှင့် သက်ဆိုင်သူအားလုံး စာရင်းအင်းဆိုင်ရာကျင့်ဝတ်ကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများဆောင်ရွက်မည်ဆိုပါက Data သုံးစွဲသူများအနေဖြင့် နိုင်ငံတော်မှ ထုတ်ပြန်သည့် စာရင်းအင်းဆိုင်ရာအစီရင်ခံစာများနှင့် Data များကို ရာနှုန်းပြည့် ယုံယုံကြည်ကြည် ပိုမိုအသုံးပြုလာကြမည်ဖြစ်၍ ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝနေမှသာ မူဝါဒချမှတ်သူများ၊ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် လူမှု–စီးပွားသုတေသန ဆောင်ရွက်သူများ စသည်ဖြင့် အားလုံးအတွက်ချမှတ်သည့် ဖွံ့ဖြိုးမှု မူဝါဒများ၊ စီမံကိန်းများနှင့် စီးပွားရေး ဝန်းကျင်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်သည့်အပြင် ရှားပါးသည့် သယံဇာတများကို အကျိုးရှိထိရောက်သည့် ခွဲဝေမှုများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

### အကျိုးသက်ရောက်မှုရှိ

အမျိုးသား စာရင်းအင်းစနစ်ဖြစ်ပေါ်လာရေး ဆောင်ရွက်ရာတွင် အကျိုးရှိထိရောက်သော ရင်းနှီးမြှုပ်နှံမှု ဖြစ်စေရန် နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားမူဝါဒနှင့် မဟာဗျူဟာအပေါ် အကျိုးသက်ရောက်မှုရှိစေပြီး စာရင်းအင်း အသုံးပြုသူများ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ ရင်းမြစ်များနှင့် ဆက်စပ်မှုရှိရန် အရေးကြီးပါကြောင်း။

ပြည်သူလူထုထံမှ ရရှိလာသည့် အချက်အလက်များမှ လျှို့ဝှက်



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

ထိန်းသိမ်းထားရမည့် အချက်အလက်များကို ထိန်းသိမ်းထားရှိရန်၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်မှလွဲ၍ အခြားကိစ္စရပ်များတွင် အသုံးမပြုရန်နှင့် လိုအပ်သလိုရရှိလာသည့် အချက်အလက်များကို တရားဝင် စာရင်းအင်းအဖြစ် ကောက်ယူ၊ စုစည်း၊ တွက်ချက်၊ ထုတ်ပြန်သည့် အချိန်တွင်လည်း ခေတ်သစ်အမြင် နည်းလမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားစာရင်းအင်းစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရာတွင် ဗဟိုစာရင်းအင်းအဖွဲ့တစ်ခုတည်းဆောင်ရွက်၍ မရသည့်အတွက် ဌာနဆိုင်ရာများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် လေးလေးနက်နက် တိုက်တွန်းအပ်ပါကြောင်း။

### အလွန်ကြီးမား

ခိုင်မာသည့် အချက်အလက်များက အထောက်အထား အခြေပြုမူဝါဒအဖြစ် ပြောင်းလဲနိုင်ခြင်း “Evidence Based Policy” ဖြစ်သည့်အတွက် စာရင်းအင်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၏ ရလဒ်သည် အလွန်ကြီးမားသည့်အတွက် မိမိတို့နိုင်ငံ၏ အရင်းအနှီး လုပ်အားနှင့် အခြေခံအဆောက်အဦစသည်တို့သည် အကန့်အသတ်ဖြင့်တည်ရှိနေသည့် ရင်းမြစ်များဖြစ်သော်လည်း စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအတွက် တတ်နိုင်သမျှ ရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံး အသုံးချနိုင်ရန် အရေးကြီးသည့်အတွက် ကော်မတီဝင်များနှင့် လုပ်ငန်းအဖွဲ့များအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်



ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

အသွေးပြည့်ဝရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာရင်းအင်းအချက်အလက်များပြည့်စုံမှန်ကန်ရေးနှင့် ထုတ်ပြန်နိုင်ရေး၊ စာရင်းအင်းနည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ စာရင်းအင်းအချက်အလက်များကို ဌာနဆိုင်ရာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် စာရင်းအင်းဆိုင်ရာ အချက်အလက် စစ်တမ်းများကောက်ယူရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၁၉) ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုများ၊ လုပ်ငန်းအဖွဲ့များအလိုက် စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးတင်မြင့်၊ တိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၇ သို့*

# လူသစ်၊ စိတ်သစ် နှစ်သစ်ချိန်ခါ

═══ *သိန်းထွန်း(IR )* ═══

နွေဦးပေါက်သည်နှင့် နွေဦးတေးရှင် ဥဩငှက်ငယ်၏တေးသံတို့ ဟိုမှသည်မှ ကြားရလေပြီ။ ဥဩငှက်ငယ်၏ တေးသံတို့သည် နွေဦး၏သရုပ်ကို ပိုမိုကြည်နူးဖွယ် လွမ်းဆွတ်ဖွယ်အာရုံတို့ဖြင့် နိုးထလာစေ၏။ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေရန် သစ်ပင်ပန်းမန်တို့ နွေကိုအန်တုု၍ အားယူနေကြလေပြီ။ လေရူးမွှေနှောက် တပေါင်းလ ရောက်ချိန်တွင် ရာသီအစ နှစ်သစ်ကူးအခါသမယ စတင်ပေတော့မည်။ အညာနံနက်ခင်းသည် တမာရနံ့သင်းသင်းတို့ဖြင့် ဆွတ်ပျံ့ဖွယ်အညာရနံ့သည် ခွန်အားသစ်များ ပေးနေသည့်နှယ်။

နွေဦးကို သစ်ရည်တက်ချိန် သို့မဟုတ် ရွက်နုထွက်ချိန်ဟု ဆိုကြသည်။ သစ်ပင်ပန်းမန်တို့ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေကြသည်။ အဟောင်းအဟောင်းတို့ နေရာတွင် အသစ်အသစ်တို့ဖြင့် အစားထိုးနေရာယူကြ၏။ အင်အား အားသစ်များဖြင့် နှစ်သစ်အစ အားမာန်တင်းကြလေပြီ။ လောကသစ်ဖန်တီးနေကြသည်ကို ဘဝ၏ခွန်အားများအဖြစ် မြင်မိ၏။ လောကသုံးပါးဖြစ်သည့် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၏ ဘဝပန်းချီကားတစ်ချပ်နယ် စုတ်ချက် လှလွန်းလှပါ၏။

**ရုပ်အသစ်အကြေး၊ စိတ်အသစ်အကြေးဆေးကြောခြင်း**

ဥဩငှက်ငယ်တို့သည် နွေဦးကို နှစ်စဉ်မပျက်မကွက်ကြိုဆိုကြပါ၏။ သစ်ပင်ပန်းမန်တို့သည် နွေဦးတွင် အားသစ်လောင်းကြပါ၏။ သို့သော် မြန်မာတို့၏အဖွဲ့တွက်ကို ဖမ်းစားနိုင်လွန်းသည့် နှစ်ကူးကိုကြိုဆိုမည့် တူးပို့သံတို့ ယခုနှစ်တွင် မညံနိုင်လေတော့ပြီ။ သင်္ကြန်သည် သင်္ကန္တခေါ် ပါဠိဘာသာ၊ သင်္ကြန္တခေါ် သက္ကတဘာသာ တို့မှ ဆင်းသက်လာသည့် ဝေါဟာရဖြစ်ပြီး ကူးပြောင်းခြင်းဟု ဆိုသည်။ မြန်မာသက္ကရာဇ်အားဖြင့် တစ်နှစ်ကူးပြောင်းခြင်းလည်း ဖြစ်သည်။ ထိုနှစ်သစ်ကူးပြောင်းသည့် တန်ခူးလတွင် နှစ်ဟောင်းမှအညစ်အကြေးများကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ရန် နှစ်ကူးသင်္ကြန်ပွဲ သို့မဟုတ် နှစ်ကူးရေသဘင်ပွဲ ကျင်းပလာခဲ့ကြသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင်။ နှစ်သစ်တွင် အညစ်အကြေးများကို ဆေးကြောသန့်စင်ရန် သင်္ကြန်ပွဲကျင်းပသည်ဟု ဆိုရာ ရုပ်ပိုင်းအညစ်အကြေးများကိုသာမက စိတ်၏ အညစ်အကြေးများကိုလည်း ဆေးကြောကြရပေလိမ့်မည်။

ဆယ်ကျော်သက်အရွယ်ဆိုလျှင်ဖြင့် ဤအချိန်ဤကာလသည် နွေဦးလေရူးတွင် စိတ်တို့သည် အတိုင်းအဆမရှိ လွင့်မျောနေကြပေလိမ့်မည်။ အသိနှင့် သတိရှိလာသော အသက်အရွယ်တွင်ပင် ယင်းကာလ၌ စိတ်တို့ လွင့်ပျံ့လိုတတ်ကြသည်မှာလည်း လူ့လောကသဘာဝတစ်ခုနှယ်။

သင်္ကြန်သီချင်းများကြားရလျှင် ပို၍ဆိုးလှသည်။ အသက်ငယ်သည်၊ ကြီးသည်မဟူ ဂိမ်မာန ရာသီ၏ လွမ်းဆွတ်ဖွယ်တို့သည် တစ်နှစ်တည်းလည်းမဟုတ်။ နှစ်စဉ်မပျက် နှစ်သစ်ရောက်တိုင်းဟု ဆိုနိုင်ပါ၏။ ယခင်နှစ်ကူးကာလများတွင်တော့ နွေဦးသင်္ကြန်တို့သည် လွမ်းဆွတ်ဖွယ်၊ ကြည်နူးဖွယ်၊ ပျော်ရွှင်ဖွယ် အခါရက်များ ဖြစ်ခဲ့ကြပါ၏။ သို့သော် ယခုနှစ်တွင်မတော့ .....။

သင်္ကြန်၏ အမှတ်အသားတစ်ခုဖြစ်သော ပိတောက်ပန်းတို့သည်လည်း မိုးလေရာသီဥတု မမှန်၍လား၊ လူတို့၏ သစ္စာတရား အပြောင်းအလဲကြောင့်လားမသိ။ ပွင့်သည့်အချိန် ပုံမှန်မဟုတ်တော့သည်မှာ ကြာပြီ။ သဘာဝပန်းပိတောက်များ နေရာ တွင် ပလတ်စတစ်ပိတောက်များဖြင့် အစားထိုးနေရာယူနေသည်မှာ အလေ့တစ်ခု အလားပင်။ လူတို့၏ယဉ်ကျေးမှုသာမက သဘာဝတရားသည်ပင် ရွေ့လျော့လာခဲ့သည်မှာ မည်သူမပြု မိမိမှုဟု ဆိုရပေတော့မည်။ လူသားတို့၏ သစ္စာတရား၊ မေတ္တာတရား၊ မုဒိတာတရား၊ ဥပေက္ခာတရားတို့ လျော့နည်းလာမည်ဆိုပါက လောကအလှတရား၊ လောက သစ္စာတရားတို့ အဘယ်သို့ရှိနိုင်မည် မဆိုတတ်တော့ချေ။

သင်္ကြန်ဆိုသည်မှာ နှစ်သစ်ကူးရေသဘင်ပွဲတစ်ခုထက် ပိုသော အဓိပ္ပာယ်များရှိသည်ဟု ခံစားမိသည်။ နှစ်သစ်တစ်နှစ်သို့ကူးခြင်း၏ နောက်ကွယ်တွင် ရင့်ကျက်ခြင်း၊ တည်ငြိမ်ခြင်း၊ ပြည့်ဝခြင်းကဲ့သို့သော ဘဝအဓိပ္ပာယ်များ ရှိလာမည်ဆိုပါက မိမိကောင်းကျိုး၊ လောကကောင်းကျိုးများကို မျှော်မှန်းနိုင်ပါမည်။ သံသရာကောင်းကျိုး၊ လောကကောင်းကျိုးပြုရန် သီလ၊ သမာဓိ၊ ပညာ ဟူသည့် သိက္ခာသုံးပါးကို ကျင့်ကြံကြရပါ မည်။ သီလံသမာဓိပညာစ၊ ယဿ ဧတေသူဘာဝိတာ။ အတိက္ကမ္မမာရဓေယျံ၊ အာဒိစ္စောဝ ဝိရောစတိဟု ဘုရားဟောတော်မူခဲ့ပါသည်။

**အတ္တပရမ္မုတသောပညာဖြင့် အသိစိတ်ကိုထိန်း**

အဓိပ္ပာယ်မှာ အကြင်သူသည် အဓိသီလသိက္ခာဟု ဆိုအပ်သော သီလကိုလည်းကောင်း၊ အဓိစိတ္တသိက္ခာဟု ဆိုအပ်သော သမာဓိကိုလည်းကောင်း၊ အဓိပညာသိက္ခာဟုဆိုအပ်သော ပညာကို လည်းကောင်း၊ ဤသုံးပါးသော တရားတို့ကို ဆုံးခန်းတိုင်အောင် ကောင်းစွာပွားများအပ်ကုန်၏။ ယင်းသို့ပွားများသောသူသည် မာရ်မင်း၏ နိုင်ငံကိုလွန်မြောက်၍ နေမင်းကြီးကဲ့သို့ ထွန်းလင်းတင့်တယ်၏ဟု မှတ်သားခဲ့ရပါ၏။

သီလ၊ သမာဓိ၊ ပညာ ဟူသော သိက္ခာသုံးပါးတွင် ပညာသည် အရေးကြီးဆုံး ဖြစ်သည်။ ပညာအဆင့်ရောက်ရန် သမာဓိရှိရန်လိုအပ်သည်။ သမာဓိအဆင့်ရောက်ရန်မှာလည်း သီလရှိရန် လိုအပ်သည်။ သမာဓိရှိမှ ပညာအဆင့်ရောက်ရှိနိုင်သည်။ ပညာဖြစ်ပေါ်လာမှသာ သံသရာဝဋ်ဆင်းရဲမှလွတ်၍ နိဗ္ဗာန်သို့ရောက်နိုင်ပါမည်။ မိမိတို့ သည် လောကီကိစ္စများကိုစွန့်၍ လောကုတ္တရာသို့ မကူးပြောင်းနိုင်သေးမီ လောကရေးရာများတွင် ကျင်လည်ကြရပါဦးမည်။ ထိုသို့သော အချိန်တွင် အတ္တ၊ ပရ မျှတနေကြရန် လိုအပ်ပါလိမ့်မည်။ ပညာဖြင့် မိမိစိတ်ကို ထိန်းကြရပေမည်။ အသိကို သတိဖြင့် ထိန်းကြရပါမည်။

သင်္ကြန်ကာလတွင် ထူးခြားချက်တစ်ခုမှာ သင်္ကြန်ကာလအတွင်း လူ့ပြည်သို့ သိကြားမင်းဆင်းသည်ဟု ဆိုကြ၏။ လူ့ပြည်ဆင်းလာသော သိကြားမင်းကို အတာအိုးများဖြင့် ကြိုဆိုကြသည်။ သင်္ကြန်တွင်း သိကြားမင်းဆင်းလာသည်မှာ လူ့ပြည်တွင် ကောင်းသူ၊ မကောင်းသူများကို မှတ်တမ်းတင်ရန်ဟု ဆိုသည်။ ကောင်းသူများကို ရွှေပုရပိုက်တွင်ရေးမှတ်ပြီး မကောင်းသူများကို ခွေးသားရေပုရပိုက်တွင် ရေးမှတ်သည်ဟုလည်း ဆိုကြပါ၏။

ယခုတော့ သိကြားမင်းသည်လည်း မှတ်တမ်းသာ တင်နိုင်တော့သည့်အနေအထား ရှိမည်ထင်သည်။ ကောင်းသူများကို စောင့်ရှောက်ခြင်း၊ မကောင်းသူများကို အပြစ်ပေးခြင်းများ အားနည်းနေသည်။ သစ္စာတရားတို့ ပျက်ယွင်းနေလေပြီ။ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်လည်း တင်းတော့ဟန်မတူ။

မည်သူက ကောင်းသူ၊ မည်သူက မကောင်းသူဟူ၍ ခွဲခြားရန်ပင် ခက်ခဲလာသောကာလဟု ဆိုပါက လွန်အံ့မည်မထင်။ ဥဩငှက်ငယ်၏ သီကျူးသံသည် တေးသံလား၊ ငိုညည်းသံလား မဝေခွဲနိုင်။ ကောင်းမှု၊ မကောင်းမှုများဖြင့် ရောထွေးလာသည့် သတ္တလောက၏ စိတ်၊ စေတသိက်များကို သင်္ကြန်ရေဖြင့်ဆေးကြောရန် လိုအပ်ပေလိမ့်မည်။ လောဘ၊ ဒေါသ၊ မောဟ၊ အတ္တများကို နှစ်ဟောင်းတွင် ထားခဲ့ပြီး နှစ်သစ်တွင် လူသစ်၊ စိတ်သစ်များဖြင့် လောကကို အလှဆင်ကြမည်ဆိုလျှင် နတ်လူသာစုခေါ်ကြ ပေလိမ့်မည်။

**"နှစ်ဦးအခါသမယတွင် ကမ္ဘာကြီးဖျားနာနေပါ၏။ လူသားတို့ စိုးရိမ်မှုများ၊ သောကများ၊ ကျပ်တည်းမှုများဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး ရင်ဆိုင်နေကြရ၏။ ကပ်ရောဂါကြီးကို တိုက်ဖျက်နေကြရပါ၏။ ကမ္ဘာကြီးဖျားနာမှုသည် လူသားမရွေး၊ အဖြူအမည်းမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ နယ်မြေမရွေး၊ အချိန်မရွေး၊ ဆင်းရဲချမ်းသာမရွေးအားလုံးကို ဘောင်အကန့်အသတ်မဲ့ စိန်ခေါ်နေပါသည်။ လူသားတို့ကြောင့်ဖြစ်သော ကပ်ဘေးသည် လူသားတို့ကို စိန်ခေါ်လေပြီ။ ထိုစိန်ခေါ်မှုကာလသည်အတ္တနှင့် ပရလွန်ဆွဲကြရမည့် အချိန်မဟုတ်။ မေတ္တာအရင်းခံ၊ စေတနာအရင်းခံ၊ ကိုယ်ချင်းစာတရားအရင်းခံတို့ဖြင့် ကိုယ်စီကိုယ်စီ ဖြတ်သန်းကြမှသာ လူသားအကျိုး သယ်ပိုးနိုင်သောလူသားများ ဖြစ်လာပေလိမ့်မည်"**

ခွေးသားရေပုရပိုက်တွင် ပါခြင်း၊ မပါခြင်းထက် မိမိသမိုင်းကို မိမိတို့ကိုယ်တိုင် အမှားမရေးမိဖို့ အရေးကြီးသည်။ လူမှုဝန်းကျင်ကောင်းတစ်ရပ် တည်ဆောက်ရန် ဆိုသည်မှာ မိမိကိုယ်မိမိထိန်းကျောင်းခြင်းနှင့် လူမှုဝန်းကျင်မှ ထိန်းကျောင်းခြင်း လိုအပ်သည်ဟုဆိုသည်။ မိမိကိုယ်မိမိ ထိန်းကျောင်းရာတွင် ဘာသာတရား၊ ယဉ်ကျေးမှု အစဉ်အလာ၊ ဓလေ့၊ သီလ၊ ကျင့်ဝတ်စသည်တို့ပါဝင်ပြီး လူမှုဝန်းကျင်မှ ထိန်းကျောင်းမှုတွင် ဥပဒေအရ တိုက်တွန်းခြင်း၊ တားမြစ်ခြင်း၊ အပြစ်ပေးခြင်းတို့ ပါဝင်သည်။

ယဉ်ကျေးသည့်လူ့သဘောတွင်လည်း တစ်ပါးသူအား မထိခိုက်စေဘဲ မိမိလိုလားချက်များကို ဆောင်ရွက်ခြင်း ပါဝင်သည်။ မိမိကိုယ်ကိုကောင်းအောင် ဦးစွာကျင့်ကြံအားထုတ်ကြမှသာ လောကကို တည်ဆောက်သူများ၊ အလှဆင်သူများဟု ဆိုနိုင်ပါမည်။ လူ့လောကတွင် လူတိုင်းသည် ခြောက်ပစ်ကင်းသဲလဲစင် မဖြစ်နိုင်။ အနည်းနှင့်အများ အမှားရှိတတ်ကြ၏။ သို့သော်လည်း လူတစ်ဦးနှင့် တစ်ဦး၏ စိတ်ဓာတ်ရေးရာ အားနည်းခြင်း၊ အားသာခြင်းတို့၏ အကျိုးသက်ရောက်မှု အတိုင်းအတာသည်ကတော့ ထပ်တူနိုင်မည်ဟုမထင်။ သို့ဖြစ်ရာ ကိုယ်စီအသိတရားသည်သာ ဘဝဇာတ်ဆရာဟု ဆိုချင်ပါသည်။

**အကုသိုလ်စိတ်ကိုအသိပညာဖြင့် ဆေးကြောပါ**

ယခုအခါ နှစ်ဦးအခါသမယတွင် ကမ္ဘာကြီး ဖျားနာနေပါ၏။ လူသားတို့ စိုးရိမ်မှုများ၊ သောကများ၊ ကျပ်တည်းမှုများဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး ရင်ဆိုင်နေကြရ၏။ ကပ်ရောဂါကြီးကို တိုက်ဖျက်နေကြရပါ၏။ ကမ္ဘာကြီး ဖျားနာမှုသည် လူသားမရွေး၊ အဖြူအမည်းမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ နယ်မြေမရွေး၊ အချိန်မရွေး၊ ဆင်းရဲချမ်းသာမရွေး အားလုံးကို ဘောင်အကန့်အသတ်မဲ့ စိန်ခေါ်နေပါသည်။ လူသားတို့ကြောင့်ဖြစ်သော ကပ်ဘေးသည် လူသားတို့ကို စိန်ခေါ်လေပြီ။ ထိုစိန်ခေါ်မှု ကာလသည် အတ္တနှင့် ပရလွန်ဆွဲကြရမည့် အချိန်မဟုတ်။ မေတ္တာအရင်းခံ၊ စေတနာ အရင်းခံ၊ ကိုယ်ချင်းစာတရားအရင်းခံတို့ဖြင့်ကိုယ်စီကိုယ်စီ ဖြတ်သန်းကြမှသာ လူသားအကျိုးသယ်ပိုးနိုင်သောလူသားများ ဖြစ်လာပေလိမ့်မည်။ နှစ်သစ်အခါသမယ၌ သိကြားမင်းကြီး၏ ခွေးသားရေမှတ်တမ်းတွင် မည်သူတစ်ဦးတစ်ယောက်မျှ မပါဝင်စေလို။ ရွှေပုရပိုက်တွင် အားလုံးပါဝင်စေလိုပါ ၏။

မြန်မာတို့၏နှစ်သစ်ကို မြန်မာတို့၏စိတ်ရင်းဖြင့် အလှဆင်ကြမည်ဆိုလျှင် သာယာကြည်နူးဖွယ်နှစ်သစ်ကို နှလုံးစိတ်ဝမ်းအေးချမ်းစွာ မျှော်မှန်းရောက်ရှိနိုင်ပါလိမ့်မည်။ တစ်နေ့တခြား မြင့်မားလာသော လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန အကုသိုလ်စိတ်တို့သည် မြန်မာ့လူမှုဝန်းကျင်နှင့် အနာဂတ်မျိုးဆက်တို့အတွက် လှိုက်စားနေသည့် ကင်ဆာသဖွယ် မဖြစ်စေလိုပေ။ အကုသိုလ်စိတ်တို့ကို ပညာအသိတရားဖြင့် ဆေးကြော၍ လူသားအကျိုးသယ်ပိုးနိုင်ပါစေကြောင်း နှစ်သစ်ဆုတောင်း ရေးသားလိုက်ရပါသည်။ ။

## ဌာနဆိုင်ရာဝန်ထမ်း ၅၀၀ ကျော်အား သင်္ကြန်တွင်းသုံးရန် ငွေများလှူဒါန်း



**ရန်ကုန် မေ ၇**

ကြည့်မြင်တိုင်မြို့နယ် အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့အပါအဝင်ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံလုပ်သားများအား သင်္ကြန်ကာလအတွင်း စားသောက်ရေး ပိုမိုအဆင်ပြေစေရန်အတွက် ယမန်နေ့က ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းနေ သီဟသုဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်နှင့်ဇနီး ဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း မိသားစုက နှစ်စဉ်လှူဒါန်းမြဲဖြစ်သော သင်္ကြန်ဒါနအဖြစ် အလှူငွေများ ပေးအပ်ပွဲကို မဏိမေခလာလမ်းရှိ အောင်ရတနာသင်္ကန်းတိုက်၌ ပြုလုပ်သည်။

အလှူငွေများကို ကြည့်မြင်တိုင်မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်ကော်မတီနှင့်ရုံးဝန်ထမ်းများ၊ သန့်ရှင်းရေးဌာနဝန်ထမ်းများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ဗဟိုစံပြငါးဈေးရုံဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း၊ ငါးဒိုင်လုပ်သားများ စုစုပေါင်း၅၁၃ ဦးအတွက်တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၃၉၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

**တင်ဝင်းလေး**

## မိတ္ထီလာမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် သီးပင်ကုန်းဘုန်းကြီးကျောင်းသို့ သောက်သုံးရေများ လှူဒါန်း

**မိတ္ထီလာ မေ ၇**

မိတ္ထီလာမြို့ ကမ်းလင့်မယ့်လက်များ ပရဟိတ သွေးအလှူရှင်အသင်းက သောက်သုံးရေအခက်အခဲ ဖြစ်ပေါ်နေသည့် သီးပင်ကုန်းဘုန်းကြီးကျောင်းသို့ ယနေ့နံနက်ပိုင်းက သွားရောက်လှူဒါန်းသည်။

ကမ်းလင့်မယ့် လက်များ ပရဟိတသွေးအလှူရှင်အသင်းမှ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသည့် မိတ္ထီလာခရိုင်အတွင်းရှိ ဘုန်းကြီးကျောင်းများ၊ မိဘမဲ့ဂေဟာများနှင့် ရပ်ကွက်ကျေးရွာများသို့ သွားရောက်၍ သောက်သုံးရေများ လှူဒါန်းလျက်ရှိရာ သီးပင်ကုန်းကျေးရွာ ဘုန်းကြီးကျောင်းသို့ ငါးလီတာဆံ့ သောက်သုံးရေသန့်ဘူးကြီး ၂၀၀ ကို ကမ်းလင့်မယ့် လက်များ ပရဟိတ သွေးအလှူရှင်အသင်းမှ အဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ပြီး ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။

ထို့အပြင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် မုန်တိုင်ကျေးရွာအုပ်စု စည်ပင်သာကျေးရွာနှင့်ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင် ၃၀၆မိုင် ၂ ဖာလုံဘေးရှိ YGW မိဘမဲ့ကျောင်းသို့ ငါးလီတာဆံ့ သောက်သုံးရေသန့်ဘူး ၂၀၀ ကို သွားရောက်၍ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ်းလင့်မယ့်လက်များ ပရဟိတ သွေးအလှူရှင်အသင်းမှ သွေးအလှူရှင်လိုအပ်လာပါက အဖွဲ့ဝင်များ သွားရောက်လှူဒါန်းပြီး မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်ကျေးရွာများတွင် သောက်သုံးရေလိုအပ်၍ အကူအညီတောင်းခံလာပါလည်း သောက်သုံးရေများကို သွားရောက်လှူဒါန်းခြင်းအပြင် ကိုဗစ်- ၁၉ ရောဂါမဖြစ်ပွားစေရန်အတွက် ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ဦးဆောင်သူ ဦးအောင်ဆန်းက ပြောသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

*စာမျက်နှာ ၅ မှ*

ပြည်နယ်ဝန်ကြီးများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာရင်းအင်းကောက်ယူခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ စွမ်းအင်ဆိုင်ရာစာရင်းအင်းနှင့် စပ်လျဉ်းသည့် ဗဟိုကော်မတီ အစည်းအဝေး (၂/၂၀၁၉)ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှုများ၊ ပြည်သူ့အင်အားဆိုင်ရာ စာရင်းအင်းကောက်ယူရေး၊ အလုပ်သမားဆိုင်ရာ စာရင်းအင်းကောက်ယူရေးနှင့် လုပ်သားအင်အားစစ်တမ်းကောက်ယူရေးဆိုင်ရာများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ အခြေခံအဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး စာရင်းအင်းဆိုင်ရာများ၊ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဆိုင်ရာများ၊ သတင်းအချက်အလက်များ မှန်ကန်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ Social managment imformation system အကောင်အထည်ဖော်ရေးဆိုင်ရာများ၊ မေခရိစီးပွားရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငွေရေးကြေးရေး စာရင်းဆိုင်ရာများ၊ ဗဟိုဘဏ်နှင့် သက်ဆိုင်သည့် ညွှန်ကိန်းဆိုင်ရာများ၊ မွေးဖွားမှုနှင့် သေဆုံးမှု စာရင်းအင်းဆိုင်ရာများ၊ စာရင်းဇယားများ ကောက်ယူထိန်းသိမ်းရာတွင် ဝန်ကြီးဌာနများ အချင်းချင်း ဆက်စပ်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းအင်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာစာရင်းအင်းများ လုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့၊ စွမ်းအင်ဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု စာရင်းအင်းများဆိုင်ရာ လုပ်ငန်းအဖွဲ့၊ မေခရိစီးပွားရေး စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ငွေရေးကြေးရေးစာရင်းအင်း လုပ်ငန်းအဖွဲ့နှင့် လူဦးရေဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များက ကဏ္ဍအလိုက် စာရင်းအင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက စာရင်းအင်း အချက်အလက်များ ကောက်ယူခြင်း၊ စုစည်းခြင်း၊ ထုတ်ပြန်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အဆိုပါစာရင်းအင်း အချက်အလက်များသည် မူဝါဒ၊ လမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်နှင့် သုံးသပ်ချက်များ ချမှတ်နိုင်ရန်အတွက် အရည်အသွေးရှိရမည် ဖြစ်ပါကြောင်း၊ လတ်တလော ကြုံတွေ့နေရသည့် COVID-19 ကိစ္စနှင့် ပတ်သက်၍ သာမန်လက်လုပ်လက်စား မိသားစုများကို အခြေခံ စားသောက်ကုန်ထောက်ပံ့ရေး ဆောင်ရွက်ရာတွင်လည်း မိသားစုများကျန်လပ်ခြင်းမရှိစေရေးနှင့် စာရင်းထပ်မသွားစေရေးအတွက် ရပ်ကွက်ကျေးရွာအလိုက် လက်လုပ်လက်စား မိသားစုဝင်များ၏ စာရင်းအင်းများ ပြည့်ပြည့်စုံစုံရှိနေရန် လိုအပ်ပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် COVID-19 ကပ်ရောဂါကြောင့် လုပ်ငန်းကဏ္ဍအသီးသီးရှိ ထိခိုက်မှုစာရင်းများ ဖော်ထုတ်ကောက်ယူပြုစုကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ကောက်ယူထားသည့် စာရင်းများ မှန်ကန်မှသာ ကုစားနိုင်မည့် နည်းလမ်းများကို မှန်ကန်စွာ ဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း၊ အရေးပေါ်ကာလဖြစ်စေ၊ သာမန်ကာလဖြစ်စေ စာရင်းအင်းအရည်အသွေး ပြည့်ဝတိကျမှန်ကန်ခိုင်မာအောင် ဌာနအဖွဲ့အစည်းများအားလုံး ပွင့်လင်းမြင်သာမှုရှိစွာဖြင့် အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

ချေးငွေထုတ်ပေးမည့် အစီအစဉ်၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ ပေးဆောင်ရန် ကာလသတ်မှတ်ချက်အား ဖြေလျှော့ပေးသည့် အစီအစဉ်နှင့် ဘဏ်တိုးနှုန်းလျှော့ချပေးသည့် အစီအစဉ်တို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ချေးငွေလျှောက်ထားခြင်းကို စိစစ်ပေးလျက်ရှိပြီး ချေးငွေပထမအသုတ်ကို သင်္ကြန်မတိုင်မီ ထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် နိုင်ငံ၏ စီးပွားရေးအပေါ် ထိခိုက်မှုလျော့နည်းသက်သာစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အစီအစဉ်များကို ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာသူများက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ဆောလျင်စွာ ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ၊ လူမှုဖူလုံရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ဆောင်ရွက်ထားသည့် အစီအစဉ်များ၊ အရန်ရိက္ခာနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများတွင် ပေါ်ပေါက်နေသည့် အခက်အခဲများနှင့် ပတ်သက်၍ ဆက်လက်ညှိနှိုင်းပေးရန် ကိစ္စရပ်များနှင့် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းနှစ်ခုတို့နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်**

အစည်းအဝေးမှ ကိုဗစ်-၁၉ ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှုအများဆုံးခံစားရသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ထုတ်ချေးမည့် ပထမအသုတ် ချေးငွေအား သင်္ကြန်ရုံးပိတ်ရက်မတိုင်မီ ထုတ်ပေးရန်ဆုံးဖြတ်ခဲ့ပြီး ကျန်ရှိသည့် လျှောက်ထားသူများကိုလည်း ဆက်လက်ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၇**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ စေတနာရှင် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ တစ်ဦးချင်း အလှူရှင်များက အလှူငွေနှင့် ဆေးရုံသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် Unilever ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးတို့က လှူဒါန်းရသည့်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး (၂) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လှူဒါန်းမှုများအပေါ် ကျေးဇူးတင်စကားပြောကြားခဲ့ပြီး လှူဒါန်းသည့် လှူဒါန်းငွေများ၊ ဆေးနှင့်ဆေးပစ္စည်းကိရိယာများကို အကျိုးရှိထိရောက်စွာ အသုံးချသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး) နှင့် ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန)တို့က အလှူရှင်များ ပေးအပ်လှူဒါန်းမှုများကို လက်ခံခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ လှူဒါန်းပွဲတွင် ပညာရေးဝန်ကြီးဌာနက ငွေကျပ် ၃၇ သိန်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများက ငွေကျပ် ၁၉ သိန်း၊ ဦးမောင်ကြူ (OK ဂျုံမုန့်) + ဒေါ်သန်းသန်းဌေး၊ သား၊ သမီး၊ မြေးများနှင့် ဝန်ထမ်းများက ငွေကျပ်သိန်း ၁၁၀၀၊ ဦးဝင်းမြင့်မောင် မိသားစုနှင့် သူငယ်ချင်းမိသားစုများက ငွေကျပ်သိန်း ၅၀၀၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းက ငွေကျပ်သိန်း ၁၀၀၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)နှင့် စေတနာရှင်များက ငွေကျပ်သိန်း ၁၀၀၊ ဦးအောင်လင်း+ဒေါ်စန်းစန်းမြင့်သား ဦးမျိုးသန့်၊ ဒေါက်တာဇေယျာလင်း၊ မင်းထင်ပဲငံပြာရည်လုပ်ငန်းက ငွေကျပ်သိန်း ၂၀၀၊ Unilever ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၂၂၀၀ ခန့်တန်ဖိုးရှိ သန့်ရှင်းရေးသုံးပစ္စည်းများ၊ RVK ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀ ခန့်တန်ဖိုးရှိ ဆေးပစ္စည်းများ၊ Nebular ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ Mask ၁၅၀၀၀၊ စော်ဘွားလေးဘိုဘိုမောင် မိသားစုမှ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံ ၄၀ နှင့် လက်သန့်စင်ဆေးရည်များ၊ ဦးအောင်ဇော်ဝင်း မိသားစုက ငွေကျပ် ခုနစ်သိန်းခန့်တန်ဖိုးရှိ Mask ၂၀၀၀၊ Access Spectrum က ငွေကျပ် ၆၆ သိန်းခန့်တန်ဖိုးရှိ Hand Speaker ၆၀၀၊ Mr. Fahmid Bhulya (PGMF) က ငွေကျပ် ၁၀ သိန်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများက ငွေကျပ် ၁၅ သိန်း၊ Miniso ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၂ ဒသမ ၇၅ သိန်းတန်ဖိုးရှိ Surgical Mask and N95 Mask များ၊ MT Golden Denise – on Board Myanmar Seafarers & Friends က အမေရိကန်ဒေါ်လာ ၁၀၅၀၊ Light House မှ ကိုထွန်းဝင်းအောင်နှင့် မောင်နှမများက ငွေကျပ် ၁၀ သိန်း၊ ၁၉၈၂ ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘွဲ့ ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၅ သိန်း၊ AA Medical က ငွေကျပ် ၁၂၇ သိန်းခန့်တန်ဖိုးရှိ Oxygen Concentrator ၂၀၊ ဟန်စိန်သန့် ကုမ္ပဏီက ငွေကျပ်သိန်း ၁၅၀ တို့ကို လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အလှူရှင်များ၏ လှူဒါန်းငွေများအား လက်ခံရယူစဉ်။

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ NEP စီမံကိန်း-အသေးစားဓာတ်အားစနစ်စီမံကိန်းကျေးရွာများအတွက် ဓာတ်အားခလျှော့ချပေးမည်

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် NEP စီမံကိန်း (မဟာဓာတ်အားလိုင်းပြင်ပစနစ်) (Off-Grid) အစီအစဉ်အရ ဆောင်ရွက်ထားရှိသည့် အသေးစားဓာတ်အားစနစ် စီမံကိန်းကျေးရွာများရှိ ကျေးလက်နေပြည်သူများ သက်သာသောနှုန်းထားဖြင့် လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဓာတ်အားခနှုန်းထားများ လျှော့ပေါ့သတ်မှတ်ပေးရန် Mini-Grid Developer ကုမ္ပဏီများအား မေတ္တာရပ်ခံတိုက်တွန်းခဲ့ရာ Mini-Grid Developer ကုမ္ပဏီများကလည်း ဓာတ်အားခများအား အောက်ဖော်ပြပါအတိုင်း လျှော့ပေါ့သတ်မှတ်ပေးခဲ့ကြောင်း အသိပေးအပ်ပါသည် -

| စဉ် | ကုမ္ပဏီအမည် | ကျေးရွာ အရေအတွက် | ဓာတ်အားဝန်ဆောင်ခ (မီတာခ) လျှော့ရမည့်ပုံစံ | ကာလ | |
|---|---|---|---|---|---|
| | | | | မှ | ထိ |
| ၁ | Mango Energy Co., Ltd | ၄ | အိမ်သုံးနှင့် အများပြည်သူသုံးအဆောက်အဦများအတွက် 10% Discount | ၁.၄.၂၀၂၀ | ၅.၅.၂၀၂၀ |
| ၂ | Innovative System Co.,Ltd | ၁ | 50% Bonus for Top-up Card | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၃ | Mega Global Green Automation Co.,Ltd | ၆ | 10% Bonus Bonus for Top-up Card၊ အများပြည်သူသုံးအဆောက်အဦများအတွက် (၁၀၀) ယူနစ် အခမဲ့ | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၄ | Pro Engineering Co.,Ltd | ၅ | အိမ်သုံးအတွက် 25% Discount၊ အများပြည်သူသုံးအဆောက်အဦ (အခမဲ့) | ၇.၄.၂၀၂၀ | ၇.၅.၂၀၂၀ |
| ၅ | Talent and Technology Co.,Ltd | ၄ | အိမ်သုံးအတွက် 10% Discount အများပြည်သူသုံးအဆောက်အဦများအတွက် 30% Discount | ၇.၄.၂၀၂၀ | ၇.၅.၂၀၂၀ |
| ၆ | Mandalay Yoma Energy Co.,Ltd | ၇ | အိမ်သုံးနှင့် အများပြည်သူသုံးအဆောက်အဦများအတွက် 50% Discount | ၁၀.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၇ | Techno-Hill Co.,Ltd | ၆ | 50% Bonus for Top-up Card၊ အများပြည်သူသုံး အဆောက်အဦများအတွက် (၁၀၀) ယူနစ်အခမဲ့ | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၈ | Kyocera Communication Systems Kinetic Myanmar Co.,Ltd | ၂ | အိမ်သုံးနှင့် အများပြည်သူသုံးအဆောက်အဦများအတွက် ၅ ယူနစ် အခမဲ့ | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၉ | Royal Htoo Lin Co.,Ltd | ၁ | အိမ်သုံးနှင့် အများပြည်သူသုံးအဆောက်အဦများအတွက် ၅ ယူနစ် အခမဲ့ | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၁၀ | Parami Energy Company | ၉ | အိမ်သုံးနှင့် အများပြည်သူသုံးအဆောက်အဦများအတွက် ၁၀ ယူနစ်အခမဲ့ | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| ၁၁ | Kinetic Myanmar Co.,Ltd | ၁ | 50% Bonus for Top-up Card | ၁.၄.၂၀၂၀ | ၃၀.၄.၂၀၂၀ |
| | စုစုပေါင်း | ၄၆ | | | |

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာ ပါမောက္ခများ၊ အထူးကု ဆရာဝန်ကြီးများနှင့် ဆွေးနွေး



နေပြည်တော် မေ ၇

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက် ၁၀ နာရီတွင် အင်တာနက်ကွန်ရက်အသုံးပြု Video Conferencing ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးသည်။ (ယာပုံ)

ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်သူများက လှူဒါန်းငွေ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများ လှူဒါန်းနေခြင်းသည် ရှေ့တန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုများ၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဝန်ထမ်းများအတွက် လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေစေရေးနှင့် လုပ်ငန်းလုံခြုံမှုရှိစေရေးအတွက် များစွာအထောက်အကူပြုပါကြောင်း။

ယခုအချိန်၌ အဓိကလုပ်ဆောင်ရမည့် အချက် (၅) ချက်ဖြစ်သော - (က) အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုရာနေရာ (quarantine site) များကို စနစ်တကျစီမံခန့်ခွဲခြင်း၊ (ခ) မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် လက်ကိုင်အသံချဲ့စက်ငယ်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း၊ (ဂ) အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရောဂါဖြစ်ပွားသူနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းခြင်း၊ (ဃ) ရောဂါဖြစ်သူနှင့် အနီးကပ်ထိတွေ့သူများ၊ သံသယလူနာများအားလုံးကို COVID-19 ဓာတ်ခွဲစစ်ဆေးခြင်း၊ (င) ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ဆေးရုံးများအနေဖြင့် မိမိတို့နေ့စဉ်နှင့် အပတ်စဉ် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အားနည်းချက်၊ လိုအပ်ချက်များရှိပါက မွမ်းမံပြင်ဆင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယခုရက်ပိုင်းမှစ၍ ကိုဗစ်-၁၉ ဓာတ်ခွဲစမ်းသပ်မှုများကိုလည်း အရေအတွက်ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ပြီး Rapid Diagnostic Test Kit များ သုံးရန်ကိုလည်း လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများ ထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ဓာတ်ခွဲနမူနာများ ပို့ဆောင်ရာတွင် ဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ မော်တော်ယာဉ်များကို စနစ်တကျ ချိတ်ဆက်၊ ဆက်သွယ်ပို့ဆောင်သွားမည် ဖြစ်ပါကြောင်း၊

ဝန်ကြီးဌာနရှိ အခြားကျန်းမာရေးစီမံချက်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်မှုများ နှောင့်နှေးမှုမရှိစေရေး ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်စနစ် ကောင်းမွန်စေရေးတို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကို အကြောင်းပြု၍ ကျန်ကျန်းမာရေးစီမံချက်များဆောင်ရွက်မှု လုံးဝမနှောင့်နှေးစေရန် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက တာဝန်ယူရမည်ဖြစ်ပါကြောင်း၊ ယနေ့ အစည်းအဝေးတွင်လည်း လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုသာ လိုရင်းတိုရှင်း တင်ပြသွားရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆရာဝန်ကြီးများ၊ ဆေးပညာနှင့် အပူပိုင်းဆေးပညာ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများက အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ စီမံဆောင်ရွက်နေမှုများနှင့် တွေ့ကြုံရသော အခက်အခဲများ၊ အောင်မြင်စွာဆောင်ရွက်နေမှုများ၊ လိုအပ်ချက်များ၊ အထူးကြပ်မတ်ကုသမှုကုထုံးနှင့် အသက်ရှူစက်အသုံးပြုမှု မွမ်းမံသင်တန်းများကို ပြုလုပ်နေမှုနှင့် ဆက်လက်၍ ပိုမိုလုပ်ဆောင်မည့် အစီအစဉ်များ၊ Clinical Management အဖွဲ့မှ ကုသမှုပိုင်းဆိုင်ရာ ဆွေးနွေးထားရှိမှုများအပါအဝင် ကိစ္စရပ်များကို အတွေ့အကြုံဖလှယ်၍ ဆွေးနွေးပြောကြားခဲ့ကြသည်။

သတင်းစဉ်

## ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင်ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Community Based Facility Quarantine)နှင့် အခြား Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအတွက် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာချက်

ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန် ၁၄ ရက်တာ အသွားအလာကန့်သတ်ခြင်း (သို့) တားမြစ်ခြင်း တို့ဆောင်ရွက်ရာတွင် သီးခြားခွဲခြားနေထိုင်ရခြင်းနှင့် ဆက်စပ်သော အကြောင်းများကြောင့် Quarantine အစီအစဉ်များတွင် ပါဝင်နေသူများအနေဖြင့် စိတ်ဖိစီးမှုများ ခံစားရနိုင်ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိရာ နှစ်သိမ့်ဆွေးနွေးမှုခံယူလိုသူများအနေဖြင့် မိမိတို့ကိုယ်တိုင်စိတ်ချယုံကြည်စွာ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်းကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ဤအစီအစဉ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြင့် ဆက်သွယ်ရေးအော်ပရေတာများ ဖြစ်ကြသော MPT, Mytel, Telenor နှင့် Ooredoo တို့က COVID-19 ကူးစက်ကပ်ရောဂါဘေး ရင်ဆိုင်နေရစဉ်ကာလအတွင်း အခမဲ့ဝန်ဆောင်မှုပေးမည် ဖြစ်ပါသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူသူများ၏ သတင်းအချက်အလက်မပေါက်ကြားရေးကို အထူးအလေးထားကာကွယ်ပေးသွားမည်ဖြစ်ပြီး အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန်လိုအပ်ပါက ဆက်လက်ညွှန်းပို့ချိတ်ဆက်ပေးသွားမည် ဖြစ်ပါသည်။

ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဖော်ပြထားပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ**

| စဉ် | တိုင်း/ပြည်နယ် | MPT | Mytel | Telenor | Ooredoo |
|---|---|---|---|---|---|
| ၁။ | ကချင် | 09-889900011 | 09-661015555 | 09-770771000 | 09-980000101 |
| ၂။ | ကယား | 09-889900022 | 09-661025555 | 09-770772000 | 09-980000102 |
| ၃။ | ကရင် | 09-889900033 | 09-661035555 | 09-770773000 | 09-980000103 |
| ၄။ | ချင်း | 09-889900044 | 09-661045555 | 09-770774000 | 09-980000104 |
| ၅။ | စစ်ကိုင်း | 09-889900055 | 09-661055555 | 09-770775000 | 09-980000105 |
| ၆။ | တနင်္သာရီ | 09-889900066 | 09-661065555 | 09-770776000 | 09-980000106 |
| ၇။ | ပဲခူး | 09-889900077 | 09-661075555 | 09-770777000 | 09-980000107 |
| ၈။ | မကွေး | 09-889900088 | 09-661085555 | 09-770778000 | 09-980000108 |
| ၉။ | မန္တလေး | 09-889900099 | 09-661095555 | 09-770779000 | 09-980000109 |
| ၁၀။ | မွန် | 09-889911177 | 09-661105555 | 09-770771001 | 09-980000117 |
| ၁၁။ | ရခိုင် | 09-889911188 | 09-661115555 | 09-770771100 | 09-980000118 |
| ၁၂။ | ရန်ကုန် | 09-889911122 | 09-661125555 | 09-770770001 | 09-980000112 |
| ၁၃။ | ရှမ်း | 09-889911133 | 09-661135555 | 09-770770010 | 09-980000113 |
| ၁၄။ | ဧရာဝတီ | 09-889911144 | 09-661145555 | 09-770770011 | 09-980000114 |
| ၁၅။ | နေပြည်တော် | 09-889911155 | 09-661155555 | 09-770770099 | 09-980000115 |
| | ရုံးချုပ် | 09-889911166 | 09-661005555 | 09-770770100 | 09-980000116 |

## လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အကူအညီရယူဆောင်ရွက်ရန်လိုအပ်ပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူလယ်သမားများ နွေနှင့်မိုးစပါးစိုက်ပျိုး ထွန်ယက်ခြင်းနှင့် ထွက်ရှိလာသော သီးနှံများ ရိတ်သိမ်းခြွေလှေ့ချိန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနမှ လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ပျဉ်းမနားမြို့နယ်တွင် သမဝါယမအသင်းစုချုပ်၏ လယ်ယာဝန်ဆောင်မှုအသင်းနှင့် လယ်ဝေးမြို့နယ်တွင် လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တောင်သူဦးကြီးများအနေဖြင့် မိမိတို့၏လယ်ယာလုပ်ငန်းများမှထွက်ရှိလာမည့် စပါးများ ရိတ်သိမ်းခြွေလှေ့လိုလျှင် လည်းကောင်း၊ ရာသီအမီစိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်မှုများ ပြုလုပ်လိုလျှင်လည်းကောင်း ဝန်ဆောင်မှုသမဝါယမအသင်းများမှ သင့်လျော်သောဈေးနှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

ဒုတိယညွှန်ကြားရေးမှူး - ၀၉-၂၆၂၇၅၈၃၆၅ / ၀၉-၇၉၆၉၂၉၈၁၈

လက်ထောက်ညွှန်ကြားရေးမှူး - ၀၉-၂၅၆၀၈၈၅၂၅

ဦးကျော်ဆန်း (အတွင်းရေးမှူး) - ၀၉-၄၂၀၇၅၀၁၈၄

အသင်းစုချုပ်လယ်ယာဝန်ဆောင်မှုကော်မတီ (ပျဉ်းမနား)

ဦးသန်းနွဲ့ (အတွင်းရေးမှူး) - ၀၉-၇၉၈၃၄၃၆၂၂

လယ်ဝေးမြို့နယ်သမဝါယမအသင်းစု

ဦးစိုးဝင်းသန်း (အတွင်းရေးမှူး) - ၀၉-၇၉၉၁၉၉၄၄၅ / ၀၉-၄၂၀၇၇၀၁၁၅

လယ်ဝေးမြို့နယ်လယ်ယာဝန်ဆောင်မှုအသင်း

**သမဝါယမဦးစီးဌာန**

## "သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး

**ရန်ကုန် ဧပြီ ၇**

"သင်္ကြန်ရင်ခုန်သံ" အစီအစဉ်အဖြစ် "သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရုပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှတစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (FDC) မှ တာဝန်ရှိသူများ ပူးပေါင်း၍ စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။



"သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ရိုက်ကူးနေစဉ်။

ထိုသို့ ရိုက်ကူးရာတွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က အစီအစဉ်မှူးအဖြစ် ပါဝင်ဆောင်ရွက်ပြီး "စိန်ငွေး" ရုပ်ရှင်ထုတ်လုပ်ရေး၏ "သင်္ကြန်ဝေးဝေး" ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူ ဦးဝင်းကြည်၊ ဒါရိုက်တာ အကယ်ဒမီ ညွန့်မြန်မာညီညီအောင်၊ သရုပ်ဆောင် အကယ်ဒမီ ခန့်စည်သူနှင့် သရုပ်ဆောင် အကယ်ဒမီ နွဲ့နွဲ့စန်း တို့က သင်္ကြန်ကို ချစ်မြတ်နိုးသဖြင့် ကျော်အောင်မော်၏ ရုပ်ပြဇာတ်လမ်းကို ရုပ်ရှင်ကားကြီးအဖြစ် ရိုက်ကူးခဲ့ပုံနှင့် ရိုက်ကူးစဉ် အမှတ်တရများ သင်္ကြန်သီချင်းများ၏ မြူးကြွပုံ၊ ဇာတ်ဝင်ခန်းများအလိုက် ပီပြင်အောင် သရုပ်ဆောင်ခဲ့မှုများ၊ သင်္ကြန်တွင်း၌ သေဆုံးခဲ့မှုအပေါ် ရိုးရာဓလေ့နှင့်အညီ သင်္ကြန်မပြီးခင် သင်္ဂြိုဟ်ခဲ့ပုံ၊ ဇာတ်သိမ်းခန်း ဇာတ်ဝင်တေးကို သီးသန့်ရေးသား ရိုက်ကူးခဲ့ပုံတို့ကို ဆွေးနွေးကြသည်။

အဆိုပါ သင်္ကြန်ရင်ခုန်သံစကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**နီနီမျိုး (FDC)**

## ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပန်းဥယျာဉ်များအားလုံးကို သင်္ကြန်ရုံးပိတ်ရက်ကာလများတွင်လည်း ဆက်လက်ဖွင့်လှစ်ထားမည်

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပန်းဥယျာဉ်များအားလုံးကို သင်္ကြန်ရုံးပိတ်ရက်ကာလများတွင်လည်း ဆက်လက်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း တာဝန်ယူ ထိန်းသိမ်းလျက်ရှိသော ပန်းဥယျာဉ်ပေါင်း ၆၁ ခြံရှိပြီး နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သင်္ကြန်ရုံးပိတ်ရက် ကာလများ၌ ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ကိုဗစ် -၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ပြည်သူအများစုမှာ ယခင်ကကဲ့သို့ ပန်းခြံများအတွင်း သွားရောက် အပန်းဖြေအနားယူခြင်းများ မရှိသလောက် နည်းပါးသွားကြောင်း သိရသည်။

ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအနေဖြင့် ရန်ကုန်မြို့တော်အတွင်းရှိ စည်ပင်သာယာပိုင်ပန်းခြံ၊ ပန်းဥယျာဉ်များနှင့် ကလေးအားကစားကွင်းများကို ပြုစုထိန်းသိမ်း မွမ်းမံပေးခြင်း၊ အသစ်တိုးချဲ့တည်ဆောက်ပေးခြင်း၊ ရှုချင်စဖွယ်ပန်းအလှနှင့် ရာသီပန်းများ စိုက်ပျိုးပေးခြင်း၊ ကလေးအားကစားကွင်းများ ဖန်တီးပေးခြင်း၊ ကလေးကစားစရာပစ္စည်းများ တီထွင်တပ်ဆင်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အန္တရာယ်ဖြစ်စေမည့် သစ်ပင်အိုကြီးများနှင့် သစ်ကိုင်းသစ်ခက်များကို ခုတ်လှဲဖယ်ရှားပေးခြင်း၊ လိုအပ်သည့် နေရာများကို ဖြည့်စွက်စိုက်ပျိုးပေးခြင်း၊ လမ်းဆုံအဝိုင်းကြီးများနှင့် တြိဂံကျွန်းများနှင့် လမ်းလယ်ကျွန်းတို့တွင် စိမ်းလန်းစိုပြည်သော သစ်ပင်များ၊ မြက်ပင်များ၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ရာသီအလိုက် သစ်ပင်ပန်းပင်များနှင့် ရာသီပန်းများကို ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်းနှင့် မျိုးပွားပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ – သန့်ဇင်ဝင်း**



ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ အပန်းဖြေအနားယူစရာ နေရာကို တွေ့မြင်ရစဉ်။

## "ပြည်သူသာလျှင် အဓိက"

❈ တစ်ယောက်ကောင်းမှ အားလုံးကောင်းမည်
အားလုံးကောင်းမှ တစ်ယောက်ကောင်းမည်
ပြည်သူသာလျှင် အဓိက။

❈ ကပ်ရောဂါ
ဖြတ်သောအခါ
ကြုံလာတဲ့ စိန်ခေါ်မှု
အခွင့်အလမ်းဟု မှတ်ယူ
လူ လူချင်း စာနာမှု
လူ လူချင်း ညှာတာမှု
လူ လူချင်း ကူညီမှု
တူညီပြု အသိတရားနဲ့
အရှိတရားကို
သတိထားလို့ ရင်ဆိုင်
ပြည့်မဏ္ဍိုင်သည် ညီညွတ်ခြင်း။

❈ ညီညွတ်ခြင်းသည် အင်အား
စည်းလုံးခြင်းသည် ခွန်အား
မြန်မာများရဲ့ အသားထဲ အသွေးထဲ
စွဲမြဲခံယူ
ပြည်သူအားလုံး ဘေးကင်းဖို့
တစ်ဦးချင်းစီ ကောင်းမှ
အားလုံးကောင်းမည်
အားလုံးကောင်းမှ
တစ်ဦးချင်းစီ ကောင်းမည်
ပြည်သူသာလျှင် အဓိက။
ကိုယ်စီအသိနဲ့ ခံယူကြ။
သွေးချင်းဝိသ ဒို့ဗီဇ။

**မျိုးမြတ်မြတ်မြင့်မောင်**

## မဟာသင်္ကြန်ရုံးပိတ်ရက်များအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို အချိန်ပိုဆောင်ရွက်ပေးမည်

**ရန်ကုန် ဧပြီ ၇**

စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် လေဆိပ်၊ ရေဆိပ်၊ နယ်စပ် ဝင်/ ထွက် ပေါက်စသည်တို့တွင် အကောက်ခွန်ဆိုင်ရာလုပ်ငန်းများကို အချိန်ကြာမြင့်မှုမရှိစေရန် အလေးထား ဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သော ဧပြီ ၁၀ ရက်၊ ၁၃ ရက်နှင့် ၁၆ ရက်များတွင် အကောက်ခွန်လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧပြီ ၁၀ ရက်၌ ဆိပ်ကမ်းများအားလုံး အချိန်ပိုဆောင်ရွက်ပေးမည်ဖြစ်ပြီး ဧပြီ ၁၃ ရက်နှင့် ၁၆ ရက်များတွင် ဆိပ်ကမ်းလုပ်ငန်းများသာမက ရုံးလုပ်ငန်းများပါ အချိန်ပိုဆောင်ရွက်ပေးမည်ဖြစ်ရာ အချိန်ပိုဆောင်ရွက်ပေးမည့်အချိန်မှာ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိဖြစ်ကြောင်း။

အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် Myanmar Automated Cargo Clearance System (MACCS) စနစ်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သောကြောင့် ဘဏ်ဖွင့်ရက်များတွင် စနစ်အတွင်းသို့ တင်သွင်း/ တင်ပို့မည့် ပစ္စည်းများအတွက် ကျသင့်အခွန်အခများ ပေးဆောင်ရန် Deposit ငွေအား လုံလုံလောက်လောက် ကြိုတင်ထည့်သွင်း ထားရမည်ဖြစ်ကြောင်း။

လေဆိပ် Export လုပ်ငန်းများ ဆောင်ရွက်ခြင်းကို Mingalardon Cargo Services (MCS) မှ လေကြောင်းခရီးစဉ်ရှိပါက တစ်ရက်ကြိုတင်၍ အကောက်ခွန် တာဝန်ခံ (ထုတ်/ သွင်း)/ (ကာကွယ်ရေး) သို့အကြောင်းကြားပြီး လေယာဉ်ရောက်ရှိသည့်အချိန်တွင် တာဝန်ကျဝန်ထမ်းများမှ အချိန်ပိုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လေဆိပ် Import လုပ်ငန်း ဆောင်ရွက်လိုပါက Airport Direct Delivery (APDD)ဖြင့် ညွှန်ကြားရေးမှူး (ထုတ်ကုန်/ သွင်းကုန် ကြီးကြပ်ရေးဌာနခွဲ) ထံ ကြိုတင်ခွင့်ပြုချက်တောင်းခံပြီး၊ ခွင့်ပြုချက်ရရှိထားသည့် ကုန်ပစ္စည်းများကို ကတိဝန်ခံချက်လျှောက်လွှာ (Under Taking)ဖြင့် လေဆိပ်တာဝန်ကျအရာရှိမှ တာဝန်ယူစိစစ်၍ ပစ္စည်းထုတ်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ပါ၍ အချိန်ပိုလုပ်ငန်း ဆောင်ရွက်လိုသူများအနေဖြင့် အချိန်ပို ဆောင်ရွက်လိုသည့်ရက်ကို ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူး (ထုတ်ကုန်/ သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ)ထံ လျှောက်ထားသွားရန်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်

**နေပြည်တော် ဧပြီ ၇**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းမူမြို့၊ မြင်းခြံမြို့၊ ရမည်းသင်းမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် ဓနုဖြူမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ०၈ လက်မ ဖြစ်သည်။

**မိုး/ဇလ**

# Mahar Mobile Application မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ ပြသလျက်ရှိ

**နေပြည်တော် မေ ၇**

ABC Content Solution Co.,Ltd (Mahar Mobile Application) မှ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား နှစ်ထောင်ကျော် တစ်လတာ အခမဲ့ပြသလျက်ရှိသည်။

ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်သူများ နေအိမ်တွင် နေထိုင်ကြရန် နှိုးဆော်ထားစဉ် ပြည်သူများ စိတ်အပန်းပြေစေရေးနှင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်ရေးကို အထောက်အကူပြုနိုင်ရန် Mahar Mobile Application မှ စုဆောင်းထားသည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကား လေးထောင်ကျော်အနက်မှ နှစ်ထောင်ကျော်ကို တစ်လတာ အခမဲ့ပြသနေသည်။ အဆိုပါ ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို မေ ၃၀ ရက် အထိ တစ်လတာ ကြည့်ရှုခွင့် Promo Code အရေအတွက်ပေါင်း သုံးသန်းကို ယင်းကုမ္ပဏီက လှူဒါန်းပေးဝေလျက်ရှိရာ Mahar Mobile App – Code နံပါတ် 230320 ဖြည့်စွက်၍ အခမဲ့ ကြည့်ရှုနိုင်သည်။

ပြသလျက်ရှိသည့် ရုပ်ရှင်ဇာတ်ကားများအနက် အချို့မှာ –

| No | Code No | M Title | Actor | Actress | Remark |
|---|---|---|---|---|---|
| ၁ | atr–0064 | "နှစ်ပင်လိမ်တဲ့ရည်းစားစာ (ပ+ဒု) | "ရန်အောင်၊ ရဲအောင်၊ ပြေတီဦး၊ ကျော်ကျော်ဗို" | "မြင့်မြင့်ခိုင်၊ စိုးမြတ်သူဇာ ခိုင်နှင်းဝေ၊ ဝတ်မှုံရွှေရည်" | ရုပ်ရှင်ကားဟောင်း |
| ၂ | atr–0115 | စုန်းပြူး | နေတိုး၊ မင်းရာဇာ၊ မိုးယံဇွန် | သက်မွန်မြင့်၊ ခိုင်သင်းကြည်၊ သင်ဇာဝင့်ကျော် | Academy |
| ၃ | atz–0002 | မယ်သီတာလို မိန်းကလေး | ရန်အောင် | မို့မို့မြင့်အောင် | Academy |
| ၄ | atz–0003 | ဘယ်သူပြိုင်လို့ လှုပါတော့နိုင် | ဇော်ဝမ်း | တင်တင်ညို | Academy |
| ၅ | atz–0004 | ချစ်အမျှ | ဇော်လင်း | ခင်ယုမေ၊ ချိုပြုံး | Academy |
| ၆ | atz–0005 | စကားပြောသော အသဲနှလုံး | စိုးနိုင် | တင်တင်ညို၊ ကြည်ကြည်ဌေး | Academy |
| ၇ | atz–0006 | ရွှေခြည်ငွေခြည်တန်းပါလို့ | ညွန့်ဝင်း | ခင်ယုမေ၊ ချိုပြုံး | Academy |
| ၈ | atz–0007 | ကျမမှာ မိန်းမသား | စိုးနိုင် | ဒေစီကျော်ဝင်း၊ တင်တင်နွဲ့ | Academy |
| ၉ | cs–0001 | အချစ်ချိုချို သမက်ခါးခါး | နေတိုး၊ ထွန်းထွန်း | အိန္ဒြာကျော်ဇင်၊ ချစ်စနိုးဦး | ရုပ်ရှင်ကားဟောင်း |
| ၁၀ | cs–0002 | ဘာမီတွန် | ရန်အောင်၊နေတိုး | ထွန်းအိန္ဒြာဗို၊သက်မွန်မြင့် | ရုပ်ရှင်ကားဟောင်း |
| ၁၁ | cs–0003 | အကယ်ဒမီရှော့ | နေတိုး၊ရဲအောင်၊ ထွန်းထွန်း | သင်ဇာဝင့်ကျော်၊အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ချောရတနာ | Academy |
| ၁၂ | gyr–0002 | ဆဋ္ဌဂံ | လွင်မိုး၊ဝေဠုကျော်၊ သျှားညို | မျိုးသန္တာထွန်း၊ ထွန်းအိန္ဒြာဗို၊ ခင်ဇာခြည်ကျော်၊ စိုးမြတ်နန္ဒာ | Academy |
| ၁၃ | gyr–0003 | ဆန်ရေ | လွင်မိုး၊ ညွန့်ဝင်း | ခိုင်နှင်းဝေ ၊ မြင့်မြင့်ခိုင် | Academy |
| ၁၄ | kspo–0001 | တိုက်ပွဲခေါ်သံ | သီဟတင်စိုး | ဇင်မာဦး | Academy |
| ၁၅ | kspo–0002 | ကျွန်စစ်မင်း | လူမင်း | မေသန်းနု၊ ထက်ထက်မိုးဦး၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ | ရုပ်ရှင်ကားဟောင်း |
| ၁၆ | kspo–0003 | ဖေတစ်ခုသားတစ်ခု | စိန်မြင့် | ဆွေဇင်ထိုက် | Academy |
| ၁၇ | kyaw–0003 | သရဖူ | ရဲအောင်၊ဇော်ဦး | မို့မို့မြင့်အောင်၊ထက်ထက်မိုးဦး | Academy |
| ၁၈ | kyaw–0004 | နှလုံးသားမှာအထာရှိတယ် | ပြေတီဦး | နဝရတ်၊အိန္ဒြာကျော်ဇင် | ရုပ်ရှင်ကားဟောင်း |
| ၁၉ | mhgn–0094 | ကျောက်စက်ရေ | မြင့်မြတ် | စိုးမြတ်သူဇာ၊ မေသန်းနု | Academy |
| ၂၀ | mlm–0001 | နုနုငယ်ငယ် | ဝင်းညွန့်၊ ကျော်ဟိန်း | ကြည်ကြည်ဌေး၊ စန္ဒာ | Academy |































# မောင်တောမြို့နယ်၌ AA အကြမ်းဖက်အဖွဲ့က အရပ်ဘက် မော်တော်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်






မိုင်းပေါက်ကွဲမှုဖြစ်စဉ်ပြ မြေပုံနှင့် မြောင်းအတွင်း ထိုးကျနေသော ယာဉ်ကို တွေ့ရစဉ်။

**နေပြည်တော် ဧပြီ ၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ AA အကြမ်းဖက်အဖွဲ့က ဧပြီ ၅ ရက်တွင် အရပ်ဘက် မော်တော်ယာဉ်တစ်စီးအား မိုင်းထောင်ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် အောင်မင်္ဂလာကျေးရွာနေ ရေလုပ်ငန်း ကုန်သည်တစ်ဦးသည် စစ်တွေမြို့သို့ မော်တော်ယာဉ်တစ်စီးဖြင့် ကဏန်းများ တင်ဆောင်၍ သွားရောက်ရောင်းချပြီး အငူမော်-မောင်တောကားလမ်း အတိုင်း ပြန်လာစဉ် ည ၈ နာရီခန့်တွင် မောင်တောမြို့နယ် ကျီးကန်းပြင် (တောင်) ကျေးရွာတံတား အရောက်၌ ကားလမ်းပေါ်မှ မိုင်းတစ်လုံး ပေါက်ကွဲကာ မော်တော်ယာဉ်မှာ လမ်း၏ ဝဲဘက်ရှိမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း။

၎င်းကုန်သည်မှာ ယာဉ်ပေါ်မှ ခုန်ဆင်း၍ ကျေးရွာဘက်သို့ထွက်ပြေးခဲ့ကြောင်း၊ ထိုအချိန်တွင် AA အကြမ်းဖက်သမား လေးဦးခန့်က မော်တော်ယာဉ်အား လက်နက်ငယ်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်း အနီးဆုံးနယ်ခြားစောင့် ရဲတပ်ဖွဲ့စခန်းသို့ လာရောက်အကြောင်းကြားခဲ့၍ ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်စစ်ဆေးရာ မိုင်း/လက်နက်ငယ် ကျည်ထိမှန်ထားသော မော်တော်ယာဉ် တစ်စီး၊ ကားလမ်းပေါ်၌ အကျယ် ၈ ပေ၊ အနက် ၄ ပေခန့်ရှိ မြေကျင်းတစ်ကျင်း၊ ၎င်းအနီးမှ ၁၀ ပေခန့်ရှိ ဝိုင်ယာကြိုးတစ်ချောင်း၊ ကျည်ခွံ တစ်ခုတို့အားတွေ့ရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၈-၄-၂၀၂၀ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆:၀၀ – မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)
၇:၀၀ – Breakfast News
၇:၃၅ – သူတို့ဒေသသူတို့ဘဝ " ဗန်းမော်မြေမှ ကချင်တိုင်းရင်းသား "
၈:၃၅ – နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)
၉:၃၅ – ခါသကြ်န်အဆို၊ အကများ
၁၁:၃၅ – ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၃:၃၀ – နိုင်ငံခြားဇာတ်လမ်းတွဲ ခန်းဆောင်နီအိပ်မက် (အပိုင်း– ၃၃) (၂)
၁၄:၃၅ – (၁၉) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ)

**ညပိုင်း**

၁၆:၃၅ – People Talk "ဂရုစိုက်ကာကွယ် COVID– 19 အန္တရာယ်"
၁၆:၄၅ – ခါသကြ်န်အဆို၊အကများ
၁၇:၀၅ – မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ (ပထမပိုင်း)
၁၇:၄၀ – MRTV Travelogue ရွှေသောင်ယံသို့ခရီးသွားခြင်း (အပိုင်း– ၁၁)
၁၈:၄၅ – လေ့လာစရာစုံလင်အမိ မြန်ပြည်တစ်ခွင် ကြီးစွာအန္တရာယ် ရှောင်နိုင်ဖို့ ... လေ့လာကြပါစို့
၂၀:၀၀ – ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
– နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် စတုတ္ထတစ်နှစ်တာ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)
– မြန်မာ့ရုပ်ရှင်ရာပြည့်ဂုဏ်ပြုရုပ်ရှင်(မြန်မာဂန္ဓဝင်ရုပ်ရှင်) နွေရူပ (ဇော်ဝမ်း၊ခင်သီတာထွန်း) (ဒါရိုက်တာ– မောင်တင်ဦး)
– မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် (ရတနသုတ်)

## ကျောင်းကုန်း၌ ခရီးသည်တင်ယာဉ် ဘရိတ်ပေါက်ကာ လမ်းဘေးသစ်ပင်ဝင်တိုက်

**ကျောင်းကုန်း ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်း မိုင်တိုင်အမှတ် ၇၂/၆ နှင့် ၇၂/၇ ကြားတွင် ခရီးသည်တင်မော်တော်ယာဉ်တစ်စီး ဘရိတ်ပေါက်ကာ လမ်းဘေးသစ်ပင် ဝင်တိုက်ခဲ့သည်။



ရန်ကုန်ဘက်မှ ပုသိမ်ဘက်သို့ ယာဉ်မောင်း အောင်ကျော်ထွန်း(ခ) အာနိုး (၂၈)နှစ် မောင်းနှင်လာသော 7B/--- ခရီးသည်တင်ယာဉ်သည် နတ်ချောင်းကျေးရွာအရောက်တွင် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင်ပါသော ခရီးသည်များ ထိခိုက်ဒဏ်ရာ မရရှိသော်လည်း ယာဉ်နောက်လိုက် တစ်ဦးသာ ဒဏ်ရာရရှိသွားသဖြင့် ယာဉ်မောင်းကို ကျောင်းကုန်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း မြို့မရဲစခန်းမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## အမရပူရမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက် ညနေ ၅ နာရီတွင် အမရပူရမြို့နယ် စွယ်တော်ဘုရားအရှေ့ဘက်မုခ်ဦးအနီး ၆၈ လမ်းတွင် ကျော်ထက်အောင်(ခ)အငယ်ကောင်မောင်းနှင်ပြီး သူရိန်ဝင်း (ခ) ကတုံး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၉၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ သူရိန်ဝင်း (ခ) ကတုံး၏နေအိမ်ကို သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကို ထပ်မံသိမ်းဆည်းရမိသဖြင့် သူရိန်ဝင်း (ခ) ကတုံး (၃၂ နှစ်)နှင့် ကျော်ထက်အောင်(ခ) အငယ်ကောင်(၃၂ နှစ်)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြည်ကြီးတံခွန်မြို့နယ်အတွင်း ခင်ပွန်းဖြစ်သူအား ဇနီးသည်က အခြားသူတစ်ဦးနှင့် ပူးပေါင်းသတ်ဖြတ်မှုဖြစ်

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်းတွင် မတ် ၂၇ ရက် ည ၉ နာရီ၌ ခင်ပွန်းဖြစ်သူအား ဇနီးသည်က အခြားသူတစ်ဦးနှင့် ပူးပေါင်း၍ သတ်ဖြတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၇ ရက် ည ၈ နာရီတွင် ဦး---(၄၀နှစ်)မှာ ဆိုင်ကယ်ဖြင့် နေအိမ်မှထွက်သွားပြီး ည ၉ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် ၅၉ လမ်းနှင့် ယောမင်းကြီးလမ်းထောင့်တွင် သေဆုံးနေကြောင်း ဆယ်အိမ်မှူးက ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းသို့ လာရောက်အကြောင်းကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ဦး-- ဆိုင်ကယ်ဖြင့် ထွက်သွားပြီးနောက်မှ ခြေကျင်လိုက်ထွက်သွားသော ဦး--၏ ဇနီးဖြစ်သူ မ--(၂၆ နှစ်)မှာ ညာဘက်လက်ခလယ်နှင့် လက်သူကြွယ်၊ ညာဘက်လက်မတို့တွင် ပွန်းပဲ့ဒဏ်ရာရရှိပြီး ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရှိရသဖြင့် ဦး--၏ ညီမဖြစ်သူက အစ်ကိုဖြစ်သူကို သေဆုံးသည်အထိ ပြုလုပ်သူအား အရေးယူပေးပါရန် တိုင်တန်းခဲ့သည်။

အမှုအား ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး နေမျိုးအောင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေဖမ်းဆီးခဲ့ရာ မ--နှင့် ပူးပေါင်းကြံစည်ခဲ့သူတို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့၏ ဝန်ခံထွက်ဆိုချက်များအရ ပူးပေါင်းကြံစည်ပြစ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါရဲစခန်းမှ သိရသည်။

**မန်းကိုယ်ပွား**

## ရန်ကုန်မြို့ ကမ်းနားလမ်းညဈေးအနီး ယာဉ်ပေါ်မှ ကုန်သေတ္တာပြုတ်ကျသဖြင့် တစ်ဦးဒဏ်ရာရ

**ရန်ကုန် ဧပြီ ၇**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းဟောင်း ၆ လမ်းထိပ် ညဈေးတန်းအနီးတွင် ဧပြီ ၇ ရက် ည ၉ နာရီ ၅ မိနစ်က ကုန်သေတ္တာတင်ယာဉ်ပေါ်မှ ကုန်သေတ္တာပြုတ်ကျသဖြင့် တစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

လမ်းမတော်မြို့နယ် ကမ်းနားလမ်းဟောင်း ၆ လမ်းထိပ် ညဈေးတန်းအနီးတွင် အနောက်မှအရှေ့သို့ မောင်းနှင်လာသော ကုန်သေတ္တာတင်ဆောင်လာသည့် 6B/---- နစ်ဆန်းကုန်တင်ယာဉ်သည် အရှိန်လွန်၍ ယာဉ်ပေါ်ရှိ ကုန်သေတ္တာပြုတ်ကျသဖြင့် စက်ဘီးစီးလာသူတစ်ဦး ထိခိုက်သွားသည်။ ထိုသို့ဖြစ်ပွားစဉ် ညဈေး၌ ဈေးတန်းဆိုင်များ ရောင်းချခြင်းမရှိ၍ ဈေးရောင်းဈေးဝယ်များ ထိခိုက်မှုနည်းသော်လည်း ရေပိုက်လိုင်း၊ ဈေးဆိုင်အဆောက်အအုံများ၊ လမ်းတားတိုင်းဝါတန်းများနှင့် အမှိုက်ပုံးများ ပျက်စီးသွားသဖြင့် ယာဉ်မောင်းသူကို သက်ဆိုင်ရာက အရေးယူထားကြောင်းသိရသည်။

**ခင်ဆိုင်**



## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်ခဲ့ရာ ဧပြီ ၆ ရက်တွင် မန္တလေး – မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၆၅ စီး၊ သွင်းကုန် ၁၄၆၃ စီး၊ ရန်ကုန် – မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၇၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ သန်းတန်ဖိုးရှိ လိုင်စင်မဲ့ မစ်ဆူဘီရှီ ကန်တာယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ကြီးမဏ္ဍိုင်မြို့၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိပြီး တစ်ဦးသေဆုံး တစ်ဦး ဒဏ်ရာရ

**ပြည်ကြီးမဏ္ဍိုင် ဧပြီ ၇** – တနင်္သာရီတိုင်းဒေသကြီး ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက်တွင် ယနေ့နံနက် ၉ နာရီက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာ တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက်နေထိုင်သူ မောင်ဝင်းညီနောင် (၁၈နှစ်) မောင်းနှင်လာသော ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ) ကို ရတနာပုံကျေးရွာ သုံးမိုင်နေသူ ကျော်ကျော်(ခ) တောက်တဲ့ (၂၅ နှစ်) မောင်းနှင်လာသော ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ)က လေညာ-ရတနာပုံလမ်းဆုံ မိုင်တိုင်အမှတ်(၁၁၀/၀)အရောက်တွင် တစ်ဖက်ယာဉ်ကြောသို့ ဝင်ရောက်၍မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဝင်းညီနောင်နှင့် ကျော်ကျော် (ခ) တောက်တဲ့တွင် ဒဏ်ရာများရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းများက ပြည်ကြီးမဏ္ဍိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဝင်းညီနောင်မှာ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့သဖြင့် ကျော်ကျော်(ခ) တောက်တဲ့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးလွင်(ပြည်ကြီးမဏ္ဍိုင်)**

# အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင် ကိုဗစ် - ၁၉ ကြောင့် သေဆုံးမှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်လောက်သည်အထိ မြင့်တက်

ဝါရှင်တန် ဧပြီ ၇

**ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ကိုဗစ်- ၁၉ ကူးစက်မှုကို ခုခံကာကွယ်ရန် ဧပြီ ၇ ရက်က အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ထုတ်ပြန်ကြေညာလိုက်သလို အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုသည်လည်း သမိုင်းမှတ်တိုင်စိုက်ထူနိုင်လောက်သည်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။**



ပြင်သစ်နိုင်ငံတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းတစ်ဦးက လိုအပ်သော ဆေးဝါးစောင့်ရှောက်မှုလုပ်ပေးနေစဉ်။

ဘောရစ်ဂျွန်ဆင်၏ ကိုဗစ်-၁၉ ကူးစက်ရောဂါဆန့်ကျင်တိုက်ဖျက်မှုက ကိုဗစ်-၁၉ ၏ သဘောသဘာဝကို ပေါ့ပေါ့ဆဆသဘောထား၍မရကြောင်း ဖော်ပြနေသည်။ ကိုဗစ်-၁၉ ကြောင့် လူပေါင်းလေးသန်းခန့် ပျော့်ရှင်လွတ်လပ်မှုများ ဆုံးရှုံးလျက်ရှိပြီး ကန့်သတ်မှုခံထားရကြောင်း သိရသလို ကမ္ဘာ့စီးပွားရေးလည်း ပျက်စီးယိုယွင်းလာသည်။ ထို့အတူ လူ့အဖွဲ့အစည်းလည်း ဖရိုဖရဲဖြစ်ကုန်သည်။

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးမှုများဖြစ်ပွားလျက်ရှိရာ ကိုဗစ်-၁၉ အတည်ပြုလူနာ ၁ ဒသမ ၃၂ သန်းအနက် ယခုအခါတွင် လူပေါင်း ၇၃၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အဆိုးဆုံးအခြေအနေများ မလာရောက်သေးဟုလည်း သတိပေးချက်များ ထွက်ပေါ်လာခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံအတည်ပြု လူနာသေဆုံးမှုသည် ၈၃၃ ဦးအထိ မြင့်တက်လာခဲ့ပြီး အီတလီနိုင်ငံ၏ သေဆုံးမှုသည်လည်း ရုတ်တရက်မြင့်မားလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင်လည်း လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၁၅၀ သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်က ပြောကြားခဲ့သည်။ သို့သော်လည်း ဥမင်၏ အဆုံးတွင် အလင်းရောင်တွေ့စမြဲဆိုပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အားပေးနှစ်သိမ့်ထားသည်။

အမေရိကန်ပြည်ထောင်စု၏ ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်နေသည့် နယူးယောက်တွင်လည်း ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းသည် လျော့နည်းလာသည်ဟု ထင်ရသော်လည်း မြို့တော်ဝန် အန်ဒရူးကူမိုက ဖြေလျှော့ရမည့်အချိန် မဟုတ်သေးကြောင်း ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး နိုင်ငံ၏ဒေသအချို့တွင် အရေးပေါ် အခြေအနေကြေညာ

**တိုကျို ဧပြီ ၇**

ကိုဗစ်- ၁၉ ကူးစက်မှုမြင့်တက်လာပြီးနောက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဧပြီ ၇ ရက်က တိုကျိုအပါအဝင် နိုင်ငံ၏ဒေသအချို့တွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ယခုအခြေအနေသည် ပြည်သူများ၏ ဘဝအပေါ် သက်ရောက်မှုများရှိစေသလို စီးပွားရေးအပေါ်လည်း သက်ရောက်မှုများ ဖြစ်စေခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အခြေအနေ ပြဋ္ဌာန်းလိုက်ရခြင်း ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားလိုက်သည်။

ဂျပန်ဝန်ကြီးချုပ်က နိုင်ငံတော် အရေးပေါ်အခြေအနေကြေညာမည့် အစီအစဉ်ကို တစ်ရက်စောပြီး ထုတ်ပြန်ပြောကြားခဲ့သည်။ တိုကျိုနှင့် အိုဆာကာကဲ့သို့သောနေရာများတွင် ကိုဗစ်- ၁၉ ကူးစက်မှုမြင့်တက်လာပြီးနောက် အာဘေးက ယခုလို ဆုံးဖြတ်ချက် ချလိုက်ခြင်းဖြစ်သည်။



ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကို အစိုးရအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။

အဆိုပါ အရေးပေါ်ကြေညာခြင်းသည် ဧပြီ ၇ ရက်သန်းခေါင်အချိန်တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ကိုဗစ်-၁၉ အဆိုးရွားဆုံး ကူးစက်ခံရသည့် နယ်ပယ်စီရင်စု ခုနစ်ခုမှ ပြည်သူများကို အိမ်တွင်း၌သာ နေထိုင်ကြရန်နှင့် စီးပွားရေးလုပ်ငန်းများကိုလည်း ပိတ်သိမ်းရန် ပါဝင်ကြောင်း သိရသည်။

နိုင်ငံတော်အရေးပေါ်ကြေညာရန် ကျွမ်းကျင်သူများနှင့် နယ်ပယ်စီရင်စု ခေါင်းဆောင်များက တိုက်တွန်းပြောကြားခဲ့ကြောင်းနှင့် ပြည်သူ ၈၀ ရာခိုင်နှုန်းကလည်း ယခုအစီအစဉ်ကို ထောက်ခံခဲ့ကြောင်း တစ်ပတ်ကြာ ပြုလုပ်ခဲ့သည့် တီဘီအက်စ်၏စစ်တမ်းတွင် ဖော်ပြလိုက်သည်။

နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာလိုက်သည့် နယ်ပယ်စီရင်စု ခုနစ်ခုမှာ တိုကျို၊ ချီဘာ၊ ကန်နာဂါဝါ၊ ဆိုင်တာမာ၊ အိုဆာကာ၊ ဟူဂိုနှင့် ဖူကူအိုကာတို့ ဖြစ်ကြသည်။ နိုင်ငံတော် အရေးပေါ်အခြေအနေသည် တစ်လနီးပါး ကြာမြင့်မည်ဟု မျှော်မှန်းရသည်။

**အေအက်ဖ်ပီ**

# သေဆုံးမှုပေါင်း ၁၀၀၀၀ ကျော်ဖြင့် ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်နေ

**ဝါရှင်တန် ဧပြီ ၇**

ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ကာ ကိုဗစ်- ၁၉ ကြောင့်သေဆုံးမှုသည် ၁၁၀၄၂ ဦးရှိလာကာ စံချိန်တင်ဝမ်းနည်းမှု သမိုင်းမှတ်တိုင်စိုက်ထူခဲ့သည်။ အမေရိကန် ပြည်ထောင်စုတွင် ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းနှင့် သေဆုံးမှုနှုန်းသည် တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး သန်းပေါင်းများစွာသော ပြည်သူများ စီးပွားရေးပျက်စီးမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။



**အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူတစ်ဦးကို ဆေးဝန်ထမ်းများက ရွှေ့ပြောင်းမှုပြုလုပ်နေစဉ်။**

သက်ဆိုင်ရာ အာဏာပိုင်များကလည်း အဆိုးရွားဆုံးအခြေအနေအထိ မရောက်လာသေးသော်လည်း တောင့်ခံထားကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

ဘယ်လ်တီမိုး အခြေစိုက် ဂျွန်ဟော့ကင်း တက္ကသိုလ်က ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၃၆၈၀၀၀ ရှိကြောင်း ပြောကြားခဲ့ကြောင်း၊ ဧပြီ ၆ ရက် နေ့ခင်းပိုင်းတွင်လည်း ၁၀၉၈၆ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုထုတ်ပြန်ဖော်ပြခဲ့သည်။

အီတလီနိုင်ငံတွင် ၁၆၅၂၃ ဦး၊ စပိန်နိုင်ငံတွင် ၁၃၃၄၁ ဦး ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့တွင် ကိုဗစ်-၁၉ ကြောင့် လူပေါင်း ၄၇၅၀ သေဆုံးခဲ့ကာ အတည်ပြုလူနာပေါင်း ၁၃၀၀၀၀ ရှိကြောင်း သိရသည်။ နယူးယောက်မြို့တော်ဝန်က ယခင်ရက်ကထက် ယခုရက်ပိုင်းတွင် သေဆုံးမှုများ လျော့နည်းလာကြောင်း ပြောကြားခဲ့သော်လည်း စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းအချို့ကို ပိတ်ထားရန် ဆက်လက်ညွှန်ကြားထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ပေါ်တူဂီနိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်မှုတွင် တရုတ်နိုင်ငံက ကူညီထောက်ပံ့သွားမည်

**လစ္စဘွန်း ဧပြီ ၇**

ပေါ်တူဂီနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်မှုတွင် တရုတ်နိုင်ငံက ဘက်ပေါင်းစုံမှ ကူညီထောက်ပံ့မှုများ လုပ်ဆောင်ခဲ့ပြီး ရှေ့ဆက်ပြီး ကူညီထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပေါ်တူဂီနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချိုင်ရွှမ့်က ပေါ်တူဂီ ရုပ်သံလိုင်း၏ သီးသန့်တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ နည်းလမ်းများကို ထောက်ပံ့ပေးခဲ့သည့်အပြင် တိုက်ဖျက်ရေးအတွေ့အကြုံများကို မျှဝေပေးခဲ့ကြောင်း၊ ပေါ်တူဂီနိုင်ငံ၏ ကပ်ရောဂါတိုက်ဖျက်ရေးတွင် လိုအပ်သည့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးခဲ့ကြောင်း၊ ယခုလို ကိုဗစ်- ၁၉ တိုက်ဖျက်သည့်လုပ်ငန်းစဉ်အတွင်း နှစ်နိုင်ငံဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုနက်ရှိုင်းလာမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောကြားသည်။

ထို့အပြင် နှစ်နိုင်ငံ ပြည်သူလူထုကြား ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုသည်လည်း ပိုမိုခိုင်မာကောင်းမွန်လာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ပေါ်တူဂီနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၁၁၇၃၀ ရှိခဲ့ပြီး သေဆုံးသူပေါင်း ၃၁၁ ဦးရှိခဲ့သည်။

လတ်တလောတွင် ပေါ်တူဂီနိုင်ငံ၏ ရောဂါကူးစက်ပျံ့နှံ့မှုသည် အရှိန်လျော့ကျလာပြီဖြစ်ကြောင်း၊ ကပ်ရောဂါအခြေအနေပြောင်းလဲမှုသည် မေလကုန်ပိုင်းတွင် ဖြစ်ပေါ်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သူပေါင်း ၆၆ ဦးရှိ

**စင်ကာပူ ဧပြီ ၇**

စင်ကာပူနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူပေါင်း ၆၆ ဦးတွေ့ရှိခဲ့ကြောင်းနှင့် စုစုပေါင်း ရောဂါကူးစက်ခံရသူပေါင်း ၁၃၇၅ ဦးအထိ ရောက်ရှိလာကြောင်း စင်ကာပူနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ဖြစ်ပွားသော ကူးစက်မှုများတွင် ၆၅ ဦးမှာ ပြည်တွင်းကူးစက်မှုများဖြစ်ပြီး၊ ကျန်တစ်ဦးမှာ ပြည်ပမှ ဝင်ရောက်လာသော ကူးစက်လူနာဖြစ်သည်။

ပြည်တွင်းကူးစက်မှုများအနက် ၃၅ ဦးမှာ ပြည်သူအချင်းချင်းကြား ကူးစက်ပျံ့နှံ့မှုကြောင့် ဖြစ်ကြောင်း၊ အခြား ၂၄ ဦးမှာ နိုင်ငံခြားသားအလုပ်သမားတန်းလျားမှတစ်ဆင့် ကူးစက်ခံရသူများဖြစ်ကြောင်း၊ ကျန် ၁၁ ဦးမှာ တခြားနေရာများမှ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

လတ်တလောတွင် ၎င်းတို့နှင့်ထိတွေ့ခဲ့သူများကို ဆက်လက်ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။ ကိုဗစ်-၁၉ သက်သာပျောက်ကင်းပြီး ဆေးရုံမှဆင်းခွင့်ရသူပေါင်း ၃၄၄ ဦးရှိပြီဖြစ်ကြောင်းလည်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကြောင့် အိန္ဒိယတစ်နိုင်ငံလုံး ပိတ်ဆို့မှုချမှတ်ထားချိန် အခြေခံစားသောက်ကုန်ပြတ်လပ်မှုများဖြစ်ပေါ်

**ဘန်ဂလော မေ ၇**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို တိုက်ဖျက်ရန် တစ်နိုင်ငံလုံး ၂၁ ရက်ကြာ ပိတ်ဆို့ထားမှု ရက်သတ္တနှစ်ပတ် အတွင်းသို့ ဝင်ရောက်လာခဲ့ပြီဖြစ်ကာ စားသောက်ကုန် လက်လီရောင်းချသူများမှာ ဈေးကွက်အတွင်း စားသောက်ကုန်နှင့်အဓိကကျသည့် အခြေခံကုန်စည်များ ရှားပါးပြတ်လပ်မှု ဖြစ်လာနိုင်သည့် အခြေအနေအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။



နယူးဒေလီရှိ လူစည်ကားသည့် ဈေးတစ်ခု၌ ဈေးရောင်း၊ ဈေးဝယ်များ သွားလာလှုပ်ရှားနေစဉ်။

ပြည်သူများ၏ သွားလာလှုပ်ရှားမှုများကို ကန့်သတ်ပိတ်ပင်ကာ စားသောက်ကုန်များရောင်းချမှုနှင့် ဝန်ဆောင်မှုများကိုပါ ရပ်နားလိုက်သည့်အတွက် ဈေးကွက်အတွင်း ဝယ်လိုအားကွင်းဆက် ပျက်ပြားမှုအကြီးအကျယ် ဖြစ်ပေါ်ခဲ့သည်။လက်ကားဈေးကွက်အများအပြားမှာလည်း ပစ္စည်းပြတ်လပ်မှုများဖြစ်ပေါ်ခဲ့သည်။

အကယ်၍ ကုမ္ပဏီများနှင့် စက်ရုံများမှ ထုတ်ကုန်ပစ္စည်းများ ရောက်ရှိလာစေကာမူ အဆိုပါကုန်စည်များကို ဈေးဆိုင်များနှင့် ဈေးဝယ်ကုန်တိုက်များသို့ ပို့ဆောင်ဖြန့်ဖြူးပေးမည့် ကုန်တင်ယာဉ်များနှင့် ယာဉ်မောင်းများ မရှိသည့်အတွက် ရောင်းကုန်ပစ္စည်းသိုလှောင်ရန်ပင် မရှိသည့် အခြေအနေကို ရင်ဆိုင်နေရကြောင်း သိရသည်။

ပိတ်ဆို့မှုကာလအတွင်း အိန္ဒိယအစိုးရက မရှိမဖြစ် အရေးကြီးသည့် ကုန်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခွင့်ပေးထားသော်လည်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ရဲတပ်ဖွဲ့အတွက် မည်သည့်ကုန်ပစ္စည်းက အရေးကြီးပြီး မည်သည့်ပစ္စည်းက အရေးမကြီးကြောင်း ခွဲခြားနိုင်ရန် ရက်အနည်းငယ်ကြာအောင် အချိန်ယူရသည်ဟု ဆိုသည်။

ဒေသအများအပြားတို့တွင် အဓိကကျသည့် အခြေခံကုန်စည်များကို ပို့ဆောင်ဖြန့်ဖြူးရန် ခွင့်ပြုချက်ပေးထားသော်လည်း ထုတ်လုပ်ရေးကွင်းဆက်တစ်ခုလုံးအတွက် ခွင့်ပြုချက်ရရှိရန်မဖြစ်နိုင်ကြောင်း စက်ရုံတာဝန်ရှိသူများက ပြောသည်။

ယူနီဘစ် ဘီစကွတ်စက်ရုံမှ အမှုဆောင်အကြီးအကဲ ဖြစ်သူ မစ္စတာစရင်ဗာစူလူက ဗူဒါရာဂီရိက ၎င်းအနေဖြင့် ဘီစကွတ်များကို ထုပ်ပိုးမှုမလုပ်ဘဲ ဖြန့်ချိရောင်းချ၍ မရနိုင်ကြောင်း၊ ဘန်ဂလောရှိ ၎င်း၏စက်ရုံကို မေ ၅ ရက်နေ့က ပိတ်ထားခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့က သယ်ပို့ယာဉ်များနှင့် အလုပ်သမားများ၏ သွားလာလှုပ်ရှားမှုများကို တားမြစ်ထားကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ရိုက်နှက်ထိန်းချုပ် ဟန့်တားမှုများ မကြာခဏလုပ်ဆောင်သည်ဆိုသော သတင်းများကြောင့် စက်ရုံအလုပ်သမားများနှင့် ကုန်တင်ယာဉ်မောင်းသူများမှာလည်း လုပ်ငန်းခွင်သို့ သွားရောက်ရန် စိုးရွံ့လျက်ရှိကြောင်း METRO Cash & Carry လက်ကား ဖြန့်ချိရေးကုမ္ပဏီမှ စီမံခန့်ခွဲမှုဒါရိုက်တာ မစ္စတာ အာဗင်မီဒီရာတာက ပြောကြားခဲ့သည်။

**တိုင်းမ်အော့ဖ်အိန္ဒိယ**

## နှစ်ပေါင်း ၁၆၇ နှစ်အတွင်း အိန္ဒိယနိုင်ငံက ပထမဆုံးအကြိမ်အဖြစ် ရထားလိုင်းများပိတ်

**နယူးဒေလီ မေ ၇**

မတ် ၂၅ ရက်မှ စတင်ကာ အိန္ဒိယနိုင်ငံတွင် တစ်နိုင်ငံလုံးအနှံ့ ပိတ်ဆို့မှုပြုလုပ်ခဲ့ပြီး မေ ၁၄ ရက် မတိုင်မီ အိန္ဒိယနိုင်ငံတစ်လွှားတွင် ရထားလိုင်းပြေးဆွဲမှုများကို ဆိုင်းငံ့လိုက်မည်ဟု သိရသည်။

အာရှ၏ သက်တမ်းအရှည်ဆုံးသော ရထားကွန်ရက်ကို နှစ်ပေါင်း ၁၆၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဆိုင်းငံ့လိုက်ခြင်းပင်ဖြစ်သည်။

ယခုအခါ ရထားတွဲအိုပေါင်း ၂၀၀၀၀ ကို ကိုဗစ် - ၁၉ ကူးစက်ခံရသူများ သီးသန့်ထားရာ ဆေးရုံအဖြစ်သို့ ပြောင်းလဲပစ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ အိန္ဒိယရထားဆက်သွယ်ရေးမှာ ကမ္ဘာ့တတိယအကြီးဆုံး ရထားလိုင်း အော်ပရေတာဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံးလုပ်ငန်းကြီးလည်းဖြစ်သည်။ မေ ၁ ရက်တွင် အိန္ဒိယ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ အရေအတွက် ၄၂၈၈ ဦးထိရှိလာပြီး ၁၁၇ ဦးသေဆုံးခဲ့ရသည်ဟု ဂျွန်ဟော့ကင်း တက္ကသိုလ်၏ စာရင်းဇယားများအရ သိရသည်။



ဆေးကုသခန်းများအဖြစ် အသွင်ပြောင်းထားသည့် ရထားတွဲကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ၏ ဆေးရုံစနစ်မှာ လူနာအားလုံးအတွက် လွှမ်းခြုံပေးနိုင်ခြင်းမရှိသေးပေ။ အကယ်၍ ကိုဗစ်-၁၉ လူနာ များပြားလာပါက ရထားတွဲဟောင်းများပေါ်တွင် ရွေ့လျားဆေးရုံတည်ဆောက်ခြင်းဖြင့် ဖိအားများကို လျှော့ချနိုင်မည်ဖြစ်သည်။

အိန္ဒိယ၌ ရထားတွဲဟောင်း ၂၀၀၀၀ ခန့်ရှိပြီး သန့်စင်ထားသည့် ရထားတွဲ တစ်တွဲတွင် လူနာ ၁၆ ဦး ထားရှိနိုင်မည်ဖြစ်ကာ သူနာပြုခန်း၊ ဆရာဝန် နားနေခန်းနှင့် ဆေးဝါးသိုလှောင်ရာအခန်းတို့ ပါရှိမည်ဖြစ်သည်။ **ဂတ်အဝေးဒေ့ါကွန်း**

## အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၂၁ ဦးအထိ မြင့်တက်လာ

**ဂျကာတာ မေ ၇**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ၂၇၃၈ ဦးအထိရှိလာပြီး သေဆုံးသူ အရေအတွက် ၂၂၁ ဦးအထိ မြင့်တက်ခဲ့ကြောင်း အင်ဒိုနီးရှား အစိုးရက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။ သို့ဖြစ်ရာ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှဒေသတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်း အမြင့်ဆုံးပမာဏအဖြစ် စံချိန်တင်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ၂၇၃၈ ဦးအထိ ခုန်တက်လာခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် လူနာ၂၀၄ ဦးတို့ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုဆိုင်ရာ အစိုးရပြောရေးဆိုခွင့်ရှိသူ အက်ခမက်ယူရီယန်တိုက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ဒေသခံပြည်သူပေါင်း ၁၀ သန်းခန့် မှီတင်းနေထိုင်ရာဖြစ်သည့် ဂျကာတာမြို့သည် ဗိုင်းရပ်စ်ကူးစက်ခံရမှုအများဆုံးဖြစ်ပြီး စုစုပေါင်း ၁၀၆ ဦးအထိ ကူးစက်ခံထားရကာ ရောဂါကူးစက်ပျံ့နှံ့မှု ဗဟိုချက်မဖြစ်လာခဲ့သည်။ အနောက်ဂျာဗားတွင် ရောဂါကူးစက်ခံရသူ ၂၉ ဦး၊ ဂျာဗားအလယ်ပိုင်းတွင် ၂၂ ဦး၊ ဘင်တန်၌ ၁၈ ဦးနှင့် အရှေ့ဂျာဗား၌ ၁၆ ဦး ကူးစက်ခံခဲ့ရသည်။ နောက်ထပ်ကူးစက်ခံရသူများမှာ အခြားဒေသများမှ ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု အမျိုးသားအရေးပေါ် အခြေအနေကြေညာခဲ့ပြီး လူအများနှင့် ရောနှောဆက်ဆံခြင်းမှ ရှောင်ရှားရန် စည်းကမ်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် အစိုးရက ကီပါလာအမ်ရိုင်ယူ ပြည်နယ် ဂလန်ကျွန်းပေါ်ရှိ ၁၆ ဟက်တာ အကျယ်အဝန်းရှိသည့် မြေပေါ်၌ ကိုဗစ်-၁၉ သီးသန့်လူနာများအတွက် အရေးပေါ်ဆေးရုံတစ်ရုံကို ဆောက်လုပ်ခဲ့သည်။ အဆိုပါ ဆေးရုံကို မေ ၆ ရက်တွင် လုပ်ငန်းလည်ပတ်မှု စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အစ္စရေးနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ အရေအတွက် ၉၀၀၀ ကျော်လွန်လာ

**ဂျေရုဆလင် မေ ၇**

အစ္စရေးနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၉၀၀၆ ဦးအထိ ရှိလာပြီဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက မေ ၇ ရက်တွင် ပြောကြားခဲ့သည်။

မေ ၇ ရက်တွင် အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ အိုင်ချီလို့ဗ်နှင့် ဟာရှာ ရွန်ဆေးရုံတို့တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ နှစ်ဦးသေဆုံးခဲ့သည်။ သေဆုံးသူနှစ်ဦးမှာ အသက် ၉၅ နှစ်အရွယ် အမျိုးသမီးနှင့် အသက် ၈၀ အရွယ်အမျိုးသားတစ်ဦးတို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးစလုံးတွင် အခြားပြင်းထန်သည့် ရောဂါခံစားနေရသူများဖြစ်ကြောင်း ဆေးရုံမှပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၅၉ ဦးထိ ရှိလာပြီဖြစ်သည်။



အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ထားသည့် ဆေးအဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။

အစ္စရေးနိုင်ငံတစ်လွှား ကိုဗစ်- ၁၉ ကူးစက်ခံရ၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ အရေအတွက်မှာ ၇၀၇ ဦးရှိပြီး ၁၅၂ ဦးမှာ စိုးရိမ်ရသည့် အခြေအနေရှိသည်။ ယင်းနောက် ၁၈၁ ဦးမှာမူ အခြေအနေကောင်းမွန်လျက်ရှိသည်။

နေအိမ်တွင် အသွားအလာကန့်သတ်၍ နေထိုင်သူ လူနာပေါင်း ၅၆၁၁ ရှိပြီး ၈၁၉ ဦးမှာမူ ဟိုတယ်၌ အသွားအလာ ကန့်သတ်မှုဖြင့် နေထိုင်နေကြသည်။ အလားတူ ၆၈၃ ဦးမှာလည်း ပြန်လည်ကောင်းမွန်လာပြီး ၁၁၂၇ ဦးမှာ နေအိမ်၊ ဟိုတယ်နှင့် ဆေးရုံတို့တွင် ကုသမှုခံယူလျက်ရှိသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံတွင် အပူချိန်လွန်ကဲမည့် အကြောင်း သတိပေးထား

**ကိုလံဘို မေ ၇**

သီရိလင်္ကာနိုင်ငံ မိုးလေဝသဌာနက မေ ၇ ရက်တွင် နိုင်ငံအတွင်း ခရိုင်အချို့၌ အပူချိန်လွန်ကဲမှု ဖြစ်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားသည်။ မေ ၇ ရက်မှ ၁၅ ရက်အတွင်း သီရိလင်္ကာနိုင်ငံပေါ်သို့ နေရောင်တိုက်ရိုက်ကျမည်ဖြစ်သည့်အတွက် အပူချိန်လွန်ကဲမည်ဟု သတိပေးထားသည်။

တိုင်းပြည်တောင်ပိုင်းတွင် နေရောင်တိုက်ရိုက်ကျမှုကြောင့် အပူချိန်ကို ဆိုးရွားစွာခံစားရမည်ဟု မိုးလေဝသဌာနက သတိပေးထားသည်။ ပြင်းထန်သည့် အပူချိန်ကို သတိထားကြရန် အကြံပေးချက်များထုတ်ပြန်ထားသည်။ ပြင်းထန်သည့်အပူချိန်ကြောင့် ကြွက်တက်ခြင်း၊မောပန်းနွမ်းနယ်ခြင်း နှင့် လေဖြတ်ခြင်းတို့ ဖြစ်လာနိုင်သည့်အတွက် လာမည့်သီတင်းပတ်အတွင်း အပူချိန်ပြင်းထန်စွာကျရောက်မည့်နေရာများ၌ အိမ်ပြင်ထွက်ခြင်းများ မပြုလုပ်ကြရန်လည်း သတိပေးထားသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ နဲ့ ဟိုက်ဒရိုစီကလိုရိုကွင်း ဆေး

*ကလျာမိုးမြင့်*

**အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရတဲ့ လူနာတွေကို ကုသရာမှာ သုံးဖို့အတွက် ဟိုက်ဒရိုစီကလိုရိုကွင်း ဆေးဝါးတွေကို အမြောက်အမြားထုတ်လုပ်ပြီး တင်ပို့ရောင်းချမှုကို ပိတ်ပင်လိုက်ပါတယ်။ နောက်တစ်ရက်အကြာမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အိန္ဒိယဝန်ကြီးချုပ် မိုဒီကို တယ်လီဖုန်းခေါ်ဆိုပြီး ဟိုက်ဒရိုစီကလိုရိုကွင်း ဆေးပိတ်ပင်ထားမှုကို ဖယ်ရှားမပေးရင် အမေရိကန်က တစ်ခုခုတုံ့ပြန်ရလိမ့်မယ်လို့ သတိပေး ခြိမ်းခြောက်လိုက် ပါတယ်။**



အိန္ဒိယနိုင်ငံသို့ ခရီးစဉ်သွားရောက်ခဲ့မှုအတွင်း အမေရိကန်သမ္မတထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီ တို့ကို အတူတွေ့ရစဉ်။

**ခြိမ်းခြောက်ဖို့မသင့်**

အိန္ဒိယအစိုးရဟာ အမေရိကန်ရဲ့ တိုက်တွန်းချက်ကို စဉ်းစားသုံးသပ်နေဆဲဖြစ်ပြီး ဧပြီ ၇ ရက်မှာ အပြီးဆုံးဖြတ်ချက်ချလိမ့်မယ်လို့ ခန့်မှန်းရကြောင်း ဒေသမီဒီယာက ဖော်ပြပါတယ်။ ဧပြီ ၆ ရက်က အိမ်ဖြူတော်မှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ အမေရိကန်သမ္မတက ဒီကိစ္စနဲ့ ပတ်သက်လို့ မှတ်ချက်ချပြောဆိုမှုတွေ ပြုလုပ်ခဲ့ပြီး ဝေဖန်ရေးသမားတွေကတော့ ကိုဗစ်-၁၉ ကိစ္စကို ရင်ဆိုင်ရာမှာ အိန္ဒိယဝန်ကြီးချုပ်က အကူအညီပေးအပ်ပါမယ်လို့ ကတိပေးထားတဲ့ အချိန်မျိုးမှာ ထရမ့်အနေနဲ့ ဒီလောက်ကြမ်းတမ်းခက်ထန်နေဖို့ မသင့်ဘူးလို့ ဝေဖန်ပြောဆိုနေကြပါတယ်။

**သံသယမေးခွန်းများ**

တကယ်တမ်းမှာ သမ္မတထရမ့်နဲ့ ဝန်ကြီးချုပ်မိုဒီတို့ ခေါင်းဆောင်နှစ်ဦးရဲ့ ဆက်ဆံရေးဟာ ခင်မင်ရင်းနှီးမှု အတော်အတန်ရှိနေပြီး ထရမ့်ဟာ မကြာသေးခင်ကမှ အိန္ဒိယကို အဆင့်မြင့်ခရီးစဉ်တစ်ခု သွားရောက်ထားတဲ့ သူဖြစ်ပါတယ်။

ဒါပေမယ့် အိန္ဒိယဟာ အမေရိကန်ကို တကယ်ပဲ အကူအညီပေးလိုတဲ့ သဘောထားမျိုးရှိရဲ့လားပြီးတော့ ဟိုက်ဒရိုစီကလိုရိုကွင်းဟာ ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာမှာ တကယ်ပဲ အလုပ်ဖြစ်ရဲ့လားဆိုတဲ့ သံသယမေးခွန်းတွေကလည်း ထွက်ပေါ်နေပါတယ်။

**ဟိုက်ဒရိုစီကလိုရိုကွင်းဆိုတာ**

ဟိုက်ဒရိုစီကလိုရိုကွင်းဆေးဟာ ငှက်ဖျားရောဂါ ကုသရာမှာ လူသိအများဆုံးနဲ့ သက်တမ်းအရင့်ဆုံး ဆေးတစ်လက်ဖြစ်တဲ့ ကလိုရိုကွင်းဆေးနဲ့ အတော်လေး ဆင်တူတယ်။ သို့သော်လည်း နာတာရှည်အဆစ်ရောင် ရောဂါတွေကိုပါ ကုသနိုင်တဲ့ အဲဒီဆေးဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ် အနည်းငယ်အကြာက ဗိုင်းရပ်စ်တွေကို တိုက်ဖျက်နိုင်တဲ့ ဆေးတစ်လက်အနေနဲ့ အာရုံစိုက်ခြင်းခံခဲ့ရ ပါတယ်။

အမေရိကန်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု အဖွဲ့(FDA)က ဒီဆေးကို ကိုဗစ်-၁၉ ကူးစက်ခံရတဲ့လူနာတွေကို ကုသဖို့အတွက် ခွင့်ပြုချက်ပေးထားတယ်လို့ သမ္မတထရမ့်ကပြောပါတယ်။ FDA ကတော့ ခွင့်ပြုချက်ပေးမထားဘူးလို့ ငြင်းဆန်နေပါတယ်။

နောက်ပိုင်းကျတော့ သမ္မတထရမ့်က လူနာရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်လာတဲ့ အရေးပေါ်အခြေအနေမျိုးမှာ ဟိုက်ဒရိုစီကလိုရိုကွင်းဆေးကို အစိုးရရဲ့ခွင့်ပြုချက်နဲ့ ဆရာဝန်က ပေးခွင့်ရှိတယ်လို့ FDA က ထောက်ခံချက်ပေးထားတယ်လို့ ထပ်မံပြောကြားလာပါတယ်။ ဒီဆေးဟာ မှတ်ပုံတင်ထားတဲ့ ဆေးဝါးဖြစ်တာကြောင့် အရေးကြီးတဲ့ အခြေအနေမျိုးမှာ ဆရာဝန်တွေက ဟိုက်ဒရိုစီကလိုရိုကွင်းဆေးကို အသုံးပြုဖို့ ညွှန်ကြားနိုင်တယ်လို့ ဆိုပါတယ်။

**အမှန်တကယ်အကူအညီပေးမလား**

ဟိုက်ဒရိုစီကလိုရိုကွင်းဆေးကို ဆေးအရောင်းဆိုင်တွေရဲ့ ကောင်တာမှာ ဝယ်ယူရရှိနိုင်ပြီး ဈေးကလည်းသိပ်ပြီး မများတဲ့ဆေးပါ။ ဒါပေမယ့် ကိုဗစ် -၁၉ကို ကုသနိုင်ဖွယ်ရှိတဲ့ဆေးအဖြစ် စတင်သတ်မှတ်လာကြတဲ့ အချိန်ကစပြီး ဆေးကို ဝယ်ယူခွင့်ရှိတဲ့ ပမာဏနဲ့ အသုံးပြုမှုကိုတော့ အတော်လေးတင်းတင်းကျပ်ကျပ်ကန့်သတ်ထားပါတယ်။ ဧပြီ ၅ ရက်မှာ အိန္ဒိယက ဟိုက်ဒရိုစီကလိုရိုကွင်းဆေး တင်ပို့ရောင်းချမှုကို ခြွင်းချက်မရှိ ပိတ်ပင်လိုက်ပါတယ်။ အိန္ဒိယနိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ခံရတဲ့ လူနာအရေအတွက် ပိုပြီးမြင့်တက်လာနေတာတောင်မှ အစိုးရက ရောင်းချမှုကို ပိတ်ပင်ခဲ့တာပါ။

> **“ဟိုက်ဒရိုစီကလိုရိုကွင်း ဆေးကို ဆေးအရောင်းဆိုင်တွေရဲ့ ကောင်တာမှာ ဝယ်ယူရရှိနိုင်ပြီး ဈေးကလည်း သိပ်ပြီးမများတဲ့ ဆေးပါ။ ဒါပေမယ့် ကိုဗစ်–၁၉ ကို ကုသနိုင်ဖွယ်ရှိတဲ့ဆေးအဖြစ် စတင်သတ်မှတ်လာကြတဲ့ အချိန်ကစပြီး ဆေးကို ဝယ်ယူခွင့်ရှိတဲ့ ပမာဏနဲ့ အသုံးပြုမှုကိုတော့ အတော်လေး တင်းတင်းကျပ်ကျပ် ကန့်သတ်ထားပါတယ်”**

**ပြန်လည်စဉ်းစားသုံးသပ်မလား**

အိန္ဒိယနိုင်ငံမှာ လက်ရှိ ကိုဗစ် -၁၉ ကူးစက်ခံရတဲ့ လူနာအရေအတွက်ဟာ အခုဆိုရင် ၃၆၆၆ ဦးအထိ ရှိနေပြီး သေဆုံးသူ ၁၀၀ ကျော် ရှိနေတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ နောက်ဆုံးကိန်းဂဏန်းဖော်ပြချက်တွေအရ သိရပါတယ်။ သို့သော်လည်းပဲ သမ္မတထရမ့်က အိန္ဒိယဝန်ကြီးချုပ် မိုဒီကို ဖုန်းခေါ်ဆိုမှုပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ ဖြစ်နိုင်တာကို ပြောရရင် အိန္ဒိယအစိုးရက ဟိုက်ဒရိုစီကလို ရိုကွင်းဆေး ပိတ်ပင်မှုနဲ့ပတ်သက်ပြီး သဘောထားရပ်တည်ချက်ကို ပြန်ပြီးစဉ်းစားသုံးသပ်မယ့်သဘော ရှိနေသလိုပါပဲ။

**တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချနိုင်စွမ်း**

လာမယ့်အနာဂတ်မှာ ပြည်တွင်းလိုအပ်ချက်က ဘာတွေဖြစ်လာနိုင်မလဲဆိုတာကို ထည့်သွင်းစဉ်းစားပြီးရင် အစိုးရက ဟိုက်ဒရိုစီကလိုရိုကွင်း ပိတ်ပင်မှုနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်တစ်ခု ချနိုင်ဖွယ်ရှိတယ်လို့ အစိုးရသတင်းအရင်းမြစ်တစ်ခုက ပြောကြားခဲ့မှုကို ကိုးကားပြီး ဒေသမီဒီယာက ဖော်ပြပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက ကမ္ဘာ့အကြီးဆုံး ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှိတဲ့ နိုင်ငံတွေထဲက တစ်ခုဖြစ်တဲ့ အိန္ဒိယဟာ ၎င်းရဲ့ဆေးဝါးတွေကို တခြားနိုင်ငံတွေဆီ အမှန်တကယ် ဖြန့်ဖြူးရောင်းချပေးနိုင်စွမ်းရှိရဲ့လားဆိုတဲ့ အချက်ဖြစ်ပါတယ်။

အိန္ဒိယဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်များအသင်းက တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ အာရွှတ်ခ်ကူမားမာဒန်ကတော့ အဲဒီမေးခွန်းကို ဟုတ်ကဲ့၊ ရောင်းချပေးနိုင်ပါတယ်ဆိုပြီး ဖြေဆိုထားပါတယ်။ အိန္ဒိယအနေနဲ့ ပြည်တွင်းဈေးကွက် အတွက်သာမက တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အတွက်ပါ လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်တာ သေချာတယ်။ အရင်ဆုံးအနေနဲ့ ပြည်တွင်းအတွက် ဦးစားပေးထုတ်လုပ်နေတယ် ဆိုသော်ငြားလည်း ကျွန်ုပ်တို့မှာ ဒီထက်ပိုပြီး ထုတ်လုပ် ဖြန့်ဖြူးနိုင်စွမ်းရှိတယ်လို့ ၎င်းက ပြောကြားခဲ့တာဖြစ်ပါတယ်။

**တရုတ်နိုင်ငံမှ ဝင်နေဆဲဖြစ်**

ဟိုက်ဒရိုစီကလိုရိုကွင်းဆေးကို ထုတ်လုပ်ရာမှာ သုံးတဲ့ ဆေးဝါးပါဝင်ပစ္စည်းတင်ပို့မှုကို တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန်ကန့်သတ်မှုတွေ လုပ်ဆောင်နေတယ်ဆိုတဲ့သတင်းတွေ မမှန်ကန်ကြောင်းကိုလည်း မစ္စတာမာဒန်က ငြင်းဆန်ထားပါတယ်။ ဆေးထုတ်လုပ်ဖို့လိုအပ်တဲ့ ပါဝင်ပစ္စည်းတွေအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းနီးပါးကို တရုတ်နိုင်ငံဆီက ရရှိတယ်ဆိုတဲ့အချက်ကို ၎င်းက အသိအမှတ်ပြုဝန်ခံထားပြီး တရုတ်ကလာတဲ့ အဲဒီပစ္စည်းတွေဟာ ပင်လယ်ရေကြောင်းကနေရော လေကြောင်းကနေပါ ဖြည်းဖြည်းမှန်မှန် ဆက်ဝင်နေတယ်လို့ ဆိုပါတယ်။

**အထောက်အထားလိုအပ်**

ဓာတ်ခွဲခန်းလေ့လာမှုတွေအရ ကလိုရိုကွင်းဟာ ကိုဗစ်-၁၉ ကို ဟန့်တားနိုင်တယ်လို့ ထင်ရပြီး အထောက်အကူဖြစ်တယ်လို့ ဆရာဝန်တွေက ပြောကြားခဲ့တဲ့ သက်သေအထောက်အထားအချို့ ရှိတယ်လို့ သိရပါတယ်။ ဒါပေမယ့်လည်း အမှန်တကယ်ရောဂါဖြစ်ပွားနေတဲ့လူနာတွေမှာ အဲဒီဆေးက ဘယ်လိုပြုမူ သက်ရောက်တယ်ဆိုတာကို ပြသဖို့ အရေးကြီးတဲ့ ပြီးပြည့်စုံတဲ့ ကုသမှုဆိုင်ရာ စစ်ဆေးချက် အထောက်အထားတွေတော့ မရှိသေးဘူးလို့ သိရပါတယ်။

**ကိုးကား–ဆင်ဟွာ၊ ဘီဘီစီ**

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ်နိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ အသစ် ၃၂ ဦးရှိပြီး သေဆုံးသူမရှိ

**ပေကျင်း ဧပြီ ၇**

တရုတ်နိုင်ငံတွင် ဧပြီ ၆ ရက်က နောက်ထပ် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၂ ဦးရှိပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၈၁၇၀ ဦးရှိသည်ဟု အမျိုးသားကျန်းမာရေးကော်မရှင်က ဧပြီ ၇ ရက်တွင် ပြောကြားခဲ့သည်။ ပြန်လည်ကျန်းမာပြီးနောက် ဆေးရုံပေါ်မှ ဆင်းရသူ ၂၈၅ ဦးရှိပြီး ၆၉၈ ဦးမှာ ဆေးရုံပေါ်တွင်ကုသမှု ခံယူနေဆဲဖြစ်သည်။

ဆေးရုံပေါ်မှ ၂၁ ဦးမှာ စိုးရိမ်ရသည့်အခြေအနေရှိသည်ဟု ကော်မရှင်၏ နေ့စဉ်အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဧပြီ ၇ ရက်တွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးသူမရှိခဲ့ပေ။ ဇန်နဝါရီလမှစတင်ကာ မှတ်တမ်းများ ပြုလုပ်ခဲ့ပြီး ယခုတစ်ကြိမ်မှာ သေဆုံးသူမရှိနေ့ရက်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ဆင်ဟွာ

### နီပေါ၌ လေကြောင်းလိုင်းများ သွားလာခွင့် ကန့်သတ်ခြင်းကို ဧပြီ ၁၅ ရက်အထိ ထပ်မံတိုးမြှင့်

**ခတ္တမန္ဒူ ဧပြီ ၇**

ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားနေချိန်တွင် နီပေါအစိုးရသည် နိုင်ငံတကာလေကြောင်းလိုင်းများ ပျံသန်းသွားလာခွင့် ကန့်သတ်ခြင်းကို ဧပြီ ၁၅ ရက်အထိ ထပ်မံတိုးမြှင့်လိုက်ကြောင်း နီပေါအစိုးရ အဆင့်မြင့်အရာရှိတစ်ဦးက ပြောကြားလိုက်သည်။

နိုင်ငံတကာလေကြောင်းလိုင်းများ ပျံသန်းထွက်ခွာခွင့်ကန့်သတ်ခြင်းကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ ပထမဆုံး သတ်မှတ်ထားရာမှ ယခုဒုတိယအကြိမ်အဖြစ် နောက်ဆုံးသတ်မှတ်ရက်ကို ဧပြီ ၁၅ ရက်အထိ ထပ်မံတိုးမြှင့်ရန် သတ်မှတ်လိုက်ကြောင်း အစိုးရက ဆုံးဖြတ်ချက်ချမှတ်လိုက်ခြင်း ဖြစ်သည်။

နီပေါနိုင်ငံသည် ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသည့်အနေဖြင့်သာ ခွင့်ပြုပေးနေသလို ဆေးဘက်ဆိုင်ရာထောက်ပံ့မှုများ လုပ်ဆောင်နေသည့် လွန်းပြန်ကြိုပို့လေယာဉ်များကိုလည်း ခွင့်ပြုပေးနေကြောင်း သိရသည်။

ဆင်ဟွာ

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၄-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေး ဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ သတင်းရယူခြင်း၊ အသွားအလာကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၆-၄-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီမှ (၇-၄-၂၀၂၀)ရက်နေ့၊ ညနေ(၆)နာရီအထိ စောင့်ကြည့် လူနာအသစ် (၁၉) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၇-၄-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသောသူ (၃၂)ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ (၃၂)ဦးလုံး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုးမရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၁)ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ(၁)ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ(၁၂)ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ(၁)ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁)ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့သို့ ပြောင်းရွှေ့လူနာ (၁)ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့သို့ ပြောင်းရွှေ့လူနာ (၃)ဦး၊ စုစုပေါင်း (၁၉)ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၁) ဦးနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးမှ လူနာ(၁)ဦးတို့အား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၇-၄-၂၀၂၀)ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂)ဦး တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ထန်တလန်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေး ချင်းပြည်နယ် လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ဟားခါး ဧပြီ ၇**

ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုကာလအတွင်း ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျ စီမံဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့် တာဝန်ရှိသူများသည် ဧပြီ ၇ ရက်က ချင်းပြည်နယ် ထန်တလန်မြို့သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် နံနက် ၉ နာရီတွင် ထန်တလန်မြို့ မြို့အဝင် လုံခြုံရေးဂိတ်နေရာတွင် ကျန်းမာရေး စစ်ဆေးမှုများနှင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း ထားရှိမည့် လူငယ်သင်တန်းကျောင်း (ထန်တလန်)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ထန်တလန်မြို့ ပြည်သူ့ဆေးရုံတို့သို့ ရောက်ရှိ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်ကာလအတွင်း အသုံးပြုနိုင်ရေး ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး တက်ရောက်လာကြသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ထန်တလန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း အသုံးပြုနိုင်ရန် ထောက်ပံ့ပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ထန်တလန်မြို့



ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်ကာလအတွင်း အသုံးပြုနိုင်ရေး ကာကွယ်ရေးဆေးပစ္စည်းများကို ပြည်နယ်လူမှုရေးဝန်ကြီးက ပေးအပ်ရာ ထန်တလန်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာထွန်းပွားက လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၂၀ ကို ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းက ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်ကလည်းကောင်း လက်ခံရယူခဲ့ကြသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# မော်လမြိုင်တက္ကသိုလ် (၁၀)မြို့နယ်အဆောင်များတွင် သီးသန့်နေထိုင်စောင့်ကြည့်မှု ၁၄ ရက်ကြာပြည့်ပြီးသူ နေရပ်ပြန် ၁၁၈ ဦးအား နေအိမ်သို့ပြန်လည်ပို့ဆောင်

**မော်လမြိုင် ဧပြီ ၇**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နေရပ်ပြန်များကို မော်လမြိုင်တက္ကသိုလ် (၁၀) မြို့နယ် အဆောင်များတွင် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း သီးသန့်နေထိုင်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သီးသန့်နေထိုင်စောင့်ကြည့်မှု ၁၄ ရက်ကြာ ပြည့်ပြီးသူ နေရပ်ပြန် ၁၁၈ ဦးတို့ကို နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ၁၄ ရက်ပြည့်ပြီးသူ ၁၁၈ ဦးမှာ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အဦများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း သီးသန့်နေထိုင်စောင့်ကြည့်မှုများတွင် မတ် ၂၄ ရက်၊ ၂၅ ရက်များက လာရောက်နေထိုင်သူများဖြစ်ပြီး ၎င်းတို့ကို မော်လမြိုင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတိုးလွင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းတို့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အရပ်ဘက် လူမှုကယ်ဆယ်ရေး အဖွဲ့အစည်းများ ပူးပေါင်းကာ သက်ဆိုင်ရာ ရပ်ကွက်ရှိ နေအိမ်အသီးသီးသို့ ပို့ဆောင်ပေးခဲ့သည်။ **(အောက်ပုံ)**

မော်လမြိုင်တက္ကသိုလ် (၁၀) မြို့နယ် အဆောင်များတွင် ယနေ့အထိ ၁၄ ရက်ကြာ သီးသန့်နေထိုင်သူများ ကျန်ရှိသေးကြောင်း သိရသည်။ **ဝေလင်း(ပြန်/ဆက်)**



# ပင်လုံမြို့၌ ကိုဗစ်-၁၉ အတည်ပြုလူနာအမှတ် (၉)နှင့် ထိတွေ့ခဲ့သဖြင့် ကန့်သတ်စောင့်ကြည့်ခံရသူများအား နေအိမ်သို့ ပြန်ခွင့်ပြု

**ပင်လုံ ဧပြီ ၇**

လွိုင်လင်မြို့နယ် ပင်လုံမြို့သို့ ကိုဗစ်-၁၉ အတည်ပြုလူနာ အမှတ်(၉) နှင့်အတူ ထိုင်းနိုင်ငံ မြဝတီဝင်ပေါက်မှတစ်ဆင့် ပြည်တွင်းသို့ ဝင်ရောက်လာပြီး ပင်လုံမြို့သို့ ပြန်ရောက်ရှိလာကြသည့် ၁၅ ဦးအား မတ် ၂၄ ရက် ညနေပိုင်းတွင် ပင်လုံမြို့ တက္ကသိုလ်ဘော်ဒါဆောင်၌ အသွားအလာကန့်သတ်ထားရှိရာ ယနေ့ နံနက် ၁၀ နာရီတွင် နေအိမ်သို့ ပြန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ အတည်ပြုလူနာ အမှတ် (၉)နှင့် ထိတွေ့ခဲ့ပြီး ကန့်သတ်စောင့်ကြည့်ခံရသူများဖြစ်သည့် ၁၅ ဦးအား ပင်လုံမြို့ဆေးရုံတာဝန်ခံ ဒေါက်တာစိုင်းမြတ်သူရက လိုအပ်သည်များမှာကြားကာ စောင့်ကြည့်ကာလပြည့်ပြီဖြစ်၍ ကျန်းမာရေးကောင်းမွန်သဖြင့် နေအိမ်များသို့ ပြန်ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကွန်ပျူတာတက္ကသိုလ်တွင် ကျန်ရှိနေသည့် ပြည်ပမှ ဝင်ရောက်လာသူ ၃၁ ဦးကိုလည်း စောင့်ကြည့်ကာလပြည့်လျှင် ပြန်လည်စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နန်းမြင့်မြင့်ဆွေ(ပြန်/ဆက်)**

# ဆေးတက္ကသိုလ်(မန္တလေး)၌ အသက်ရှူအထောက်အကူပြုကိရိယာ ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်

**မန္တလေး ဧပြီ ၇**

မန္တလေးမြို့ ဆေးရုံကြီးများရှိ လက်ထောက်ဆရာဝန်များအား ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းတွင် အရန်အင်အားအဖြစ် စုစည်းထားရှိနိုင်ရန် အသက်ရှူအထောက်အကူပြုကိရိယာ ကိုင်တွယ်အသုံးပြုနည်း သင်တန်းကို ယနေ့ နံနက်ပိုင်းက ဆေးတက္ကသိုလ်(မန္တလေး) တွင် ဖွင့်လှစ်သည်။

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအား ကုသမှုပေးနေကြသည့် မေ့ဆေးဆရာဝန်များ၊ အရေးပေါ်ကုသရေးဆိုင်ရာ ဆရာဝန်များအနေဖြင့် ပင်ပန်းနွမ်းနယ်ခြင်း (သို့မဟုတ်) ရောဂါရှိလူနာနှင့် ထိတွေ့မှုကြောင့် ၎င်းတို့ကိုယ်တိုင် ၁၄ ရက် စောင့်ကြပ်ကြည့်ရှုမှုခံယူရပါက အစားထိုးဖြည့်ဆည်းနိုင်ရန် လက်ထောက်ဆရာဝန်များအား အရန်အင်အားအဖြစ် စုစည်းထားရှိကာ ကုသမှုဆိုင်ရာ နည်းပညာသင်တန်းများကို ကြိုတင်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က ပြောသည်။

"ကုသမှုတွေကြောင့် ပင်ပန်းနွမ်းနယ်သွားလို့ အင်အားလျော့ကျသွားတဲ့ မေ့ဆေးဆရာဝန်တွေရဲ့ နေရာမှာ အရန်အင်အားအဖြစ်ထားရှိနိုင်ဖို့ လက်ထောက်ဆရာဝန်တွေကို အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ပေးထားတဲ့ လူနာကို စက်ပေါ်က သတိပေးချက်တွေကိုကြည့်ပြီး လူနာရဲ့ အခြေအနေပြောင်းလဲသွားတာတွေကို ချက်ချင်းသိနိုင်ဖို့ လေ့ကျင့်သင်ကြားပေးတဲ့ သဘောပါ။ ဒီသင်တန်းမှာ စက်ရဲ့ သဘောသဘာဝကို လေ့ကျင့်ပေးမယ့်အပြင် လူနာနဲ့ စက်နဲ့ တွဲပြီး စက်ပေါ်က ဖော်ပြချက်တွေကို သိနိုင်ဖို့ လေ့ကျင့်ပေးမှာပါ။ အဓိကအနေနဲ့ မေ့ဆေးဆရာဝန်တွေကို လိုအပ်တဲ့ အချိန်မှာ အဆင်ပြေလွယ်ကူစွာ ကူညီပေးနိုင်တဲ့ အဆင့်အထိရှိလာအောင် သင်ကြားပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ သင်တန်းကို ဆေးတက္ကသိုလ်(မန္တလေး)မှ ဦးဆောင်၍ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ဆရာဝန်များ၊ မေ့ဆေးပညာဌာနမှ ဆရာဝန်များ ပူးပေါင်း၍ မန္တလေးမြို့ ဆေးရုံကြီးများရှိ လက်ထောက်ဆရာဝန်များကို ဧပြီ ၇ ရက်မှ ၈ ရက်အထိ တစ်ရက်လျှင် ၂၀ နှုန်းဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုသင်တန်းတွင် လာရောက်သင်ကြားပို့ချပေးသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာအေးသီရိနိုင်က "လက်ထောက်ဆရာဝန်တွေကို အရေးပေါ်လိုအပ်လာရင် ဝိုင်းပြီးကူညီနိုင်အောင် ကြိုတင်သင်ကြားပေးတဲ့ သဘောပါ။ အရေးပေါ် အသက်ကယ်စက်တပ်ဆင်ထားတဲ့ လူနာကို စောင့်ရှောက်တဲ့အခါမှာ အရေးကြီးတဲ့ သတိပေးချက် အဆင့်ဆင့်ကို ဂိုက်လိုင်းနဲ့အညီ သိရှိစေဖို့ သင်ကြားပေးတာပါ။ ကျွန်မတို့ ဆရာဝန်တွေက ဘယ်လိုလူနာမဆို ကုသပေးနေကျဖြစ်တဲ့အတွက် ဒီရောဂါကိုလည်း ရှေ့တန်းကနေ ကြိုတင်ကာကွယ်ပေးထားပါတယ်။ ဆက်လက်ပြီးလည်း ကြိုးစားလုပ်ဆောင်သွားပါမယ်။ ဒီလို ခက်ခဲနေတဲ့ကာလမှာ ညီညီညာညာ လက်တွဲပြီး ပါဝင်ပေးကြတဲ့အပြင် တိုက်ပွဲဝင်နေကြတဲ့ ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေကို သဒ္ဓါထက်သန်စွာနဲ့ ပံ့ပိုးလှူဒါန်းပေးနေတာကိုလည်း ကျေးဇူးတင်ပါတယ်။ ရောဂါကာကွယ်ရေးအတွက် သတ်မှတ်ထားတဲ့ ဧပြီ ၂၁ ရက်အထိ အားလုံး အိမ်ထဲမှာနေပြီး ဒီကပ်ရောဂါကြီးကို အတူတူကျော်လွှားကြပါစို့"ဟု ပြောသည်။



ဆေးတက္ကသိုလ်(မန္တလေး) အသက်ရှူအထောက်အကူပြုကိရိယာကိုင်တွယ်အသုံးပြုနည်း လက်တွေ့သင်ကြားပေးစဉ်။

ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် အရန်အင်အားများအဖြစ် ဆက်လက်စုစည်းထားရှိနိုင်ရန် ယခုဖွင့်လှစ်သင်ကြားပေးသည့် နည်းပညာရပ်များအား ဗီဒီယိုဖိုင်နှင့် ရိုက်ကူးကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လက်ထောက်ဆရာဝန်များထံသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည့်အပြင် သင်တန်းတက်ရောက်ရန် တောင်းဆိုမှုများရှိလာပါကလည်း ဆက်လက်ဖွင့်လှစ်ပေးရန် စီစဉ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဧပြီ ၇**

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန်အတွက် ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် စာအုပ်စာစောင်များ လှည့်လည် ငှားရမ်းပေးမှုနှင့်အတူ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထားဝယ်လေဆိပ်၌ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်းနှင့် ကိုဗစ်-၁၉ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေစဉ်။

ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ နီရိလောန်းကျေးရွာနှင့် ဟားခါးခရိုင် မီးသတ်ဦးစီးဌာနတို့တွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ လေဆိပ်၊ စည်ပင်သာယာဈေး၊ ပြည်သူ့ဆေးရုံကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ပရဟိတဂေဟာများ၊ အဝေးပြေးယာဉ်ရပ်နား စခန်းများတွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့တို့တွင် လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်သန့်ဆေးရည်ဖြင့် စနစ်တကျ လက်ဆေးမှု သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ရုပ်ရှင်နှင့် ဂီတ အနုပညာရှင်များက နှိုးဆော်ပေးသည့် အသိပညာပေး နှိုးဆော်ချက်များကို နံရံကပ်ပြဘုတ်များတွင် ချိတ်ဆွဲပြသခြင်း၊ ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရေး၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ နေထိုင်ရေး၊ နှာခေါင်းစည်းများ တပ်ဆင်သည့် အလေ့အကျင့်များ ရှိစေရေးတို့ကို အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ သီကောင်းစရာများ၊ အသွားအလာကန့်သတ်ခြင်းဆိုင်ရာများကို လိုက်နာဆောင်ရွက်ရေး အသံချဲ့စက်များဖြင့် လှည့်လည်နှိုးဆော်ခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ရပ်ရွာအခြေပြုစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းများကို ကျန်းမာရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းနိုင်(ပြန်/ဆက်)**

# ပန်းတနော်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

**ပန်းတနော် ဧပြီ ၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြို့နယ်အဆင့်လုပ်ငန်းကော်မတီသို့ ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျွဲမိုးမြတ်မြတ်သူက ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ ပူးပေါင်းပါဝင်ပြီး သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ရန်၊ ကာကွယ်ရေးလုပ်ငန်းများကို အဓိကထား စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အတွင်းရေးမှူး ဒေါက်တာအေးမင်းသန်းက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ထောက်ပံ့ငွေကျပ်သိန်း ၁၂၀ နှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား ပေးအပ်လှူဒါန်းရာ မြို့နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးရဲမင်းအောင်က လက်ခံယူခဲ့သည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး သီပေါ နမ့်လန်ဒေသဈေးသစ်ကြီး၌ ပိုးသတ်ဆေးဖျန်း

**သီပေါ ဧပြီ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်၏ စီမံဆောင်ရွက်မှု နမ့်လန်ဒေသစည်ပင်ရုံးခွဲ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးကျော်လင်းဦး ကြီးကြပ်မှုဖြင့် စည်ပင်ဝန်ထမ်းများ၊ ဈေးသူဈေးသားများနှင့် ပရဟိတအဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးနှင့် ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ယမန်နေ့က နမ့်လန်မြို့မဈေးကြီး အတွင်းအပြင်တို့၌ ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းမောင်၊ မိဘမေတ္တာဆေးခန်းမှ အထူးကုဆရာဝန် ဒေါက်တာဉာဏ်ရွှင်နှင့် နမ့်လန်ဆေးရုံမှတာဝန်ခံဆရာဝန် ဒေါက်တာပြည့်ကိုကို တို့က ကျန်းမာရေးဆိုင်ရာ ညွှန်ကြားမှုတို့ဖြင့် ပိုးသတ်ဆေးများကိုလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# သင်္ကြန်ကာလတွင် ပုံမှန်ဝင်ငွေမရှိသောအခြေခံပြည်သူတို့အား စားသောက်ကုန်ငါးမျိုးပေးဝေနိုင်ရန် စာရင်းများကောက်ယူ

**ရန်ကုန် ဧပြီ ၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးတွင် အရေးကြီးကာလဖြစ်သော သင်္ကြန်ရုံးပိတ်ရက်၌ ပုံမှန်ဝင်ငွေမရှိသော အခြေခံပြည်သူတို့အား အခြေခံစားသောက်ကုန်များဖြန့်ဝေနိုင်ရန် ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အရှေ့ပိုင်းနှင့် အနောက်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ စာရင်းများ လိုက်လံကောက်ယူလျက်ရှိကြောင်း သိရသည်။

စားသောက်ကုန်ငါးမျိုးဖြစ်သော ဆန်ရှစ်ပြည်၊ ဆီ ၅၀ သား၊ ဆား ၅၀ သား၊ ပဲ တစ်ပိဿာ၊ ကြက်သွန်တစ်ပိဿာတို့ကို ဧပြီ ၁၀ ရက်မှစ၍ ဖြန့်ဖြူးပေးရန်၊ ဧပြီ ၆ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ သတင်းထုတ်ပြန်ခဲ့ပြီး ရပ်ကွက်၊ ကျေးရွာတို့ရှိ အခြေခံပြည်သူများဖြစ်သော ပျံကျဈေးသည်(ခေါင်းရွက်ဗျပ်ထိုး)၊ အနေးယာဉ်လုပ်သား၊ ကျပန်းလုပ်သား (ပန်းရန်၊ လက်သမား၊ ကုန်ထမ်း)၊ ရေလုပ်သား(တံငါ)၊ သမ္မန်(ကူးတို့သမား)၊ အလုပ်ကြမ်းသမား(ကျောက်ခွဲ၊ ဂဝံတူး၊ မြေတူး၊ အုတ်ဖုတ်) နှင့် ပျိုးနုတ်၊ ကောက်စိုက်၊ ခြံလုပ်သား စသော အချက်ခုနစ်ချက်တွင် ပါဝင်သော အခြေခံပြည်သူတို့ကို ပေးဝေနိုင်ရန် စာရင်းများ ကောက်ယူခဲ့ကြသည်။

လှိုင်သာယာမြို့နယ်မှာ ရန်ကုန်တိုင်းဒေသကြီးတွင် အခြေခံပြည်သူအများဆုံးနေထိုင်ရာ မြို့နယ်ဖြစ်သောကြောင့် စားသောက်ကုန်များ အချိန်မီဖြန့်ဝေနိုင်ရန်နှင့် မလိုလားအပ်သော လေလွင့်ကြန့်ကြာမှု၊ အဂတိလိုက်စားမှုမဖြစ်ပေါ်စေရန် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လှိုင်သာယာအရှေ့ပိုင်း၊ အနောက်ပိုင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အိမ်ထောင်စုဝင်စာရင်းများအား ဧပြီ ၈ ရက် နေ့လယ် နောက်ဆုံးထား၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ကာ အဆိုပါ စာရင်းများအား ညပိုင်းတွင်လည်း ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**၁၆၄**

# အခြေခံလူတန်းစားများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့သွားမည့်အစီအစဉ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ကုန်သည်/စက်မှုအသင်းချုပ်က ပူးပေါင်းပါဝင်သွားမည်

ရန်ကုန် မေ ၇

**နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ အရေးကြီးကာလဖြစ်သည့် မဟာသင်္ကြန် ရုံးပိတ်ရက်ရှည် ကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် အိမ်ထောင်စု တစ်စုလျှင် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန် စားသောက်ကုန်ပစ္စည်း ငါးမျိုး ထောက်ပံ့ကူညီသွားမည့် အစီအစဉ်တွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးအေးဝင်းက ပြောသည်။**

ကုန်သည်/ စက်မှုအသင်းချုပ်မှ အထွေထွေ အတွင်းရေးမှူးချုပ် ဦးအေးဝင်းက "ကုန်သည်/စက်မှု အသင်းချုပ်အနေနဲ့ နိုင်ငံတော် အစိုးရက အခြေခံလူတန်းစားတွေကို ထောက်ပံ့မယ့် အစီအစဉ်မှာ ပူးပေါင်း ပါဝင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အသင်းချုပ်အနေနဲ့ ရန်ပုံငွေ ကျပ်သိန်း ၁၅၀၀ ကို မတည်ထားပါတယ်။ ပြီးတော့ အသင်းချုပ်ရဲ့ ညီနောင် အသင်းတွေ၊ လုပ်ငန်းရှင်တွေ၊ စေတနာရှင် ပြည်သူတွေ ပူးပေါင်း ပါဝင်ဖို့အတွက်လည်း ဖိတ်ခေါ်ထား ပါတယ် " ဟု ပြောသည်။

နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေ မရှိသော အခြေခံလူတန်းစားများ အတွက် စားသောက်ကုန်ပစ္စည်းများ အခမဲ့ဖြန့်ဖြူး ထောက်ပံ့သွားမည့် အစီအစဉ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စားသောက်ကုန် ပစ္စည်းများ ပို့ဆောင်ရာတွင်လည်း အသင်းချုပ်က ကူညီသွားမည်ဟု ပြောသည်။

"အသင်းချုပ် အနေနဲ့ လတ်တလောမှာတော့ နိုင်ငံတော် အစိုးရက ဆောင်ရွက်နေတဲ့ အစီအစဉ် မှာပါတဲ့ စားနပ်ရိက္ခာ ငါးမျိုးအပြင် ငွေမဟုတ်ဘဲနဲ့ တခြားပစ္စည်းတွေ ကိုလည်း လှူမယ်ဆိုရင်လည်း လက်ခံ ပါတယ်။ အသင်းချုပ်ရဲ့ ကြေညာချက် ထွက်ထွက်ချင်းပဲ တချို့အလှူရှင် တွေက ဆန်အိတ် ၁၀၀ နဲ့ ညီမျှတဲ့ ငွေကို လှူချင်ပါတယ်။ ဆန်ကိုဝယ်ပြီး စီစဉ်ပေးပါဆိုရင်လည်း စီစဉ်ပေးပါ တယ်။ တချို့အသင်းတွေကလည်း လူဦးရေပမာဏ ဘယ်လောက်အတွက် လှူချင်တယ်ဆိုရင်လည်း ငွေသား မဟုတ်ဘဲနဲ့ ဆန်၊ ဆီကိုလည်း တိုက်ရိုက်လှူတာရှိပါတယ်။ ငွေသား လာလှူရင်လည်း ကျွန်တော်တို့ ဘက်က လက်ခံပေးပြီး နိုင်ငံတော်ကို လှူတဲ့အထဲ ထည့်ပေးပါတယ်။ စားသုံး ဆီအတွက်လည်း ငွေကျပ်သိန်း ၉၀၀ လောက် တန်ဖိုးရှိတဲ့ ဆီဘူးတွေ လာရောက်လှူဒါန်းထားတာ ရှိပါ တယ်"ဟု ၎င်းက ပြောသည်။



ဦးအေးဝင်း (အထွေထွေအတွင်းရေး မှူးချုပ်၊ မြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်)

ထို့ပြင် ကုန်သည်/စက်မှုအသင်း ချုပ် အနေဖြင့် ဈေးကွက်တွင်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှု မရှိစေရေးနှင့် ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး တို့အတွက် ညီနောင်အသင်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

"ကိုဗစ်-၁၉ နဲ့ ပတ်သက်တဲ့ ရိုက်ခတ်မှု ရှိပြီဆိုကတည်းက ဈေးကွက်ထဲမှာ ကုန်ဈေးနှုန်းတည် ငြိမ်ရေးအတွက်ကိုလည်း အသင်းချုပ် အနေနဲ့ အားစိုက်ပြီး လုပ်ကိုင် ခဲ့ပါတယ်။ ညီနောင်အသင်းအဖွဲ့တွေ အားလုံးကို ဖိတ်ခေါ်ပြီးတော့ ကုန် ဈေးနှုန်းကို တတ်နိုင်သလောက် အလွန်အမင်း မြင့်တက်သွားတာ၊ စားသောက်ကုန်ပစ္စည်းတွေ ပြတ်လပ် မှုဖြစ်မသွားအောင် စည်းရုံးပြီး လုပ်ခဲ့ ကြပါတယ်။ အထူးသဖြင့် အခြေခံ လူတန်းစားတွေ နေထိုင်တဲ့ စက်မှုဇုန် တွေမှာလည်း ညီနောင်အသင်းအဖွဲ့ တွေနဲ့ စုစည်းပြီး စားသောက်ကုန် ပစ္စည်းတွေကို ရောင်းချပေးခဲ့ပါတယ်။ ရောင်းချပေးတဲ့ နေရာမှာလည်း လက်ကားဈေးနဲ့ ရောင်းချပေးခဲ့ပါ တယ်။ တစ်ဖက်မှာလည်း အိမ်ဆိုင် လေးတွေကို နစ်နာထိခိုက်မှုမရှိအောင် ထိန်းပြီးရောင်းခဲ့ပါတယ်။ အဓိက ဈေးကွက်ကို ဈေးကွက်နဲ့ပြန်ပြီး ညှိနှိုင်းပြီးရောင်းတဲ့ပုံစံကို လုပ်ခဲ့ခြင်း ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)**

## ရွှေဘိုမြို့နှင့် ရေဦးမြို့၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အရှိန်မြှင့်ဆောင်ရွက်

ရွှေဘို မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက်တွင် ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်မိရပ်ဖများ နှင့် ပူးပေါင်း၍ ရွှေဘိုမြို့ ဝေယံဘုံကျော် ဘုန်းကြီးကျောင်း၊ မစိုးရိမ်အရှေ့တိုက် ဘုန်းကြီးကျောင်း၊ စတုဘုမ္မိက ဘုန်းကြီးကျောင်း၊ ရွှေမြိုင်ဗိုလ် ဘုန်းကြီးကျောင်း၊ သုဇာတာရာမကျောင်းတိုက်နှင့် ဆုတောင်းပြည့်ဘုရားတို့၌ သံဃာတော်များနှင့် ရှင်သာမဏေများအား ကိုယ်အပူချိန်တိုင်းခြင်း၊ ကျောင်းတိုက်များအတွင်း ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရေဦးမြို့၌လည်း မစိုးရိမ်ကျောင်းတိုက်၊ ဘုံပျံကျောင်းတိုက်၊ ချမ်းသာဦးကျောင်းတိုက် စသည့် ဘုန်းကြီးကျောင်းများနှင့် အခြား လူစည်ကားသည့် နေရာများဖြစ်သော အေးချမ်းသာဆေးရုံ၊ ZONE ကားဝပ်ရှော့၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ရေဦးမြို့ပန်းခြံတို့၌ ရေဦးမြို့နယ် မီးသတ် ဦးစီးမှူး ဦးရန်ပိုင်ဖြိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေး များ ဖျန်းပေးခဲ့ကြကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## နမ့်စန်တွင် ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပိုးသတ်ဆေးများဖျန်း

နမ့်စန် မေ ၇

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန် မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အနေဖြင့် ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို မြို့မဈေး၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာရုံးများနှင့် ပြည်သူများ အသွားအလာများပြားသည့် နေရာ များတွင် နေ့စဉ်ဆောင်ရွက်လျက် ရှိရာ မေ ၆ ရက် ည ၈ နာရီခွဲက မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေး အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ နမ့်စန်မြို့တွင်းရှိ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပိုးသတ်ဆေးများ ဖျန်းခဲ့ကြောင်း သိရသည်။

ပြည်နယ် လွှတ်တော်ကိုယ်စား လှယ် ဦးလင်းအောင်ဆွေ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဦးစီးကော်မတီ ဝင်များ ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန် မီးသတ်တပ်ဖွဲ့များ၊ ကြက်ခြေနီ အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများပူးပေါင်း၍ အမှတ်(၂) ရပ်ကွက် နမ့်စန်မြို့ဝင် ဆိုင်းဘုတ်မှစတင်၍ တာချီလိတ်- နမ့်စန်-တောင်ကြီး ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် နမ့်စန်မြို့ အတွက် အမှတ်(၄) ရပ်ကွက်အထိ ပိုးသတ်ဆေးများ ဖျန်းခဲ့ကြ ကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းနေစဉ်။

**သူရအောင်(ပြန်/ဆက်)**

## ဒေးဒရဲမြို့၌ ခရီးသည်တင်မော်တော်ယာဉ်နှင့် ရေယာဉ်များတွင် ပိုးသတ်ဆေးဖျန်း

ဒေးဒရဲ မေ ၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်ရေး ဆောင်ရွက်မှုအဖြစ် ခရီးသည်တင် မော်တော်ယာဉ်နှင့် ရေယာဉ် များတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၆ ရက်က ဆောင်ရွက်ခဲ့သည်။ မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးကော်မတီ၏ ပံ့ပိုးမှုဖြင့် မီးသတ်ဦးစီးဌာန ဝန်ထမ်းများက အဝေးပြေးကားဝင်းအတွင်းမှ ခရီးသည်တင် မော်တော်ယာဉ်များ၊ ကားဝင်းအတွင်းအပြင် နေရာများ၊ ခရီးသည်တင် ရေယာဉ် များ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံတံတားများနှင့် ဇက်ဆိပ်တို့၌ ပိုးသတ်ဆေးများ ဖျန်းခဲ့ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘောဂလိ၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်

ဘောဂလိ မေ ၇

ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ကရင်ပြည်နယ် ဘောဂလိမြို့ တွင် ယမန်နေ့က ကျန်းမာရေးဌာန ကျေးလက်ကျန်းမာရေးမှူး ဒေါ်နန်းဖြူဖြူ အောင်နှင့်အဖွဲ့ဝင်များ၊ မြို့အုပ်ချုပ်ရေးမှူး ဦးစောဘိုဘိုကျော်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဘောဂလိမြို့အဝင်ဂိတ်၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အပူချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက် ခဲ့သည်။

ထို့နောက် ကျန်းမာရေးဌာနမှ ဆရာမက ပြည်သူတစ်ဦးချင်းစီကို လူစု လူဝေးရှောင်ကြဉ်ကြရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် လက်များကို စနစ်တကျ ဆေးကြောကြရန်၊ နှာခေါင်းစည်း တပ်ဆင်ရန်၊ နှာချေချောင်းဆိုးလျှင် တစ်ခါသုံးတစ်ရှူးများကို အသုံးပြုပြီး သေချာစွန့်ပစ်ကြရန်၊ ရောဂါလက္ခဏာ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန် ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ မိမိကစ၍ ကာကွယ်ပါ မြန်မာ၊ ကရင် နှစ်ဘာသာ လက်ကမ်းစာစောင် များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နီလာအေး(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ပညာပေးနံရံကပ်စာစောင်ပြသ



နေပြည်တော် မေ ၇

ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ ကမ္ဘာအနှံ့ကူးစက်ပြန့်ပွား လျက်ရှိရာ အများပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေး နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒက္ခိဏခရိုင်ရုံးမှ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ယနေ့ နံနက်ပိုင်း တွင် နေပြည်တော်ကောင်စီရုံးဝင်း အဝင်ဂိတ်ပေါက်၌ ခင်းကျင်းပြသသည်။

အဆိုပါ အသိပညာပေးနံရံကပ်စာစောင်တွင် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အသိပညာပေးနှိုးဆော်ချက်များ၊ နှာခေါင်းစည်း အသုံးပြု နည်း၊ စနစ်တကျလက်ဆေးနည်း၊ နှာချေ ချောင်းဆိုးရာ တွင် လိုက်နာရမည့်အချက်များ၊ ပြည်ပမှ ပြန်လည် ဝင်ရောက်လာသူများ လိုက်နာရမည့်အချက်များ၊ ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ၊ နေ့စဉ် ဘဝမှာ ခပ်ခွာခွာနေထိုင်ရမည့် နည်းလမ်းများ၊ ရုပ်ရှင် သရုပ်ဆောင်များနှင့် အနုပညာရှင်များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များဖြစ်သည့် "အိမ်မှာပဲနေပါ"၊ "အပြင်မထွက်ပါနဲ့" စသည့် အသိပေး နှိုးဆော်ချက်များကို ခင်းကျင်းပြသထားရာ ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြသည်။ (ဓါတ်ပုံ)

ထို့ပြင် နေပြည်တော်ကောင်စီရုံးဝင်း အဝင်ဂိတ်ပေါက် ၌ ရုံးဖွင့်ရက်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ ရုံးဝင်းအတွင်း ဝင်ရောက်လာကြသည့် ဌာနဆိုင်ရာ ဝန်ထမ်း များနှင့် ပြည်သူများအား အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မလွဲတောင်စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေ



**ကလိန်အောင် ဧပြီ ၇**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် နယ်စပ်ဖြစ်သည့် ကလိန်အောင်မြို့ မလွဲတောင်စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မလွဲတောင်စစ်ဆေးရေးဂိတ်မှ ပူးပေါင်းအဖွဲ့၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများနှင့် ရေဖြူမြို့နယ် ဖြူစင်မေတ္တာ လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မလွဲတောင်စစ်ဆေးရေးဂိတ်မှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်မည့် ခရီးသွားပြည်သူများအား ကိုယ်အပူချိန်တိုင်းခြင်း(ယာဉ်ပုံ)၊ ကျန်းမာရေးအခြေအနေစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်များ ထားပေး၍ လက်ဆေး စေခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြေညာချက်များကို အသိပေးပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပြီး အဆိုပါ လုပ်ငန်းများကို ဧပြီ ၃၀ ရက်အထိ အဆက်မပြတ် လုပ်ဆောင်သွားနိုင်ရန် အဖွဲ့ရှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နောင်ချို၌ ကုန်ဈေးနှုန်းများ တိုးမြှင့်ရောင်းချခြင်းမရှိရန် ကွင်းဆင်းစစ်ဆေး

**နောင်ချို ဧပြီ ၇**

နောင်ချိုမြို့၌ ကိုဗစ်-၁၉ ကို အကြောင်းပြု၍ ကုန်ဈေးနှုန်းများ တိုးမြှင့်ရောင်းချ



ခြင်းမရှိစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကာ နောင်ချိုမြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးမှုများကို ဧပြီ ၆ ရက်က ဆောင်ရွက်ခဲ့သည်။

ကုန်ဈေးနှုန်းမြင့်တက်မှုများကြောင့် နောင်ချိုမြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေးခက်ခဲမှု မဖြစ်စေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းဝင်း ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံနှင့် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်းကာ နောင်ချိုမြို့မဈေးအတွင်း ရောင်းချနေသော အခြေခံစားသောက်ကုန်များကို ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်း မရှိစေရန် ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ နောင်ချိုမြို့မဈေးအတွင်း အခြေခံစားသောက်ကုန်များကို ရောင်းချနေသော ဈေးသည်များအနေဖြင့် ကုန်ဈေးနှုန်းများ တိုးမြှင့်ခြင်းမရှိဘဲ ပုံမှန်အတိုင်းသာ ရောင်းချလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုင်းပျဉ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မိုင်းပျဉ်း ဧပြီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာတင်ဦးနှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ရောဂါကာကွယ်ရေး ဆောင်ရွက်မှုအဖြစ် မြို့အဝင်ဂိတ်များ၊ ဌာနဆိုင်ရာရုံးများ၊ ဈေးနှင့် ရပ်ကွက်များတွင် ပြည်သူများအား ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်း၊ ရောဂါကာကွယ်သည့် နည်းစနစ်များ အသိပေးပြောကြားခြင်း၊ မြို့ပေါ်ရပ်ကွက်များတွင် အသံချဲ့စက်ဖြင့် လိုက်လံကြေညာ၍ အသိပေးနှိုးဆော်ခြင်း၊ မြန်မာ၊ ရှမ်း နှစ်ဘာသာဖြင့် ထုတ်ဝေထားသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဌာနဆိုင်ရာရုံးများ၊ ဈေးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသလို ပြည်ပမှ ပြန်ရောက်လာသူများအား သတ်မှတ်ထားသည့်နေရာ၌ သီးသန့်ထားရှိ၍ စောင့်ကြည့် ခြင်းကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တနိုင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ဖြန့်ဝေပေး

**တနိုင်း ဧပြီ ၇**

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ တနိုင်းမြို့ ဈေးများ၌ နှာခေါင်းစည်းများ၊ ပညာပေးစာစောင်များနှင့် လက်သန့်ဆေးရည်များကို ဧပြီ ၆ ရက်က ဖြန့်ဝေပေးခဲ့သည်။

မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ဝါဦးတို့က ဦးဆောင်၍ ဈေးများရှိ ဈေးသည်များနှင့် အလုပ်သမားများ၊ ဈေးပတ်ဝန်းကျင်ရှိ အနေးယာဉ်လုပ်သားများ၊ ကာယလုပ်သားများအား ကိုဗစ်-၁၉ ကာကွယ်ရေး ပညာပေးဟောပြောပြီး နှာခေါင်းစည်း အခု ၂၅၀၊ ပညာပေးလက်ကမ်းစာစောင် ၅၀၀ နှင့် လက်သန့်ဆေးရည်ဘူး ၄၀ ကို ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ဈေးအတွင်း ပညာပေးပိုစတာများကပ်ခြင်းနှင့် ကိုယ်အပူချိန် တိုင်းတာခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေး ဗီနိုင်းကပ်ပြီး လက်ကမ်းစာစောင်များဖြန့်ဝေ

**သံတောင်ကြီး ဧပြီ ၇**

ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အသိပညာပေး ဗီနိုင်းကပ်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ် တာဝန်ရှိသူများက ဧပြီ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ လူထူထပ်သည့်နေရာများကို တတ်နိုင်သမျှ ရှောင်ကြဉ်ရန်၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောရန်၊ နှာချေ/ချောင်းဆိုးသည့်အခါတွင် နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုရန်၊ အာဟာရပြည့်ဝအောင် စားသုံးရန်နှင့် ကောင်းမွန်စွာ အိပ်စက်အနားယူရန် စသည့် အသိပညာပေး လက်ကမ်းစာစောင် ၃၀၀ ကို အခမဲ့ ဖြန့်ဝေပေးခဲ့သလို အသိပညာပေး ဗီနိုင်းများကိုလည်း မြို့ပေါ်ရပ်ကွက် ငါးခုမှ လူသွားလူလာများသည့်နေရာများ၊ လမ်းဆုံလမ်းခွများတွင် လိုက်လံ ကပ်ထားပေးခဲ့ခြင်းဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့နယ်မှ ကျေးရွာများသို့ ကိုဗစ်-၁၉ ကာကွယ်ရေး ကွင်းဆင်း အသိပညာပေး

**ပြင်ဦးလွင် ဧပြီ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၆ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းမှ ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး ကျေးလက်နေပြည်သူများအား ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာများကို အသံချဲ့စက်ဖြင့်ကြေညာ၍ အသိပညာပေး နှိုးဆော်ခဲ့သည်။



ကျေးရွာတစ်ရွာ၌ ရောဂါကာကွယ်ရေးအတွက် ပညာပေးနှိုးဆော်နေသော ပြန်/ဆက်ဝန်ထမ်းများ။

ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဘိုးနေဒွန်း၊ စိန်ပန်း၊ ဝက်ဝံ၊ ဝက်ဝံဈေးကုန်း၊ ကျွန်းတစ်ပင်၊ ညောင်သာယာ၊ ညောင်ပင်သာ၊ မြိုင်ကြီးနှင့် ထုံကုန်းကျေးရွာများသို့ သွားရောက်၍ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာများ၊ စနစ်တကျ လက်ဆေးနည်း၊ ကိုယ်ခံအားကောင်းစေရန် စားသောက်နေထိုင်ရမည့် ပုံစံများနှင့် ရောဂါကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန်အချက်များကို အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာပေးခဲ့သလို လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြသည်။ **မြတ်ဆုမွန်**



လားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးအတွက် စေတနာရှင် အလှူရှင်များက နှာခေါင်းစည်းနှင့် အရက်ပြန်များကို ဧပြီ ၇ ရက်က လှူဒါန်းရာ မြန်မာ့စီးပွားရေးဘဏ် ဒုတိယပြည်နယ်မှူး ဦးအောင်မျိုးထွန်းနှင့် ခရိုင်မန်နေဂျာ ဒေါ်စန္ဒာတို့က လက်ခံယူစဉ်။

၀၀၇

## ဒီးမော့ဆိုမြို့မဈေး၌ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဈေးပိတ်ရက်တိုင်း ပုံမှန်ဆောင်ရွက်သွားမည်

**ဒီးမော့ဆို ဧပြီ ၇**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လူဝင်လူထွက်များပြားပြီး စည်ကားသောနေရာဖြစ်သည့် ဒီးမော့ဆိုမြို့မဈေးအတွင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့်ဝန်ထမ်းများ ပူးပေါင်း၍ ဧပြီ ၇ ရက်က ဆောင်ရွက်ခဲ့သည်။

ဒီးမော့ဆိုမြို့မဈေးသည် အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့ တွင် ပုံမှန်ဈေးများ ဖွင့်လှစ်ရောင်းချသော ဈေးဖြစ်ရာ ဈေးဖွင့်လှစ်သည့်နေ့များတွင် လူဝင်လူထွက် များပြားသည့်အတွက် ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ်နိုင်ရန် ပိုးသတ်ဆေးဖျန်းခြင်းကို ဈေးပိတ်သည့်နေ့တိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

# ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသစ်ကို မဟာသင်္ကြန်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်

**ရန်ကုန် မေ ၇**

ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသစ်ကို မဟာသင်္ကြန်ရက်များတွင် ပုံမှန်ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း ယင်းဈေးတာဝန်ခံ ဦးအောင်လင်းဦးက ပြောသည်။

သီရိမင်္ဂလာဈေးသစ်တွင် ဆိုင်ခန်းပေါင်း ၂၉၀၅ ခန်းရှိပြီး ဟင်းသီးဟင်းရွက်များ၊ ပန်းမန်များ၊ ကုန်စိမ်း၊ သားငါးနှင့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်များ၊ ကုန်ခြောက် အမျိုးမျိုးကို ၂၄ နာရီ ရောင်းချလျက်ရှိသည်။

"ဈေးကို သင်္ကြန်မှာ မပိတ်ပါဘူး။ ပုံမှန်ဖွင့်ပါမယ်။ ဒီဈေးက ၂၄ နာရီ ရောင်းပါတယ်။ ကုန်စိမ်းဆို ညဘက် အရောင်းအဝယ်လုပ်တာများတယ်။ နေ့ပိုင်းမှာ ကုန်ခြောက်နဲ့ သစ်သီး အရောင်းအဝယ်လုပ်တာ များပါတယ်" ဟု ဈေးတာဝန်ခံက ပြောသည်။



ရန်ကုန်မြို့ သီရိမင်္ဂလာဈေးသစ် ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။

သီရိမင်္ဂလာလက်ကား ဈေးသစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးထုတ်လုပ်ရာ ဒေသများမှ ကုန်စည်များအပြင် ထိုင်းနှင့် တရုတ်နိုင်ငံတို့မှ သစ်ခွပန်းနှင့် ပန်းအတုများကိုလည်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ **သန့်ဇင်ဝင်း**

# သီပေါမြို့နယ် စည်ပင်သာယာရေးဌာနဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ကြက်သွန်၊ ကြက်ဥနှင့် ဟင်းချက်စရာများထောက်ပံ့

**သီပေါ မေ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေးနေရာများ ရှောင်ကြဉ်ကြရန်၊ မကြာခဏပိုးသတ်ဆေးပါသော ဆပ်ပြာနှင့်လက်ဆေးရန်၊ မြို့ဝင်မြို့ထွက်ဂိတ်များ၌ ကိုယ်အပူချိန်တိုင်းကိရိယာဖြင့် စစ်ဆေးခြင်း စသည့်ကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုဗစ် – ၁၉ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများက မိမိတို့ဌာနဝန်ထမ်းများကို စားသောက်ရေးကိစ္စရပ်များ အခက်အခဲမရှိစေရေးအတွက် ကူညီထောက်ပံ့ပေးလျက်ရှိရာ ယမန်နေ့က ဈေးနှင့် သန့်ရှင်းရေးဝန်ထမ်း ၃၄ ဦးနှင့် ရုံးဝန်ထမ်း ၁၅ ဦးတို့ကို တစ်ဦးလျှင် ဆန် ၁၈ ပြည်၊ ဆီ နှစ် ပိဿာ၊ ကြက်သွန်နီ နှစ် ပိဿာ၊ ဆားတစ် ပိဿာ၊ အသားတု ၂၅ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သား၊ ဟင်းခတ်မှုန့် ၂၅ ကျပ်သား၊ ဆန်ကြာဆံနှစ်ထုပ်၊ ကြက်ဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက်ရှစ်ထုပ်၊ အာလူးတစ်ပိဿာ၊ လက်အိတ်နှင့်နှာခေါင်းစည်းများကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စည်နှင့် တာဝန်ရှိသူများက တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# မုံရွာမြို့၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အလိုအလျောက် ဆေးဖျန်းသည့်စနစ် တီထွင်မှုအောင်မြင်

**မုံရွာ မေ ၇**

မုံရွာမြို့၌ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး အလိုအလျောက် ပိုးသတ်ဆေးဖျန်းပေးသည့်စနစ်ကို Save Monywa အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် မုံရွာနည်းပညာကျောင်းသားလေးဦးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာ တီထွင်မှုအောင်မြင်ခဲ့သည်။

မြန်မာနိုင်ငံအတွင်းနေထိုင်သည့် ပြည်သူများ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရန်အတွက် အလိုအလျောက် ဆေးဖျန်းသည့်စနစ်ဖြင့် ပိုးသတ်ဆေးဖျန်းမည်ဆိုပါက ကာကွယ်မှုပိုမိုထိရောက်မည်ဖြစ်ကြောင်း၊ ယခု ဆေးဖျန်းသည့်စနစ်အရ ခလုတ်နှိပ်ဖျန်းပက်စရာမလိုဘဲ လေးထောင့်ပတ်လည် ပလတ်စတစ်ဧရိယာအတွင်း လူဝင်ရောက်လျှင် အလိုအလျောက် ၁၀ စက္ကန့် ပိုးသတ်ဆေးဖျန်းပေးမည်ဖြစ်ကြောင်း မုံရွာနည်းပညာကျောင်းသား မောင်မျိုးသက်ထွန်းက ပြောသည်။

အလိုအလျောက်ဆေးဖျန်းသည့်စနစ်ကို မော်တာ၊ ပန့်နော်ဇယ်၊ PLC ၊ SENSOR များဖြင့်ပြုလုပ်ပြီး ကုန်ကျမှုအနေဖြင့် တစ်ခုလျှင်ငွေကျပ်သုံးသိန်းကျော်ကုန်ကျမှုရှိကြောင်း၊ လိုအပ်သည့်ပစ္စည်းများကို ရန်ကုန်မှ ဝယ်ယူရသည့်အတွက် အခက်အခဲရှိသော်လည်း ရောဂါများဖြစ်ပွားနေချိန် နည်းပညာကျောင်းမှ မိမိတို့ပညာဖြင့် လုပ်ဆောင်ခွင့်ရသည့်အတွက် ဝမ်းသာမိကြောင်း မုံရွာနည်းပညာကျောင်းသား မောင်တင့်နိုင်လင်းက ပြောသည်။

မုံရွာမြို့ဝင် ခရီးသည်များအတွက် အလိုအလျောက် ဆေးဖျန်းသည့်စနစ်ကို အသုံးပြုခြင်းဖြင့် ကိုဗစ်ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရာတွင် အချိန်ကုန်သက်သာပြီး ပို၍ထိရောက်မှုရှိမည် ဖြစ်ကြောင်း၊ အလိုအလျောက် ဆေးဖျန်းသည့်စနစ်ပြုလုပ်ရာတွင် ငွေကြေးခက်ခဲမှုရှိခဲ့သည့်အတွက် အချိန်ကြာမြင့်ခဲ့ကြောင်း၊ အစိုးရဌာနများမှ လိုအပ်သည့်ပစ္စည်းများ ကူညီပံ့ပိုးပေးမည်ဆိုလျှင် လုပ်အားခမယူဘဲ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း မုံရွာနည်းပညာကျောင်းသား မောင်ရှိုင်းဝဏ္ဏလွင်က ပြောသည်။

အလိုအလျောက် ဆေးဖျန်းသည့်စနစ်တီထွင်မှု အောင်မြင်ရန်အတွက် Save Monywa အဖွဲ့က ကူညီပေးကြောင်း၊ ကိုဗစ် – ၁၉ ရောဂါဖြစ်နေချိန်တွင် အများပြည်သူများကဲ့သို့ အိမ်တွင်နေထိုင်ချင်သော်လည်း မိမိတို့တတ်သည့်ပညာဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီချင်ကြောင်း မုံရွာနည်းပညာကျောင်းသား မောင်သူရိန်လင်းထက်က ပြောသည်။

ယခု ကလေးများပြုလုပ်ထားသည့် အလိုလျောက်ဆေးဖျန်းသည့်စနစ်ကို တိုင်းဒေသကြီး အစိုးရသို့ လှူဒါန်းမည် ဖြစ်ကြောင်း၊ နည်းပညာကျောင်းသားလေးဦးက ပညာတတ်ပြီး ကြိုးစားမှုရှိသော်လည်း ပစ္စည်းများဝယ်ယူရန် ငွေကြေးအခက်အခဲဖြစ်နေကြောင်း၊ ကလေးများအတွက် ကူညီပံ့ပိုးမှုများ လိုအပ်နေကြောင်း၊ ရောဂါကာကွယ်ရန်အတွက် အစိုးရက လိုအပ်သည့်ပစ္စည်းများ ထုတ်ပေးလျှင် များများနှင့် မြန်မြန်ပြီးစီးအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း Save Monywa အဖွဲ့မှ ဦးအောင်နေမျိုးက ပြောသည်။

**မွေးကြူဇင်**



လှိုင်ကော်မြို့နယ်အတွင်း ၂၀၁၉–၂၀၂၀ ကယားပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀ ဒသမ ၅၂၃ သန်း ဖြင့်ဆောင်ရွက်လျက်ရှိသော တောင်ကွဲစေတီလမ်းဆုံ – သံလွင် ဖုန်းဆိုင်ကြားရှိ လမ်းဘေး ဝဲ /ယာ အုတ်စီရေမြောင်း တူးဖော်ဆောင်ရွက်ခြင်းနှင့် အဖုံးပါပလက်ဖောင်း အရှည်ပေ ၂၁၀၀ ကို ဆောင်ရွက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းခွင်ကို မေ ၇ ရက်က တွေ့ရစဉ်။

ထွန်းလေး (ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၄ - ၂၀၂၀

| ရွှေ | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၀၆၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၂၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၃၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၄၉ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၁ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၈၆၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၀ . ၄၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၆၅၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၂၄၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၁၀၅၀၀ | ၁၄၇၂ | ၁၄၁၅၉၀၀၀ |
| MTSH | ၃၅၅၀ | ၃၇၀၀ | ၄၀၇၆ | ၁၄၈၇၃၃၅၀ |
| MCB | ၈၁၀၀ | ၈၀၀၀ | ၃၁၉ | ၂၅၅၂၂၀၀ |
| FPB | ၂၁၀၀၀ | ၂၁၅၀၀ | ၂၈၅ | ၅၉၈၆၅၀၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၃၀၆၅ | ၈၄၂၈၆၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ–စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၀၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



## ပြည်ပမှကမ်းလှမ်းထားသော ရိုက်ကူးရေးများကို ဖျက်လိုက်ကြောင်း ပိုင်တံခွန်ပြောကြား

ကမ္ဘာ့နိုင်ငံအသီးသီး၌ ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကြောင့် သရုပ်ဆောင် ပိုင်တံခွန်အနေဖြင့်လည်း ထိုင်း၊ ကမ္ဘောဒီးယားနှင့် အာရှနိုင်ငံအချို့မှ ရုပ်ရှင်ထုတ်လုပ်ရေးများ၏ ကမ်းလှမ်းထားသော ရုပ်ရှင်ရိုက်ကူးမှုများကို ဖျက်ပစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

"တရုတ်နိုင်ငံမှာ ရောဂါအသစ် စဖြစ်ပြီး ကိုဗစ်-၁၉ လို့ မြန်မာကလူတွေ သတိမထားမိသေးတဲ့အချိန်၊ သူများနိုင်ငံတွေမှာတောင် lock down မလုပ်သေးတဲ့အချိန် လွန်ခဲ့တဲ့ ၄၅ ရက်လောက်တည်းက ကျွန်တော့်ကို ကမ်းလှမ်းထားတဲ့ နိုင်ငံခြားက ရုပ်ရှင်တွေအားလုံးကို ကျွန်တော် ဖျက်ပစ်ခဲ့တာပါ။ ကျွန်တော့်လို အနုပညာကြိုးစားဆဲ လူတစ်ယောက်အတွက် အာရှနိုင်ငံကြီးတွေက ရုပ်ရှင်တွေမှာ အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ရမယ့် အခွင့်အရေးက တကယ် ကြီးမားပါတယ်၊ ဒါပေမယ့် ဒီအခွင့်အရေးတွေထက် အရေးကြီးတာက ကျွန်တော်တို့အသက်၊ ကျွန်တော်တို့ ချစ်ရတဲ့လူတွေရဲ့အသက်တွေပါ။ သူများနိုင်ငံမှာ ရုပ်ရှင်သွားရိုက်ပြီး ကိုယ့်ကိုကူးတာက အကြောင်းမဟုတ်ပေမယ့် ကိုယ့်ကြောင့် ကိုယ့်မိသားစု၊ ကိုယ့်ပရိသတ်၊ ကိုယ့်ပတ်ဝန်းကျင်ကို ကူးမှာစိုးလို့ အခုလို အလုပ်တွေ အားလုံးရပ်နားခဲ့ပြီး အိမ်မှာနေရခြင်းဖြစ်ပါတယ်"ဟု ရုပ်ရှင်ရိုက်ကူးမှုများ ဖျက်လိုက်သည့်အကြောင်းကို ပိုင်တံခွန်က ရှင်းပြသည်။

ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပရိသတ်များအား အကြံပြု သတိပေးသည့်အနေဖြင့်လည်း "လူတိုင်းက အသက်ရှင်သန်ဖို့အတွက် ငွေရှာကြရတယ်။ မပြည့်စုံတဲ့ ဘဝတွေ၊ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့လူတွေအတွက်ဆို ပိုလိုအပ်တာပေါ့ဗျာ။ ဒါပေမယ့် အခု ဒီလိုအချိန်မှာ မမြင်နိုင်တဲ့ ဒီရောဂါကြောင့် အသက်ရှင်သန်ဖို့အတွက် အပြင်မှာ ငွေရှာတာက ကိုယ့်ဘဝရဲ့ နောက်ဆုံးရှာခြင်းလည်း ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် မဖြစ်မနေ အပြင်ထွက် ငွေရှာရရင်လည်း ရောဂါကာကွယ်ဖို့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာကြပါ"ဟု ပိုင်တံခွန်က ဆက်လက်ပြောကြားသည်။

**ကိုလင်း**

## အိမ်၌နေချိန်များတွင် သင့်တင့်သည့်လေ့ကျင့်ခန်းအချို့ လုပ်သင့်ကြောင်း Dancer ခိုင်လေး ပြောကြား

ကိုဗစ်-၁၉ ကြောင့် ပြည်သူအများစုအနေဖြင့် အိမ်၌သာ နေထိုင်ကြချိန်တွင် အားရှိသည့် အစားအစာများစားခြင်းနှင့် ဝိတ်မတက်အောင် ကျန်းမာရေးအတွက် သင့်တင့်သည့် အချိန်ပိုင်းလေ့ကျင့်ခန်းများ လုပ်သင့်ကြောင်း Dancer ခိုင်လေးက အကြံပြုပြောကြားသည်။

"အစားလျှော့ပြီး ဝိတ်ကျအောင်တော့ မလုပ်ပါနဲ့။ အားရှိအောင် စားကြပါ။ လေ့ကျင့်ခန်းလုပ်ကြပါ။ Youtube မှာ လေ့ကျင့်ခန်း ဗီဒီယိုလေးတွေ ရှိပါတယ်။ 30 mins Workout dance တို့၊ hip hop dance 30 mins တို့ ရိုက်ရှာရင် အလွယ်တကူ တွေ့နိုင်ပါတယ်။ အဲဒါလေးတွေကို အတူတူ လိုက်ကကြည့်ပါ။ အသက်ရှူလေ့ကျင့်ခန်းလေးတွေလည်း လုပ်ပါ။ ခန္ဓာကိုယ်လည်း လှနိုင်တဲ့ ယောဂလိုမျိုးကို တစ်နာရီလောက် ဗီဒီယိုလေးတွေကြည့်ပြီး လုပ်ကြပါ။ တစ်နေ့ကို နှစ်နာရီလောက်အချိန်ပေးပြီး လေ့ကျင့်ခန်းလုပ်ဖို့နဲ့ အားလုံး ကျန်းမာရေးကို ဂရုစိုက်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ အကြောက်လည်း မလွန်ပါနဲ့၊ ပေါ့လည်း မပေါ့ဆပါနဲ့လို့ ပြောချင်ပါတယ်"ဟု ခိုင်လေးက ပြောကြားသည်။

ခိုင်လေးအနေဖြင့် ယခင်က သင်္ကြန်ရက်များအတွင်း နီနီခင်ဇော်နှင့်အတူ မန္တလေးနှင့် ချောင်းသာသို့ သွားရောက်၍ ဖျော်ဖြေပွဲများပြုလုပ်ရန် စီစဉ်ထားခဲ့သော်လည်း လက်ရှိအချိန်တွင် အစီအစဉ်များကိုဖျက်ကာ မိမိအိမ်၌သာနေထိုင်၍ လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကိုလင်း**



## အိမ်၌နေရချိန်တွင် ဗဟုသုတရမည့်စာအုပ်များကို ဖတ်နေကြောင်း ဘေဘီမောင် ပြောကြား

ကိုဗစ်-၁၉ ကြောင့် ရုပ်ရှင်ရိုက်ကူးရေးအပါအဝင် အနုပညာလုပ်ငန်းများကို ရပ်နားထားရချိန်တွင် သရုပ်ဆောင် ဘေဘီမောင်အနေဖြင့်လည်း တတ်နိုင်သမျှ အိမ်၌သာ နေထိုင်လျက်ရှိကြောင်း သိရသည်။ အိမ်တွင်နေထိုင်စဉ် တစ်နေ့တာ လုပ်ကိုင်ဖြစ်ပုံများကို ဘေဘီမောင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ရိုက်ကူးမှုတွေ နားနေရတဲ့အချိန်မှာ သရုပ်ဆောင်တွေအတွက် အခက်အခဲတွေရှိသလား။**

ဖြေ။ ။ဒီကပ်ရောဂါ မတိုင်ခင်ကတည်းက ရုပ်ရှင်လောကက ခေတ်မကောင်းတဲ့အတွက် သရုပ်ဆောင်တွေအားလုံး ညည်းညူနေချိန်မှာ တစ်ပူပေါ် နှစ်ပူဆင့်တာပေါ့နော်။ အနုပညာလောကသားတွေအတွက် ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ ဆိုသလို ဖြစ်နေတယ်။ ညီမတို့ဆို ဗီဒီယိုလောက မရှိတော့လို့ ကားရိုက်တွေ နားသွားတယ်။ ပွဲတက်လေးတွေ၊ Photo ရိုက်ကွင်းတွေ ရှိတယ်။ အခြား နယ်ဖျော်ဖြေရေးလေးတွေနဲ့ လုပ်ရတယ်။ ဒ့ါအပြင် သင်္ကြန်ဆို အနည်းနဲ့ အများတော့ ဝင်ငွေလေးရသေးတယ်။ ခုချိန်မှာ လူစုလူဝေး မလုပ်ရဘူးဆိုတော့ စီးပွားရေးအတွက် တော်တော်အဆင်မပြေတဲ့ အခိုက်အတန့်တစ်ခုဖြစ်ပါတယ်။ ကိုယ်တွေက ရင်းနှီးမြှုပ်နှံမှုလေးရှိရင် ကိုယ့်အိမ်ရှေ့မှာ ဈေးရောင်းလို့ရသေးတယ်။ ကိုယ့်ထက် အောက်ခြေလူတန်းစားတွေ အဆင်မပြေတာတွေဖြစ်တော့ စိတ်လည်းမကောင်းပါဘူး။ ကိုယ်လည်း တတ်နိုင်သလောက် ဘယ်လိုလှူရမယ် ဆိုတာ စဉ်းစားတယ်။ ရုပ်ရှင်အစည်းအရုံးကလည်း ကိုယ့်ရုပ်ရှင်လောကက လက်အောက်ငယ်သားတွေကို ကြည့်ကြပါတယ်။ ဆန်တွေ၊ ဆီတွေ ဝေကြတယ်။ အဆင်ပြေသူက အဆင်မပြေသူကို ပြန်လည် ဝေမျှလှူဒါန်းကြတာတွေ့လို့ ဝမ်းသာရပါတယ်။

**မေး။ ။ညီမလည်း အလှူအတန်းတွေလုပ်နေတာ တွေ့ရတယ်။**

ဖြေ။ ။ဒီ အရှေ့ဒဂုံဘက်မှာက အမေနဲ့ ဈေးလိုက်သွားတဲ့အချိန်မှာ နှာခေါင်းစည်းတပ်တဲ့သူတွေကို မတွေ့ရဘူး။ အဲဒီတော့ ညီမက ကိုယ့်ပတ်ဝန်းကျင်မှာ နှာခေါင်းစည်းတွေ လှူမယ်ဆိုပြီး အနီးအနားပတ်ဝန်းကျင်ကို တိုင်ပင်ဖြစ်တယ်။ ကိုယ့် အနုပညာအသိုင်းအဝိုင်းကနေ အလှူခံပြီး နှာခေါင်းစည်းတွေ ဝေမယ်လို့ စီစဉ်ခဲ့တယ်။ သူတို့က နှာခေါင်းစည်းတွေ မဝေပါနဲ့၊ ဆန်ဆိုင်၊ ကုန်စုံဆိုင်အချို့ ပိတ်တာကြောင့် သူတို့အတွက် ဝမ်းရေးက ပိုအရေးကြီးပါတယ်လို့ပဲ ပြန်ပြောကြတယ်။ နှာခေါင်းစည်းတပ်ဖို့ စိတ်မဝင်စားဘဲ ဝမ်းရေးအတွက် စိတ်ပူတာတွေပဲ ကြားရလို့ ညီမနဲ့ မပန်းချီတို့ ပူးပေါင်းပြီး ဆန်၊ ဆီတွေ ဝေခဲ့ပါတယ်။ အရှေ့ဒဂုံမှာရှိတဲ့ ကျူးကျော်တဲတွေက လူတွေ၊ အဆောင်နေဝန်ထမ်းတွေအတွက် ညီမတို့က တစ်အိမ်ထောင်ကို ဆန်တစ်ပြည်နှုန်းနဲ့ အိမ် ၅၀၀ ကျော်ကို လှူနိုင်ခဲ့ပါတယ်။

**မေး။ ။အနုပညာအလုပ် မလုပ်ဖြစ်တဲ့အချိန်မှာ ဘာတွေလုပ်ဖြစ်နေလဲ။**

ဖြေ။ ။ညီမ လက်ရှိမှာ Online Shopping လုပ်ပြီး အလှကုန် ရောင်းဖြစ်ပါတယ်။ ကိုယ်နိုင်တဲ့ပမာဏနဲ့ ဈေးရောင်းတာလေးတွေပဲ လုပ်နေပါတယ်။ ရတဲ့ အမြတ်အစွန်းနဲ့ လည်ပတ်နေပါတယ်။ အိမ်သစ်ဆောက်လိုက်တော့ စုထားတဲ့ ငွေတွေ တော်တော်လေး ကုန်သွားတယ်လေ။ ငွေကလည်း မလည်တော့ဘူး။



ဒါကြောင့် ကိုယ်တိုင်သုံးကြည့်ပြီး အဆင်ပြေတဲ့ Skincare လေးကို ရောင်းနေတာပါ။ မိန်းကလေးတွေကတော့ အလှအပကို ကြိုက်ကြတာမို့ အိမ်မှာနေရင်း ဈေးရောင်းနေဖြစ်တာပေ့ါ။ ကျန်တဲ့အချိန်မှာ ကိုယ့်အတွက် ဗဟုသုတရစေမယ့် စာအုပ်တွေ ဖတ်ဖြစ်တယ်။ ဈေးရောင်းချိန်ပဲ အွန်လိုင်းဖွင့်ဖြစ်တယ်။ အွန်လိုင်းကြည့်တာများရင် စိတ်ညစ်စရာတွေ များလို့ပါ။

**မေး။ ။ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး အနုပညာရှင်တစ်ယောက်အနေနဲ့ ပရိသတ်တွေကို ပြောချင်တာက။**

ဖြေ။ ။တစ်ယောက်ပြီးတစ်ယောက် ကူးစက်မှုတွေဖြစ်လာတော့ စိတ်ညစ်ရတာပေ့ါ။ မဖြစ်ပါစေနဲ့၊ ကူးစက်သူတွေမများပါစေနဲ့လို့ ဆုတောင်းနေပေမယ့်လည်း မရဘူးပေ့ါ။ ဖြစ်ချိန်တန်လို့ ဖြစ်လာတဲ့ ကိစ္စတစ်ခုဖြစ်တယ်။ ဘယ်လိုမှ တားဆီးလို့မရဘူး။ စီးပွားရေးတွေ အကုန်လုံး ထိခိုက်တာတွေ ဖြစ်လာတယ်။ ကိုယ်တွေထက် အဆင်မပြေကြသူတွေလည်း အများကြီးပါပဲ။ လုပ်ငန်းရှင်တွေလည်း အဆင်မပြေကြဘူး။ လက်အောက်ငယ်သားတွေလည်း စီးပွားရေးတွေ အဆင်မပြေကြဘူးဆိုတော့ စိတ်တော့ညစ်ရပါတယ်။

**ကိုလင်း**

## ကေကေမိုး၏ "ကျွန်မ" တေးသီချင်းကို ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးသွားမည်

သံစဉ်များနဲ့ကမ္ဘာ သီချင်းဆိုပြိုင်ပွဲမှစတင်ပြီး ဂီတလောကထဲကို ဝင်ရောက်လာခဲ့သူ အဆိုတော် ကေကေမိုးအနေဖြင့် 'ကျွန်မ'ဟု အမည်ရသည့် သီချင်းဖြင့် ပရိသတ်ရင်ထဲသို့ ရောက်ရှိခဲ့ကာ လက်ရှိအချိန်တွင် 'သူ'ခေါင်းစဉ်ဖြင့် ထွက်ရှိထားသည့်ဒုတိယအခွေအတွက် သီချင်းဗီဒီယိုများ ရိုက်ကူးနေပြီး လိုင်းပေါ်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သူ ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ဒုတိယအခွေ ထွက်ထားပါတယ်၊ သူ သီချင်းခွေလေးကို သီချင်းဗီဒီယိုလေးအနေနဲ့ လိုင်းပေါ်မှာ တစ်ပုဒ်ချင်းတင်မှာပါ။ အခု အဲဒီအခွေလေး ထဲကပဲ သီချင်း နောက်တစ်ပုဒ်ကိုလည်း ရိုက်ထားပြီးပြီ။ တင်ဖို့ပဲရှိတော့တယ်။ အခုကတော့ ကိုဗစ်-၁၉ လည်း ဖြစ်နေတော့ မတင်သေးဘူးပေ့ါ။ အခြေအနေလေး စောင့်ကြည့်နေပါတယ်၊ အခြေအနေအားလုံး ငြိမ်ပြီဆိုတာနဲ့ ဒီဘက်က ရိုက်ဖို့ရှိတာကို ဆက်ရိုက်ပြီး ရိုက်ပြီးတာတွေကို တစ်ပုဒ်ပြီး တစ်ပုဒ် တင်သွားဖို့ရှိပါတယ်"ဟု ကေကေမိုးက ပြောသည်။

ကေကေမိုး၏ လူကြိုက်များခဲ့သော 'ကျွန်မ' သီချင်းကို အခြေခံပြီး ဇာတ်လမ်းတွဲရိုက်ကူးမည့်ကိစ္စနှင့် ပတ်သက်၍လည်း ကေကေမိုးက "ဒီသီချင်းလေးက အစကတည်းက ပရိသတ်တွေက ကေကေ့ကို တွဲပြီးသိထားတဲ့ သီချင်းလေးဖြစ်ပါတယ်။ အခုလိုမျိုး ဇာတ်ဝင်တေးအနေနဲ့ ပထမဆုံး ပါဝင်ခွင့်ရတဲ့အတွက်လည်း အများကြီး ဝမ်းသာပါတယ်။ ကေကေ့ကို မသိသေးတဲ့ပရိသတ်တွေလည်း သီချင်းလေးနဲ့ တွဲပြီးတော့ သိသွားစေမယ့်အတွက် ဝမ်းသာပါတယ်။ ဇာတ်လမ်းတွဲနဲ့ပတ်သက်ပြီး အကြံဉာဏ်ပေးတာမျိုးတော့ မရှိပါဘူး။ ကေကေ့အနေနဲ့ သီချင်းလေးကို ဆိုထားတယ်၊ ကိုဝေကြီးက ရေးပေးထားတယ်။ အဲဒီအပေါ်မှာ သူတို့က ဒီသီချင်းခေါင်းစဉ်လေးနဲ့ ဒီသီချင်းရဲ့ စာသားလေးအတိုင်း ဇာတ်ညွှန်းရေးပြီးတော့ ဇာတ်လမ်းတွဲကို အကောင်းဆုံး ပုံဖော်ထားတာဆိုတော့ ယုံကြည်မှုအပြည့်ရှိပါတယ်"ဟု ဆက်ပြောသည်။

ကိုဗစ်-၁၉ ကြောင့် အိမ်တွင်နေထိုင်ရသည့် အခြေအနေနှင့် ပတ်သက်၍လည်း ကေကေမိုးက "ကေကေ အခုတလော အိမ်မှာပဲနေပါတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်တဲ့အနေနဲ့ ဘယ်မှကို မသွားဖြစ်တာပါ။ လိုအပ်လို့ ဈေးဝယ်ထွက်ရင်တောင် နှာခေါင်းစည်းတို့၊ လက်အိတ်တို့ဝတ်ပြီးမှ သွားပါတယ်။ အဓိကကတော့ လက်ကို ခဏခဏ ဆေးပါတယ်။ အရက်ပြန်များများပါတဲ့ လက်သန့်ဆေးလေးလည်း ဆောင်ထားပါတယ်။ သီချင်းသွင်းတာတွေအားလုံး ခုတော့ နားထားပါတယ်။ ဘယ်မှမသွားတဲ့အချိန်ဆိုတော့ မိသားစုကို အချိန်ပိုပေးဖြစ်ပါတယ်။ ခုချိန်မှာ ဒီရောဂါကူးစက်မှုက ပိုဆိုးလာနေလို့ ကျန်းမာရေးကို ပိုဂရုစိုက်နေပါတယ်"ဟု ပြောကြားသည်။

**ကိုလင်း**



## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၂၁၄)

# ကူးစက်ရောဂါများနှင့် ဥပဒေအမြင်



ဦးဟန်ညွန့် (ဥပဒေ)

**အိမ်ထဲမှာနေ**

"အိမ်ထဲမှာနေ(Stay at Home)ဆိုတဲ့အတွက် ကျွန်တော် ဆရာကြီးဆီ မလာဘူး။ ရုံးလည်းမတက်ဘူး။ ပျင်းပျင်းနဲ့ အိမ်မှာပဲ အိပ်နေရတယ်။ ပြောသာ ပြောတာပါ။ တကယ်အိပ်နေဆိုရင် မအိပ်ချင်ဘူး။ ဟိုလိုလို၊ ဒီလိုလို၊ ဟိုသွားချင်၊ ဒီသွားချင် ဖြစ်ရတယ်။ ဒီလိုအိမ်မှာနေရတဲ့အကြောင်းရင်းက COVID-19 ကြောင့်ပဲ။ ကူးစက်ရောဂါတွေနဲ့ ပတ်သက်ပြီး ကာကွယ်တဲ့ ဥပဒေမရှိဘူးလား ဆရာကြီး။ လူပိန်းတွေနားလည်အောင် (မပျင်းသင့်တဲ့သူတွေ မပျင်းရအောင်)စိတ်ဝင်စားဖွယ် ဆောင်းပါးတစ်ပုဒ်လောက် ရေးပေးပါ ဆရာ ကြီး"ဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ဖုန်းဆက်ပြီး ကျွန်တော့်အား တောင်းဆိုနေလေသည်။ Stay at Home ဆိုသည့်အတိုင်း အိမ်မှာနေရင်း ဥပဒေမိသားစု စာအုပ်စင်ရှေ့သို့ ကျွန်တော်ရောက်ခဲ့ပြီး ကူးစက်ရောဂါများနှင့် စပ်ဆိုင်သော ဥပဒေစာအုပ်များကို ဖတ်ရှုလေ့လာခဲ့ပေသည်။

**၁၉၉၅ ဥပဒေ**

၁၉၉၅ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၁/၉၅ ကို ၁၉၉၅၊ မတ်လ ၂၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။ ဥပဒေအမည်မှာ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ဖြစ်သည်။

**ကူးစက်ရောဂါ**

ကူးစက်ရောဂါဆိုသည်မှာ လူတစ်ဦးမှ လူတစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း ကူးစက်တတ်သောရောဂါကို ဆိုသည်။

**[အထက်ပါ ဥပဒေပုဒ်မ-၂(က)]**

**အဓိက ကူးစက်မြန်ရောဂါ**

အဓိကကူးစက်မြန်ရောဂါဆိုသည်မှာ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ခုခံအားကျဆင်းမှုရောဂါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်၍ အဓိကကူးစက်မြန်ရောဂါအဖြစ် သတ်မှတ်သည့် ကူးစက်ရောဂါများလည်း ပါဝင်သည်။

**[အထက်ပါ ဥပဒေပုဒ်မ-၂(ခ)]**

**တိုင်ကြားရမည့် ကူးစက်ရောဂါ**

တိုင်ကြားရမည့်ကူးစက်ရောဂါဆိုသည်မှာ ရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းတိုင်ကြားရန် ကျန်းမာရေးဝန်ကြီးဌာနက အမိန့် ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ကူးစက်ရောဂါကို ဆိုသည်။

**[အထက်ပါ ဥပဒေပုဒ်မ-၂(ဂ)]**

**၂၀၁၁၊ ဥပဒေ**

၂၀၁၁၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၆/၂၀၁၁ ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ ဥပဒေအမည်မှာ "ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ"ဖြစ်သည်။

၁၉၉၅ ခုနှစ် ဥပဒေတွင်ပါရှိသော စကားရပ်အချို့ကို ၂၀၁၁ ခုနှစ် ဥပဒေက ပြင်ဆင်ခြင်းဖြစ်သည်။

**ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း**

၃။ (က) ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရမည်။


(၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း

(၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း

(၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၄) ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၅) နိုင်ငံ၏နယ်စပ်ဖြတ်ကျော် ဝင်ပေါက်နှင့် ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ရေဆိပ်၊ အခြားလို အပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွင် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်ခြင်း




(၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း

(၇) ကူးစက်ရောဂါ ဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများအား သီးခြားထားရှိကုသခြင်း

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင် ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျ စွန့်ပစ်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း




(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း

(ခ) ကူးစက်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါမှာ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄။ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွား ပျံ့နှံ့မှုမရှိစေရေးနှင့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ပုဒ်မ (၃)ပါ ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ကြရမည်။ ...ဟု ၂၀၁၁၊ ဥပဒေတွင် ပြင်ဆင်ဖော်ပြသည်။

**လိုက်နာရန် ပျက်ကွက်လျှင်**

မည်သူမဆို ပုဒ်မ (၄)အရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ဆောင်ရွက်ချက်တစ်စုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

ပုဒ်မ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားသည့် ငွေဒဏ်များကိုလည်း အသီးသီး တိုးမြှင့်ပြင်ဆင်ထားသည်။

**ရာဇသတ်ကြီး**

**"ဆရာကြီးခင်ဗျား၊ ယခုမှ(၁၉၉၅နဲ့၂၀၁၁)ဥပဒေတွေက ပေါ်ပေါက်လာတာပါ။ ယခင်(၁၈၆၁)ခုနှစ်ကတည်းက ပြဋ္ဌာန်းအသက်ဝင်နေတဲ့ ရာဇသတ်ကြီးမှာ ကူးစက်တတ်တဲ့ ရောဂါအကြောင်း ပြဋ္ဌာန်းပါရှိပြီးသားလို့ ကျွန်တော်ကြားဖူးပါတယ်။ ရှင်းပြပါဦး"**ဟု မောင်ပျင်းရိက ရုတ်တရက်မေးလိုက်သဖြင့် မောင်ပျင်းရိကို အထင်သေး၍ မရမှန်း ကျွန်တော်သိလာရပါသည်။

မှန်ပေသည်။ ရာဇသတ်ကြီး၊ အခန်း(၁၄)ပုဒ်မ ၂၆၉ တွင် အသက် အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါမျိုး ပြန့်ပွားစေတန်ရာသည့် ပေါ့လျော့မှုဟူ၍ ပြဋ္ဌာန်းထားပေသည်။

ပုဒ်မ ၂၆၉၏ အနှစ်သာရမှာ အသက်အန္တရာယ်ဖြစ်စေတတ်သည့် ကူးစက်တတ်သောရောဂါကို ပြန့်ပွားအောင် ဥပဒေနှင့်ဆန့်ကျင်ပြုလုပ်မှု သို့မဟုတ် ပေါ့လျော့စွာပြုလုပ်မှုအတွက် ပြစ်ဒဏ်ဖြစ်ပါသည်။

တစ်ဆက်တည်းပင် ပုဒ်မ ၂၇၀၊ ၂၇၁ တို့တွင် ကူးစက်တတ်သောရောဂါနှင့် ဆက်နွယ်သော ပြဋ္ဌာန်းချက်များကို ဖော်ပြ၊ ပြဋ္ဌာန်းထားပေသည်။ ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များကို ယနေ့တိုင်ဖျက်သိမ်းခြင်းမရှိသေးဘဲ ဆီလျော်သလို ရည်ညွှန်းဆောင်ရွက်သွားနိုင်ပေသည်။

**မောင်ထက်မြက်**

အလုပ်သင်ရှေ့နေသင်တန်းတက်သူများထဲမှာ ထက်ထက်မြက်မြက်ရှိလှသော စာအလွန်ဖတ်သည့် တပည့်တစ်ဦးမှာ မောင်ထက်မြက် ဖြစ်ပေသည်။ မောင်ထက်မြက်က-

"ဆရာကြီး၊ ယခုချိန်ခါမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံခန့်ခွဲတဲ့ ဥပဒေတစ်ရပ်ရှိပါတယ်။ အဲဒီ ဥပဒေကတော့ ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြစ်ပါတယ်။ အဲဒီ ဥပဒေကတော့ "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ" လို့ အမည်ရပါတယ်။ အဲဒီဥပဒေနဲ့ အရေးယူဆောင်ရွက်နေတဲ့ အမှုအခင်းတွေကိုလည်း နေ့စဉ်ထုတ်သတင်းစာတွေမှာ တွေ့နေရပါတယ်။ ဒီမှာကြည့်ပါ။ ဆရာကြီး"ဟု ဆိုကာ နေ့စဉ်ထုတ်သတင်းစာများပါ မှုခင်းသတင်းများကို ကျွန်တော့်အား ပြပါသည်။

**သတင်း**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်မှ မင်္ဂလာဆောင်သူ သတို့သားအား မြို့နယ်အတွင်း ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်ကို ချိုးဖောက်၍ လူစုလူဝေးဖြင့် မင်္ဂလာဆောင်ခဲ့သောကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၀(က)အရ ထောင်ဒဏ်ခြောက်လ အပြစ်ပေးခဲ့သည့် သတင်း ဖြစ်ပေသည်။ ကျန်သတင်းများလည်း အသီးသီးလေ့လာဖတ်ရှုရပေသည်။

**ဥပဒေပညာရှင်များ၏ အခန်းကဏ္ဍ**

ယခုကဲ့သို့ ကူးစက်ရောဂါဘေးအန္တရာယ် ကျရောက်နေစဉ်ကာလတွင် ဘက်ပေါင်းစုံမှ အသိပညာပေးခြင်းများ ဆောင်ရွက်သင့်ပေသည်။ ဥပဒေရေးရာပြဋ္ဌာန်းချက်များကို ပြည်သူလူထုအများသိအောင် ဥပဒေပညာရှင်များက အသိပညာပေးသင့်ပါသည်။

ထိုအခါ အလုပ်သင်ရှေ့နေ မောင်ထက်မြက်က နေ့စဉ်ထုတ်သတင်းစာတွေမှာ ဥပဒေပညာရှင်အသီးသီးက ဥပဒေအသိပညာဗဟုသုတဆောင်းပါးများရေးခဲ့ကြောင်း အထောက်အထားများနှင့်ကျွန်တော့်အား တင်ပြလာပါသည်။

| စဉ် | ရက်စွဲ | သတင်းစာ | ဆောင်းပါးရှင်နှင့်ဆောင်းပါးအမည် |
| --- | --- | --- | --- |
| (၁) | ၃၁-၃-၂၀၂၀ | မြန်မာတိုင်း(မ်) | ဦးတင်ရွှေ (တရားလွှတ်တော် ရှေ့နေ) ရေးသားသော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ |
| (၂) | ၁-၄-၂၀၂၀ | စံတော်ချိန် | ဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ) ရေးသားသော ကူးစက်ရောဂါဘေးအန္တရာယ်နှင့် သက်ဆိုင်သော ဥပဒေများအကြောင်း |
| (၃) | ၄-၄-၂၀၂၀ | မြန်မာတိုင်း(မ်) | COVID-19ရောဂါနှင့်ဈေးကစားသူများ ထောင်ဒဏ်သုံးနှစ်၊ ငွေဒဏ်ငါးသိန်း ဆောင်းပါး- ဆောင်းပါးရှင်၊ ဦးအောင်စိုးဦး |
| (၄) | ၅-၄-၂၀၂၀ | ပြည်ထောင်စုနေ့စဉ် | ရှေ့နေဦးဝင်းကြည်(စဉ့်ကိုင်) ရေးသားသော ကိုဗစ်နှင့်ဥပဒေ |

အခြားစာရေးဆရာ၊ ဥပဒေပညာရှင်များလည်း ရှိပါဦးမည်။ မောင်ထက်မြက်လေ့လာရရှိသမျှ ကျေးဇူးတင်စွာဖြင့် တင်ပြဝေမျှခြင်းသာပါ။ ဥပဒေဗဟုသုတမျှဝေသည့် စေတနာဖြစ်ပါသည်။

**ပညာရှင်ပေါင်းစုံ**

ရုပ်ရှင်၊ ဂီတ၊ အနုပညာရှင်များ၊ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီအနုပညာရှင်များ၊ ITပညာရှင်များ၊ ကာတွန်းဆရာများ၊ ရှေ့နေရှေ့ရပ်များ အပါအဝင် ပညာရှင်အသီးသီး၏ စေတနာ၊ လူထုအသိပညာပေး ဆွေးနွေးမှု၊ မြို့ရွာအနှံ့ တစ်နိုင်ငံလုံးဖြန့်၍ သတင်းမီဒီယာလောကတစ်ခွင် ရောဂါကင်းစင်ပပျောက်ရေးဆွေးနွေး၊ ပညာပေး၊ ဟောပြော၊ မမောနိုင်အောင် ကြံဆောင်၊ ကြိုးပမ်း၊ နိုင်ငံနှင့်လူမျိုးအားလုံးအတွက် ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွဆောင်ရွက်ကြ၊ အနစ်နာခံကြ၊ စည်းလုံးကြသည်မှာ အံ့မခန်းဖွယ်ရာ ဖြစ်ပါသည်။

**ပြည်သူသာလျှင် အဓိက**

ပြည်သူသာလျှင် အဓိကဟူသော ကြွေးကြော်သံသည် တစ်နိုင်ငံလုံး ကျယ်လောင် မြည်ဟီးလျက်ရှိပေသည်။ ကြွေးကြော်သံနှင့်အတူ လက်တွေ့ဘဝများက ထောက်ပြခဲ့ပြီဖြစ်ပါသည်။ ဝန်ဆောင်မှု လုပ်ငန်းများ၊ စားသောက်ကုန်များ ဈေးနှုန်းဈေးကစားမှု၊ မတော်လောဘကြောင့် အများဒုက္ခရောက်ရမှု၊ မမှန်သတင်းဖြန့်ချိမှုကြောင့် လုပ်ငန်းအနှောင့်အယှက်ဖြစ်မှု၊ ရောဂါလက္ခဏာဖုံးကွယ်မှုစသည်များကို လက်တွေ့မျက်မြင် အခြေအနေများဖြင့် ကြည်လင်စွာ မြင်တွေ့နိုင်ကြပြီ ဖြစ်ပေသည်။

**ဘေးအန္တရာယ်လျော့ပါးရေး**

သဘာဝဘေးအန္တရာယ်လျော့ပါးရေးသည် ကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေးမှာ အဓိကကျပေသည်။ ပြည်သူအများ အသိဗဟုသုတ အမြင်ကြည်လင်ခြင်း၊ ခေတ်မီခြင်း၊ နိုင်ငံတကာ၏ အတွေ့အကြုံများကို အချိန်နှင့်တစ်ပြေးညီ သိမြင်နားလည်ခြင်း၊ သဘောပေါက်ခြင်း၊ မိမိတို့အချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ စုပေါင်းကူညီဝိုင်းဝန်းခြင်း၊ အဖွဲ့အစည်းအသီးသီး၊ ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ လက်တွေ့ကျင့်သုံးနိုင်ကြပြီဖြစ်ပေသည်။ ပြည်သူ့အင်အား ပြည့်အင်အားပေတည်း။

**စေတနာ**

အိမ်ထဲမှာနေ(Stay at Home) သော ကျွန်တော်တို့အားလုံး ကိုယ့်တာဝန်ကိုယ်ကျေပွန်သော နိုင်ငံကြီးသားများဖြစ်ကြပေသည်။ COVID-19ရောဂါ ကာကွယ်ရေးအတွက် အခြေခံသာမန်တာဝန်ကို ကျေပွန်ရာရောက်သည်မှာ သေချာပေသည်။ ထိုမှတစ်ဆင့် ပြဋ္ဌာန်းဥပဒေတာဝန် ကျေပွန်ဖို့ တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## ဂျိမ်းစ်ဘွန်းမင်းသမီးဟောင်း အော်နာဘလက်မန်း အသက် ၉၄ နှစ်တွင် သေဆုံး

ဂျိမ်းစ်ဘွန်းရုပ်ရှင်မှာ ပူစီဂလိုရီအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူ ဗြိတိန်သရုပ်ဆောင် အော်နာ ဘလက်မန်းဟာ အသက်၉၄ နှစ်အရွယ်မှာပဲ သေဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ ဆာဆက်မြို့အရှေ့ပိုင်း လူးဝစ်မြို့က သူ့ရဲ့နေအိမ်မှာပဲ ငြိမ်းချမ်းစွာ ကွယ်လွန်သွားခဲ့ခြင်းဖြစ်တယ်လို့ သူ့ရဲ့မိသားစုက သတင်းထုတ်ပြန်ပါတယ်။ သူဟာ ၁၉၆၀ ပြည့်နှစ် ရုပ်သံစီးရီးမှာ ကက်သီဂေးအဖြစ် ပါဝင်သရုပ်ဆောင်ရင်း နာမည်ကြီးလာခဲ့သူလည်းဖြစ်ပါတယ်။ သူ့ရဲ့သရုပ်ဆောင်ပညာကျွမ်းကျင်မှုကြောင့် တတိယမြောက်ဂျိမ်းစ်ဘွန်းရုပ်ရှင်ကားဖြစ်တဲ့ Goldfinger မှာ ပူစီဂလိုရီအဖြစ် ပါဝင်သရုပ်ဆောင်ဖို့ အရွေးခံခဲ့ရတာပဲ ဖြစ်ပါတယ်။

အဲဒီလို အရွေးမခံရခင်ကတည်းက အော်နာဘလက်မန်းဟာ ဂျိမ်းစ်ဘွန်းပရိသတ်တစ်ဦးပါ။ Goldfinger ဇာတ်ညွှန်းကို ဖတ်လိုက်ပြီးတဲ့နောက် အဲဒီဇာတ်ကောင်ဟာ သူနဲ့အလိုက်ဖက်ဆုံးဖြစ်တယ်ဆိုတာကို နားလည်ခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်က ရိုက်ခဲ့တဲ့ Goldfinger ဇာတ်ကားမှာ ဂျိမ်းစ်ဘွန်းမင်းသားရှောင်ကွန်နရီနဲ့အတူ တွဲဖက်သရုပ်ဆောင်တုန်းက သူ့ရဲ့အသက်ဟာ ၃၈ နှစ်ရှိနေပါပြီ။ သူသေဆုံးသွားတဲ့သတင်းကို အသိပေးရတဲ့အတွက် အလွန်ပဲဝမ်းနည်းကြေကွဲရပါတယ်လို့ သူ့ရဲ့မိသားစုက ထုတ်ပြန်ကြေညာခဲ့ပါတယ်။

**စကိုင်းနယူးစ်**



Goldfinger ဇာတ်ကားတွင် ရှောင်ကွန်နရီနှင့်အတူ သရုပ်ဆောင်နေသည့် အော်နာဘလက်မန်းကို တွေ့ရစဉ်။

## ဟယ်ရီပေါ်တာစာရေးဆရာမ ဂျေကေရိုလင်း ကိုဗစ်-၁၉ လက္ခဏာများခံစားရမှ ပြန်လည်သက်သာလာ

ဟယ်ရီပေါ်တာ စာရေးဆရာမ ဂျေကေရိုလင်းကတော့ ကိုဗစ်-၁၉ ရဲ့ ရောဂါလက္ခဏာတွေ အားလုံးခံစားရပြီးတဲ့နောက် အပြည့်အဝပြန်လည်ကျန်းမာလာပြီလို့ ပြောပါတယ်။ အသက် ၅၄ နှစ်ရှိပြီဖြစ်တဲ့ ဂျေကေရိုလင်းဟာ ကိုဗစ် -၁၉ ရှိ မရှိကိုတော့ ဆေးစစ်မှုမခံယူခဲ့ပါဘူး။ သူဟာ အဆုတ်အတွင်းသို့ လေရောက်အောင် အသက်ရှူသွင်းနည်းကို အသုံးပြုခဲ့ပြီး လူတွေဘယ်လိုနေထိုင်သင့်တယ်ဆိုတာကို အကြံပြုထားတဲ့ဆရာဝန်ရဲ့ ဗီဒီယိုဖိုင်ကိုလည်း မျှဝေခဲ့ပါတယ်။ ဂျေကေရိုလင်းဟာ တွစ်တာမှာ ပရိသတ်ပေါင်း ၁၄ ဒသမ ၅ သန်းရှိသူလည်း ဖြစ်ပါတယ်။

သူဟာ နှစ်ပတ်ကြာ ကိုဗစ်-၁၉ ရောဂါလက္ခဏာတွေ ခံစားခဲ့ရတယ်လို့ ပြောပါတယ်။ ဒါပေမယ့်ဆေးတော့ စစ်မကြည့်ခဲ့ပါဘူး။ အခုအခါမှာတော့ အပြည့်အဝပြန်လည်နေကောင်းလာပြီဖြစ်ပြီး အသက်ရှူသွင်းနည်းစနစ်တွေကလည်း အထောက်အကူပြုခဲ့တယ်လို့ပြောပါတယ်။ ဂျေကေရိုလင်းမျှဝေပေးခဲ့တဲ့ ဗီဒီယိုမှာတော့ ကွင်းဆေးရုံက ဆရာဝန်က အသက်ပြင်းပြင်းရှူနည်းအပါအဝင် အခြားသောနည်းစနစ်တွေကို သရုပ်ပြသထားပါတယ်။ အဲဒီဗီဒီယိုဖိုင်ကို တခြားသော စာရေးဆရာတွေအပါအဝင် ပရိသတ်များစွာက ကြည့်ရှုခဲ့ကြပါတယ်။

**စကိုင်းနယူးစ်**



ဟယ်ရီပေါ်တာ စာရေးဆရာမ ဂျေကေရိုလင်း

ဖြိုး

## မြင်းခြံမြို့နယ် ထနောင်းတိုင်တိုက်နယ်ဆေးရုံသို့ ရောဂါကာကွယ်ရေးဝတ်စုံများ၊ နှာခေါင်းစည်းများနှင့်CPAP -Device စက် လေးလုံးလှူဒါန်း

**မြင်းခြံ မေ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ထနောင်းတိုင်တိုက်နယ်အုပ်စု ထနောင်းတိုင် တိုက်နယ်ပြည်သူ့ဆေးရုံသို့ ယမန်နေ့က ကိုဗစ်-၁၉ ကြိုတင် ကာကွယ်နိုင်ရန် ရောဂါကာကွယ်ရေးဝတ်စုံ ကိုးစုံနှင့် နှာခေါင်းစည်းများ၊ CPAP- Device စက်နှစ်လုံး လှူဒါန်းခဲ့ကြောင်း တိုက်နယ်ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာကံမင်းအောင်ထံမှ သိရသည်။

ထနောင်းတိုင်ကျေးရွာ ယွန်းကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓက မွေးကင်းစကလေးငယ်များအသက်ရှူရန် ခက်ခဲသည့်အခြေအနေ ဖြစ်ပေါ်ပါက အသုံးပြုရန် CPAP- Device စက်နှစ်လုံးနှင့် ရောဂါကာကွယ်ရေးဝတ်စုံ နှစ်စုံ၊ ဂျပန်နိုင်ငံ၊ Shijuoka မြို့ရောက် မငွေးငွေးနှင့် ထနောင်းတိုင်တိုက်နယ်ကျောင်းသားကျောင်းသူများက CPAP- Device စက်နှစ်လုံးနှင့် ရောဂါကာကွယ်ရေးဝတ်စုံ နှစ်စုံ၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနမှ ဦးအောင်ငွေး (လက်ထောက်အထွေထွေမန်နေဂျာ)က ရောဂါကာကွယ်ရေးဝတ်စုံသုံးစုံ၊ ပင်းတယမြို့ အလှူရှင်တစ်ဦးက ရောဂါကာကွယ်ရေးဝတ်စုံ တစ်စုံတို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



ထနောင်းတိုင်တိုက်နယ်ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများကို လာရောက်လှူဒါန်းကြစဉ်။

## MPT သို့ SMS ဖြင့် ပေးပို့လှူဒါန်းငွေအား ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့လွှဲပြောင်းလှူဒါန်းမည်

**ရန်ကုန် မေ ၇**

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် စေတနာရှင် ပြည်သူများက MPT တွင် SMS (စာတို) ပေးပို့၍ လှူဒါန်းနိုင်ပြီး အဆိုပါလှူဒါန်းငွေများကို ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ လွှဲပြောင်း လှူဒါန်းမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ MPT ရုံးချုပ်မှ သိရသည်။

ပါဝင်လှူဒါန်းလိုသူများသည် 9900 သို့ 500 ဟုရိုက်နှိပ်၍ SMS (စာတို)ပေးပို့နိုင်ပြီး တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ လှူဒါန်းနိုင်ကာ အကြိမ်အရေအတွက် ကန့်သတ်ထားခြင်းမရှိကြောင်း၊ GSM / WCDMA စနစ်အသုံးပြုသည့် ကြိုတင်ငွေဖြည့်စနစ်နှင့် အသုံးပြုပြီးမှ ငွေပေးချေသောစနစ်ဖြင့် သုံးစွဲသူမည်သူမဆို ပါဝင်လှူဒါန်းနိုင်မည်ဖြစ်သည်။ အသုံးပြုပြီးမှ ငွေပေးချေသောစနစ်ကို သုံးစွဲသူတို့အတွက် လှူဒါန်းလိုက်သည့် ငွေပမာဏအား ငွေတောင်းခံလွှာတွင် ထည့်သွင်းကောက်ခံသွားမည်ဖြစ်ပြီး ကြိုတင်ငွေဖြည့်စနစ်အသုံးပြုသူတို့အတွက် ငွေဖြည့်သွင်းထားသည့် ပမာဏထဲမှ နုတ်ယူသွားမည်ဖြစ်သည်။

MPT အနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဝက်ဘ်ဆိုက်၊ မြန်မာနိုင်ငံဆရာဝန်အသင်း ဝက်ဘ်ဆိုက်အပြင် ပြည်သူတို့အသုံးများသော သတင်းဝက်ဘ်ဆိုက်တို့၌ အင်တာနက်အသုံးပြုခ အခမဲ့ဖြင့် ဝင်ရောက်ကြည့်ရှုခွင့်ပြုထားပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အထောက်အပံ့တစ်ခုအဖြစ် ကူညီနိုင်ရန် MPT သုံးစွဲသူများ SMS ပေးပို့၍ လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

**သစ္စာ**

## မိုင်းဖြတ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ လှူဒါန်း

**မိုင်းဖြတ် မေ ၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၃၂၅၁၀၀၀ တန်ဖိုးရှိ လုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

တော်ဝင်မိုင်းဖြတ်နဂါးဆောက်လုပ်ရေးကုမ္ပဏီမှ ဦးထွန်းရွှေနှင့် ဒေါ်နန်းထမ်းမိသားစုများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်ထံ Oxygen Concentr-ator နှစ်လုံး၊ ရောဂါကာကွယ်ရေးဝတ်စုံ အစုံ ၂၀၊ လက်အိတ်ဘူး ၂၀ ၊ နှာခေါင်းစည်း ဘူး ၄၀ ၊ Yasee နှစ်လုံး၊ လက်ဆေးဘေစင်နှစ်လုံး၊ စောင်နှင့်ခေါင်းအုံးအစုံ ၃၀ စုစုပေါင်းငွေကျပ် ၃၂၅၁၀၀၀ တန်ဖိုးရှိ ပစ္စည်းများနှင့် နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအတွက် အောင်ထိပ်စံကုန်စုံဆိုင်မှ အလှူရှင် ဦးသန်းအေးမိသားစုမှ သောက်ရေသန့်နှင့် အအေး၊ ရိုးမတောင်တန်းစားသောက်ဆိုင်မှ အလှူရှင်များက မုန့်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ကော်မတီဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။**သန်းထွန်းအေး(ပြန်/ဆက်)**

## သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားနပ်ရိက္ခာနှင့်ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့

**သာစည် မေ ၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားနပ်ရိက္ခာထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က အဆိုပါ ဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က ယခုလို ကမ္ဘာ့နေရာအနှံ့တွင် ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် မိမိတို့မြို့နယ်အတွင်း၌ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဝန်ထမ်းများက တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ဝန်ထမ်းများက မိမိတို့ကျန်းမာရေးကိုလည်း အလေးထားဂရုပြုနေထိုင်ကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးလဲ့လဲ့ခိုင်တို့က ဝန်ထမ်း ၁၁၆ ဦးတို့အား တစ်ဦးလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ နှာခေါင်းစည်း ငါးခုနှင့် လက်သန့်ဆေးရည် 300 ml တစ်ဘူးတို့ကို ထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ဘုန်းတော်ကြီးသင်ပညာရေးနှင့်လူငယ်ဖွံ့ဖြိုးရေး ပရဟိတမိဘမဲ့ဂေဟာသို့ ဆန်၊ ဆီ လှူဒါန်း

**တပ်ကုန်း မေ ၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာရေးအုပ်ချုပ်ရေးမှူး၊ မြို့မိမြို့ဖများနှင့်စေတနာရှင်များ စုပေါင်း၍ မေ ၅ ရက်က ကျောက်စရစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတမိဘမဲ့ဂေဟာကျောင်းတွင် ဆန်၊ ဆီ၊ ချင်း၊ ထန်းလျက်၊ ဆပ်ပြာနှင့် ပဲလှော်များ လှူဒါန်းသည်။

အဆိုပါပစ္စည်းများမှာ ဆန်ကိုးအိတ်၊ ဆီ ၁၀ ပိဿာ၊ ချင်းနှစ်ပိဿာ၊ ထန်းလျက်သုံးပိဿာ၊ ပဲကြီးလှော်နှစ်ပိဿာနှင့် ကာပေါ်လစ်ဆပ်ပြာ ၅၀ ဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် စေတနာရှင်များက ဘုန်းတော်ကြီးသင်ပညာရေးနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတ မိဘမဲ့ဂေဟာကျောင်းထိုင်ဆရာတော်(သဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တထေရိန္ဒထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါကျောင်းတွင် ကျောင်းထိုင်ဆရာတော်နှင့်ရဟန်းသံဃာလေးပါး၊ သာမဏေ ၈၇ ပါး၊ သီလရှင် ၅၇ ပါးရှိကြောင်း သိရသည်။

**တင်စိုးလွင်**

# မြန်မာ့ရိုးရာ မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း MRTV – 4 နှင့် Channel –7 ရုပ်သံလိုင်းတို့မှ အထူးအစီအစဉ်များတင်ဆက်သွားမည်

**ရန်ကုန် ဧပြီ ၇**

၂၀၂၀ပြည့်နှစ် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလများတွင် မိမိတို့နေအိမ်များ၌ မိသားစုနှင့်အတူ အေးချမ်းစွာဖြတ်သန်းကြမည့် မိဘပြည်သူများအတွက် MRTV–4 နှင့် Channel –7 ရုပ်သံလိုင်းတို့မှ ဧပြီ ၁၁ ရက်မှ ၁၈ ရက်အတွင်း မူလ ပြသနေသည့် ရုပ်သံအစီအစဉ်များ၊ ဇာတ်လမ်းတွဲများအပြင် သင်္ကြန်နှင့် ပတ်သက်သော တေးသီချင်းများ၊ ဗီဒီယိုရုပ်ရှင်ဇာတ်ကားသစ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

Forever Group မှ အထွေထွေမန်နေဂျာ ဒေါက်တာကောင်းဇော်က "သင်္ကြန်ပိတ်ရက်တွေမှာ ပြည်သူတွေအိမ်မှာ အေးအေးချမ်းချမ်းနေထိုင်ပြီး အပန်းဖြေလို့ရအောင်၊ ပြည်သူတွေကို ဒီအချိန်မှာ အပြင်မထွက်ဘဲနဲ့ အေးအေးဆေးဆေး နားလို့ရအောင် အစီအစဉ်ကောင်းလေးတွေ တင်ဆက်ပေးဖို့ ရည်ရွယ်ပါတယ်"ဟု ပြောသည်။

**MRTV–4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် အစီအစဉ်များ**

ဧပြီ ၁၁ ရက်မှ ၁၆ ရက်အတွင်း သင်္ကြန်တေးချစ်သူများအတွက် ယခင်နှစ်များက ပြုလုပ်ခဲ့သော music concert များမှ အကောင်းဆုံးသီချင်းများကို ရွေးချယ်ကာ "ထာဝရသင်္ကြန် music concert " အစီအစဉ်ကို နံနက် ၁၀ နာရီ ၁၅ မိနစ်မှ နံနက် ၁၁ နာရီအထိလည်းကောင်း၊ "ဖြိုးပြည့်စုံနဲ့ သင်္ကြန်သီချင်းများ" အစီအစဉ်ကို မွန်းလွဲ ၁ နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၂ နာရီအထိ လည်းကောင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်ကာ ကိုရီးယားရုပ်သံဇာတ်ကားကြိုက်နှစ်သက်သူများအတွက် ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ " နောက်ကွယ်က အမှန်တရား" အမည်ရှိ ကိုရီးယားရုပ်သံ ဇာတ်လမ်းတွဲကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိလည်းကောင်း၊ မြန်မာဇာတ်လမ်း ကြိုက်နှစ်သက်သူများအတွက် "အချစ်ဖွဲ့လေညှင်း" အမည်ရှိ မြန်မာဇာတ်လမ်းတွဲကို ဧပြီ ၁၅ ရက်မှစ၍ လည်းကောင်း ထုတ်လွှင့်ပြသပေးသွားမည်ဟု သိရသည်။

**Channel –7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် အစီအစဉ်များ**

ဧပြီ ၁၁ မှ ၁၆ ရက်အထိ မွန်းတည့် ၁၂ နာရီ မှ မွန်းလွဲ ၁ နာရီအတွင်း ယခင် နှစ်များက ပြုလုပ်ခဲ့သော music concert များမှ အကောင်းဆုံးသီချင်းများကို ပြန်လည်ထုတ်လွှင့်မည့် "ထာဝရသင်္ကြန် music concert " အစီအစဉ်ကို လည်းကောင်း၊ ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ "လူ့ဂုဏ်နှင့် မာယာဘုံ"ကိုရီးယား ဇာတ်လမ်းတွဲကို လည်းကောင်း မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ပြသပေးမည်ဖြစ်ပြီး Channel– 7 ရုပ်သံလိုင်းမှ သင်္ကြန်ကာလအတွင်း ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီတွင် မြန်မာဗီဒီယိုဇာတ်ကားသစ်များကို ပြသပေးသွားမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားများကို နံနက်ပိုင်းတွင် မကြည့်လိုက်ရသူများအတွက် ည ၉ နာရီအချိန်တွင် ပြန်လည်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ဧပြီ ၁၁ ရက်မှ ၁၈ ရက်အတွင်း နေ့စဉ် နံနက် ၁၀ နာရီတွင် Channel– 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် မြန်မာဗီဒီယိုဇာတ်ကားများစာရင်း

ဧပြီ ၁၁ ရက်တွင် နေတိုး၊ ပိုင်ဖြိုးသု ၊ ဆူးခက်မင်း စသည့် သရုပ်ဆောင်များ ပါဝင်ထားသည့် "မိုးရာသီ အက်ဆေး"၊

ဧပြီ ၁၂ ရက်တွင် အောင်မင်းခန့်၊ ဝင့်ယမုံနိုင် စသည့် သရုပ်ဆောင်များ ပါဝင်သည့် "အချစ်ကို ကိုက်တဲ့ ဗိုင်းရပ်စ်များ"၊

ဧပြီ ၁၃ ရက်တွင် စည်သူဝင်း၊ ဟေဇယ်ညီညီထွန်း၊ ပြေဇင် စသည့် သရုပ်ဆောင်များပါဝင်သည့် "ချစ်သူထံသို့"၊

ဧပြီ ၁၄ ရက်တွင် မင်းဘုန်းမြတ်၊ တေဇာကျော်၊ မှူးသီဟာသူ၊ သဇင်နွယ်ဝင်း၊ ဆုမွန် စသည့် သရုပ်ဆောင်များ ပါဝင်သည့် "escape (လွတ်မြောက်ခြင်း)"၊

ဧပြီ ၁၅ ရက်တွင် ဒေါင်း၊ ပြည့်ဖြိုး၊ နေ့ဦး၊ ရှင်မွေလ၊ မေ စသည့် သရုပ်ဆောင်များ ပါဝင်သည့် "သူငယ်ချင်းများ"၊

ဧပြီ ၁၆ ရက်တွင် မိုက်မိုက်၊ ချြူးလေး၊ အောင်ပိုင် ၊ ကြူကြူသင်း စသည့် သရုပ်ဆောင်များ ပါဝင်သည့် "ဥဒ္ဒစ္စ မြစ်တစ်စင်း"၊

ဧပြီ ၁၇ ရက်တွင် နေတိုး၊ အိချောပို၊ ဖွန်သံစဉ် စသည့် သရုပ်ဆောင်များပါဝင်သည့် "မနက်ဖြန်တိုင်းမှာ"၊


ဧပြီ ၁၈ ရက်တွင် ဇေရဲထက်၊ ခင်ဝင့်ဝါ စသည့် သရုပ်ဆောင်များ ပါဝင်သည့် "မြို့သားတောသူ"။


**သီသီမင်း**























## မင်းလှမြို့နယ် သမဝါယမအသင်းစု ဇောတိကကုန်မျိုးစုံအရောင်းဆိုင်မှ ရောင်းချသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိ

**မင်းလှ ဧပြီ ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သမဝါယမအသင်းစု ဇောတိက ကုန်မျိုးစုံအရောင်းဆိုင်မှ အခြေခံစားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း အသင်းသားပြည်သူများသို့ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချနေမှုကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး အသင်းစုချုပ်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ လာရောက်ဝယ်ယူသူ ဒေါ်ညွန့်က "ဝယ်ယူတဲ့ပစ္စည်းတွေက ဈေးမတက်ပါဘူး။ ပစ္စည်းအားလုံး ယခင်ပုံမှန်ဈေးနှုန်းများအတိုင်း ဖြစ်ပါတယ်။ လိုအပ်လို့ မှာရင်လည်း ငွေကျပ် ၃၀၀၀၀ နဲ့အထက် ဝယ်ယူသူကို အိမ်အရောက်ပို့ပေးတယ်" ဟု ပြောသည်။

သမဝါယမ အသင်းဆိုင်များမှ အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်များရောင်းချရာတွင် ဝယ်ယူသူများအား ရောဂါကူးစက်မှုအန္တရာယ်ကင်းဝေးစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပြီး ယခုကဲ့သို့ ဆောင်ရွက်ပေးရခြင်းမှာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း မရှိစေရေးအတွက် ညှိနှိုင်းထိန်းသိမ်းရန် ရည်ရွယ်ကာ သမဝါယမအသင်းများကလည်း ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကို ကိုဗစ် - ၁၉ ကျန်းမာရေးစင်တာအဖြစ်အသုံးပြုရန် ပြင်ဆင်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) ရှိ အချို့အဆောင်များကို ကိုဗစ် - ၁၉ ကျန်းမာရေးစင်တာအဖြစ် အသုံးပြုရန် ပြင်ဆင်နေမှုများ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းရာတွင် ကိုဗစ် - ၁၉ ကျန်းမာရေးစင်တာ ကြီးကြပ်မှုကော်မတီဖွဲ့စည်းနိုင်ရေးနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ အမြန်ဆုံး ပြီးစီးရေးဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် ကော်မတီ အလိုက် တာဝန်ရှိသူများက လျှပ်စစ်မီး လုံလောက်စွာ ရရှိရေးဆောင်ရွက်ထားရှိမှု ၊ ဆေးပစ္စည်းများထားမည့် အခန်းများကို အဲကွန်းများ တပ်ဆင်နေမှုနှင့် ကျန်းမာရေးဝန်ထမ်းများ ထားရှိမည့် အဆောင်များစီစဉ်ထားရှိမှု၊ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်များ စီစဉ်ထားရှိမှု၊ လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ စီစီတီဗွီကင်မရာများ တပ်ဆင်ဆောင်ရွက်နေမှုများ၊ အင်တာနက်လိုင်းများ အခမဲ့သုံးစွဲနိုင်ရေးနှင့် တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းများ တပ်ဆင်နေမှု၊ သောက်ရေသုံးရေလုံလောက်စွာ ရရှိရေးအတွက် မြေအောက်ရေတူးဖော်ရေးဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍအလိုက်အမြန်ဆုံးပြီးစီးရေးဆောင်ရွက်ရန် မှာကြားပြီး ကြိုတင်ပြင်ဆင်နေသည့် ကျန်းမာရေးစင်တာအဖြစ်အသုံးပြုမည့်အဆောင်နှင့် ဆေးစတိုအဖြစ် အသုံးပြုမည့် မင်းရာဇာခန်းမတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ရောဂါအခြေအနေပြောင်းလဲမှုအရ လိုအပ်ပါက ရန်ကုန်တိုင်းဒေသကြီးနှင့် ပတ်ဝန်းကျင်ဒေသများအတွက် အဆင့် ၃ နေရာအဖြစ် ပြုစုကုသမှုဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှု၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) မှ တာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျန်းမာရေး စင်တာအဖြစ် အသုံးပြုရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန် / ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကို သွားရောက်ကြည့်ရှုစဉ်။

## ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် ရောဝတီဖောင်ဒေးရှင်းမှ ဆန်အိတ် ၁၀၀၀ လှူဒါန်း

**ပဲခူး မေ ၇**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယမန်နေ့က ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေးအတွက်ရောဝတီဖောင်ဒေးရှင်းမှ ဆန်အိတ် ၁၀၀၀ လာရောက်လှူဒါန်းခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကိုဗစ် – ၁၉ ကာကွယ်ရေးလုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီကတည်းက ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဆောင်ရွက်ခဲ့ပြီး ယခုအချိန်အထိ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများမှပြန်လာသော မြန်မာနိုင်ငံသားများအား သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်းတွင် ၁၄ ရက် စောင့်ကြည့်နေထိုင်စေလျက်ရှိပြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ပရဟိတ အစီအစဉ်ဖြင့် လည်းကောင်းကျွေးမွေးခြင်း၊ ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုလာရောက်လှူဒါန်းသည့် ဆန်အိတ်များကိုလည်း လိုအပ်သည့် သတ်မှတ်ထားသော နေရာတွင် အသွားအလာကန့်သတ်ခြင်းများသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ယခုလိုလာရောက် လှူဒါန်းပေးမှုအပေါ် ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။




ထို့နောက် ရောဝတီဖောင်ဒေးရှင်းမှ ဒါရိုက်တာ ဦးဆန်းလင်းဝင်းက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေးတို့ထံ ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရေး ဆန်အိတ် ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ အစိုးရအဖွဲ့မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**တိုင်းဒေသကြီး(မြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ်ထံ ကိုဗစ် - ၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ပြည်သူများ လာရောက်လှူဒါန်း

**လွိုင်ကော် မေ ၇**

ကယားပြည်နယ်၌ ကိုဗစ် – ၁၉ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည့် လိုအပ်သော ပစ္စည်းများကို ပြည်သူများမှ လာရောက်လှူဒါန်းလျက်ရှိရာ ယမန်နေ့က လှူဒါန်းမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ၎င်း၏ရုံးခန်း၌ လက်ခံဆောင်ရွက်ခဲ့ပြီး လှူဒါန်းမှု များအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

လှူဒါန်းမှုအနေဖြင့် Mytel Co.,Ltd. မှ နှာခေါင်းစည်း (N 95) အခု ၁၄၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၈ စုံ၊ လွိုင်ကော်ရှန်ဂရီလာ စားသောက်ဆိုင်က ရေသန့်ကတ် ၁၀၀၊ နှာခေါင်းစည်း အခု ၃၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၅ စုံ၊ လက်သန့်ဆေးရည်ဘူး ၃၀၊ လက်အိတ် ၁၅ စုံ၊ Safety Glasses ၁၅ ခု၊ ဖိနပ် ၁၅ ရံ၊ ထူးဝေ လင်းကုမ္ပဏီက နေရပ်ပြန်များအတွက် တစ်ရက်တာ အာဟာရဒါန၊ ကိုသားငယ်(မယ်စဲ့) က ရေသန့်ကတ် ၅၀၊ YNO ကုမ္ပဏီက နှာခေါင်းစည်းအခု ၁၀၀၀၊ ရောဂါကာကွယ်ရေး ဝတ်စုံ ၂၀၊ ကယားပြည်နယ် ဥပဒေဆိုင်ရာ အထောက်အကူပြုရေးအဖွဲ့မှ နှာခေါင်းစည်း (N 95) အခု ၁၀၀၊ ရောဂါ ကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ ဦးမျိုးသန်း – ဒေါ်အေးအေး (မယ်စဲ့)က ရေသန့်ကတ် ၂၀၊ အထက (ဟိုစဲ့) ပညာရေးဝန်ထမ်း မိသားစုက ရေသန့်ကတ် ၃၀ ၊ မထက်ထက်မင်းခိုင် (ဘော်လခဲခရိုင်ထွေအုပ်) က ရေသန့် ၁၀ ကတ်၊ ဦးဟိန်းကောင်းစံက ရေသန့်ရှစ်ကတ်နှင့် လက်သန့်ဆေးရည်နှစ်ဘူး၊ ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုကော်မတီက ရောဂါကာကွယ်ရေးဝတ်စုံ ၁၀ စုံ၊ ရောဝတီဘဏ်က ဆန်အိတ် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ထွန်းလေး (မြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပေါင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ

**မော်လမြိုင် မေ ၇**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံသည် ကိုဗစ် – ၁၉ ရောဂါနှင့် ပတ်သက်၍ ယမန်နေ့က ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်း ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများနှင့် တွေ့ဆုံသည်။ (ယာပုံ)




တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီး ချုပ်က မတ် ၂၂ ရက်က ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အဆောက်အအုံ များတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းဖြင့် ၁၄ ရက်ကြာ နေထိုင်စောင့်ကြည့် စစ်ဆေးပြီးဖြစ်၍ ယင်းတို့အား နေရပ်သို့ပြန်လည် ပို့ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထိုနေရပ်ပြန်သူများကို ဆေးရုံသုံး နှာခေါင်းစည်းများနှင့် လက်ဆေး ဆပ်ပြာများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် ၁၄ ရက်ပြည့်ပြီး နောက်ထပ် ၁၄ ရက် ဆက်ပြီး တောင့်ခံနိုင်မည်ဆိုလျှင် ဒီရောဂါဆိုးကြီးကို အောင်မြင်အောင်ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း၊ အသွားအလာကန့်သတ်ခြင်းဖြင့် ၁၄ ရက်ကြာ စောင့်ကြည့်ပြီး မိမိတို့နေအိမ်ကို ပြန်ပြီးနေသည့်သူများကလည်း ယခုကဲ့သို့ မိမိတို့အိမ်တွင် သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းနေကြရန် လိုကြောင်း၊ ကိုဗစ် –၁၉ ရောဂါနှင့် ပတ်သက်၍ ထိန်းချုပ်၊ ကုသ၊ ကာကွယ်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် သထုံမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်သို့သွားရောက်ပြီး ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံကာ ကိုဗစ် – ၁၉ နှင့် ပတ်သက်၍ ထိန်းချုပ်၊ ကုသ၊ ကာကွယ်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများအား ကျေးဇူးတင်စကားပြောကြားကာ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဝေလင်း(မြန်/ဆက်)**

## ကိုဗစ် -၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ အလှူရှင်များလှူဒါန်း

**ဟားခါး မေ ၇**

ချင်းပြည်နယ်အတွင်း ကိုဗစ် – ၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ဌာနဆိုင်ရာများ၊ ကုမ္ပဏီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်စိုက်ပျိုးရေး ၊မွေးမြူရေး၊သစ်တောနှင့် သတ္တုဝန်ကြီး ဦးမာန်ဟင်းဒါလ်၊ ပြည်နယ်စည်ပင်သာယာရေး၊လျှပ်စစ်နှင့် စက်မှု၊ လက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

လှူဒါန်းပွဲအခမ်းအနား၌ IME Foundation မှ ငွေကျပ် ၁၀၀၃၇၅၀၀၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ငွေကျပ်သိန်း ၂၀၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်လမ်းဦးစီးဌာနမှ ငွေကျပ်သိန်း ၂၀၊ တံတားအထူးအဖွဲ့(၁)မှ ငွေကျပ် ၁၀ သိန်း၊ ဆက်သွယ်ရေးကုမ္ပဏီများမှ ငွေကျပ်သိန်း ၈၀၊ အဆောက်အဦအထူးအဖွဲ့(၉)မှ ငွေကျပ် ၁၀ သိန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့်ဇနီးဒေါ်စန်းစန်းမိုးမိသားစုမှ ငွေကျပ်တစ်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့်မိသားစုမှ ငွေကျပ်တစ်သိန်း၊ ပြည်နယ်သမဝါယမဦးစီးဌာနမိသားစုမှငွေကျပ်သုံးသိန်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ငွေကျပ်နှစ်သိန်း၊ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ်နှစ်သိန်း၊ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ငွေကျပ်နှစ်သိန်းရှိ ဆေးနှင့်ဆေးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းသုံးပစ္စည်းများအား ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ပေးအပ်လှူဒါန်းကြသည်။

**မြင့်နိုင်စိုး(မြန်/ဆက်)**

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် အတူ (၉)

# ရွေးကောက်ပွဲနှင့် မဟာဗျူဟာစီမံကိန်း



မောင်စာဂ

လုပ်ငန်းတစ်ခုအောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ဆိုလျှင် လုပ်ငန်းအစီအစဉ်တွေချမှတ်ရသည်။ စီမံချက်တွေ ရေးဆွဲရသည်။ ကြီးမားလှသော လုပ်ငန်းကြီးများကို ဆောင်ရွက်ရသည့်အခါမှာတော့ သာမန်စီမံချက်များ ရေးဆွဲချမှတ်ရုံလောက်နှင့် မပြည့်စုံနိုင်။ စီမံကိန်းများ ရေးဆွဲရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအားလုံးတွင် ကျင်းပသွားမည်။ ကြီးမားလှသော လုပ်ငန်းစဉ်ကြီးဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဟာဗျူဟာစီမံကိန်းကို ရေးဆွဲချမှတ်ထားရှိသည်။ အနှစ်ချုပ်မျှဝေပါရစေ။

**မဟာဗျူဟာစီမံကိန်း (၂၀၁၄ – ၂၀၁၈)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၄ ခုနှစ်ကစ၍ ရွေးကောက်ပွဲများ ချောမောအောင်မြင်စွာကျင်းပနိုင်ရန် မဟာဗျူဟာစီမံကိန်း (၂၀၁၄ – ၂၀၁၈)ကို ရေးဆွဲချမှတ်ခဲ့သည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် မဟာဗျူဟာစီမံကိန်း (၂၀၁၄ – ၂၀၁၈) ပါ ရည်မှန်းချက်ပန်းတိုင်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းခန့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

**မဟာဗျူဟာစီမံကိန်း (၂၀၁၉ – ၂၀၂၂ )**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကိုမျှော်မှန်းလျက် ၂၀၁၉ ခုနှစ်မှစ၍ ဆောင်ရွက်ရန်ရှိသည်များနှင့် ရွေးကောက်ပွဲအပြီး ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမည့်ကာလ ၂၀၂၂ ခုနှစ်အထိ လေးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၉ – ၂၀၂၂ ) ကို ရေးဆွဲခဲ့သည်။

**မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ**

မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ ၁၁ ချက်ရှိသည်။ အောက်ပါအတိုင်းဖြစ်သည်–

| | |
|---|---|
| မဟာဗျူဟာစီမံကိန်း(၁)။ | ဥပဒေရေးရာမူဘောင်နှင့် လွှတ်တော်ဆက်ဆံရေး၊ |
| မဟာဗျူဟာစီမံကိန်း(၂)။ | ဝန်ထမ်းများ၏ကျွမ်းကျင်မှု စွမ်းရည်မြှင့်တင်ရေး၊ |
| မဟာဗျူဟာစီမံကိန်း(၃)။ | ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ |
| မဟာဗျူဟာစီမံကိန်း(၄)။ | ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ၊ |
| မဟာဗျူဟာစီမံကိန်း(၅)။ | ပြည်သူလူထုနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်း၊ |
| မဟာဗျူဟာစီမံကိန်း(၆)။ | ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တွင် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် ကန့်ကွက်မှုများ ဖြေရှင်းခြင်း၊ |
| မဟာဗျူဟာစီမံကိန်း(၇)။ | ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်း၊ |
| မဟာဗျူဟာစီမံကိန်း(၈)။ | အားလုံးပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်း၊ |
| မဟာဗျူဟာစီမံကိန်း(၉)။ | နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း နှင့် မဲဆွယ်စည်းရုံးရေးအသုံးစရိတ်၊ |
| မဟာဗျူဟာစီမံကိန်း(၁၀)။ | ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း၊ |
| မဟာဗျူဟာစီမံကိန်း(၁၁)။ | စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခြင်း၊ စိစစ်သုံးသပ်ခြင်းနှင့် စီမံကိန်းရေးဆွဲခြင်း။ |

**ရွေးကောက်ပွဲစက်ဝန်း**

ရွေးကောက်ပွဲစက်ဝန်းဟူသည် ရွေးကောက်ပွဲကာလများဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလများတွင် ရွေးကောက်ပွဲကာလအလိုက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို အလွယ်တကူသိရှိနိုင်ရန် စက်ဝန်းပုံသဏ္ဌာန်ဖြင့် ပုံဖော်ရေးဆွဲပြသထားခြင်းဖြစ်သည်။ မဟာဗျူဟာစီမံကိန်း ၁၁ ချက်လုံးသည် သက်ဆိုင်ရာရွေးကောက်ပွဲကာလအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များ ဖြစ်သည်။

**မဟာဗျူဟာမျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာဆောင်ရွက်မည့် အခြေခံမူများ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဟာဗျူဟာစီမံကိန်းပါ ဆောင်ရွက်ရန်ရှိသည့်အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မျှော်မှန်းချက်၊ တာဝန်နှင့် လိုက်နာရမည့်အခြေခံမူများ ချမှတ်ထားရှိကြောင်း ဤသို့လေ့လာသိရှိရသည်–

မျှော်မှန်းချက်နှင့်စပ်လျဉ်း၍ စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ်တည်ဆောက်နိုင်ရေးအတွက် ရွေးကောက်ပွဲများကို လွတ်လပ်၍တရားမျှတပြီး တူညီသောအခွင့်အရေးဖြင့် ဘက်လိုက်ခြင်းမရှိဘဲ ပွင့်လင်းမြင်သာစွာ ကျင်းပပေးခြင်းဖြင့် အများယုံကြည်လက်ခံလာစေရန် မျှော်မှန်းချက်ထားရှိသည်။

တာဝန်ပိုင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးအပ်ထားသော အခွင့်အာဏာအရ လွတ်လပ်၍ တရားမျှတသော ဘက်မလိုက်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှအဖွဲ့ဝင်များ၏ စွမ်းဆောင်မှုအရည်အသွေး မြှင့်တင်ပေးခြင်း၊ ပြည့်စုံမှန်ကန်သောမဲစာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်များအား ပညာပေးခြင်း၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်မည်။ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်မည်။




လိုက်နာဆောင်ရွက်မည့်အခြေခံမူများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံဆောင်ရွက်ရာတွင် ပြင်ပလွှမ်းမိုးမှုမရှိစေဘဲ လွတ်လပ်၍ အမှီအခိုကင်းစွာဖြင့် စီမံဆောင်ရွက်မည်။ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုခု၏ လွှမ်းမိုးမှုမရှိဘဲ ဆောင်ရွက်မည်။ မည်သည့်ပါတီ၊ လူပုဂ္ဂိုလ်တစ်ဦးဦးကိုမျှ ဘက်လိုက်ခြင်းမရှိဘဲ ဥပဒေနှင့်အညီ တရားမျှတခြင်းကို ဦးတည်ကြိုးကြပ်ဆောင်ရွက်မည်။ ရွေးကောက်ပွဲဆိုင်ရာမူဝါဒများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ရွေးကောက်ပွဲများ ကျင်းပရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်မည်။

ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ဆောင်ရွက်မည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အစဉ်အမြဲခိုင်မာရှင်သန်စေရန်၊ တိုးတက်နေသော ခေတ်မီနည်းပညာများကိုအသုံးပြု၍ တီထွင်ကြံဆ တွေးခေါ်ဆောင်ရွက်မည်။ ရွေးကောက်ပွဲများနှင့် ရွေးကောက်ပွဲလုပ်ငန်းများအပေါ် ပြည်သူများ၏ ယုံကြည်ကိုးစားမှုမြင့်မားစေရန် ဥပဒေများနှင့် အညီ စီမံဆောင်ရွက်မည်။ ပြည်သူအား ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း အသိပေးမည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက်တွင် တည်ဆဲဥပဒေများနှင့် အညီ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် လွတ်လပ်၍ တရားမျှတသော၊ သိက္ခာရှိသော ရွေးကောက်ပွဲများကို ကျင်းပပေးခြင်းဖြင့် ဒီမိုကရေစီအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရေး ဆောင်ရွက်မည်။

**ရွေးကောက်ပွဲနှင့်အတူ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ် ၁၁ ချက်သည် လွှတ်တော်နှင့် သက်ဆိုင်သည့်အပိုင်း၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် သက်ဆိုင်သည့်အပိုင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ရွေးကောက်ပွဲလေ့လာသူများ စသည့်ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့် သက်ဆိုင်သည့်အပိုင်းများ အသီးသီးပါရှိသည်။

စီမံကိန်းလုပ်ငန်းစဉ် ၁၁ ချက်လုံး အောင်မြင်ရေးအတွက် ကဏ္ဍစုံမှပါဝင်ပတ်သက်သူများနှင့် ဆက်ဆံခြင်းကဏ္ဍ၊ အားလုံးပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်းကဏ္ဍနှင့် မဲဆန္ဒရှင်အသိပညာပေးခြင်းကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်မှုရှိစေဖို့ အလေးထားဆောင်ရွက်ရန်လိုအပ်ပါမည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်းလုပ်ငန်းစဉ်များ မျှော်မှန်းထားသည့်အတိုင်း အပြည့်အဝအောင်မြင်ဖြစ်ထွန်းလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ မဟာဗျူဟာစီမံကိန်း၏ မျှော်မှန်းချက်နှင့်အညီ–

- **လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်ပါစေ၊**
- **တူညီသောအခွင့်အရေးဖြင့် ဘက်လိုက်မှုကင်းသော ရွေးကောက်ပွဲကြီး ဖြစ်ပါစေ၊**
- **ရွေးကောက်ပွဲစက်ဝန်းပါလုပ်ငန်းစဉ်များ ချောမောအောင်မြင်ရေးအတွက် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ။**

“လုပ်ငန်းတစ်ခုအောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ဆိုလျှင် လုပ်ငန်းအစီအစဉ်တွေချမှတ်ရသည်။ စီမံချက်တွေ ရေးဆွဲရသည်။ ကြီးမားလှသော လုပ်ငန်းကြီးများကို ဆောင်ရွက်ရသည့်အခါမှာတော့ သာမန်စီမံချက်များ ရေးဆွဲချမှတ်ရုံလောက်နှင့် မပြည့်စုံနိုင်။ စီမံကိန်းများ ရေးဆွဲရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအားလုံးတွင် ကျင်းပသွားမည်။ ကြီးမားလှသော လုပ်ငန်းစဉ်ကြီးဖြစ်သည်”

# Invitation for Bids

**The Republic of the Union of Myanmar**
**National Electrification Project**
Credit No 5727–MM

**Date: 8th April, 2020**

**Contract Title: Installation of Distribution Lines and Transformers for Mandalay**

**Reference No:** MOEE–NEP–P2/C1–W4/2020

1. The Republic of the Union of Myanmar has received financing from the World Bank toward the cost of the National Electrification Project, and intends to apply part of the proceeds toward payments under the contract for **Installation of Distribution Lines and Transformers for Mandalay.**
2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for **Installation of Distribution Lines and Transformers for Mandalay in the following locations**
The number and identification of lots comprising this bidding process is:
**Lot 1: Mandalay – 43 Villages**
**Lot 2: Mandalay – 57 Villages**
**Lot 3: Mandalay – 41 Villages**
**Lot 4: Mandalay – 56 Villages**
**Lot 5: Mandalay – 53 Villages**
3. Bidding will be conducted through the National Competitive Bidding procedures as specified in the World Bank's Guidelines: Procurement of Goods, Works and Non–Consulting Services under IBRD Loans and IDA Credits & Grants by World Bank Borrowers ("Procurement Guidelines"), and is open to all eligible bidders as defined in the Procurement Guidelines. In addition, please refer to paragraphs 1.6 and 1.7 setting forth the World Bank's policy on conflict of interest.
4. Interested eligible bidders may obtain further information from Project Management Office (National Electrification Project), Project Manager and **nep.pmomoee@gmail.com** and inspect the bidding documents during office hours [10:00 to 16:00 hours] at the address given below:
Attention: **Project Manager**
**Project Management Office (National Electrification Project)**
**Office Building No.27, Ministry of Electricity and Energy**
City: **Nay Pyi Taw**
Country: **The Republic of the Union of Myanmar**
Zip Code: **15011**
Telephone: + **95 67 3431176**
Facsimile number: + **95 673431176**
Electronic mail address: **nep.pmomoee@gmail.com**
5. A complete set of bidding documents in English may be obtained free of charge by interested eligible bidders upon the submission of a written application to the address below. The Bidding Documents will be issued through email only.
6. Bids must be delivered to the address below on or before 10:00 a.m, 22nd May, 2020. Electronic bidding will not be permitted. Late bids will be rejected. Bids will be publicly opened in the presence of the bidders' designated representatives and anyone who choose to attend at the address below:
Attention: **Project Manager**
**Meeting Room No.2, Ground Floor,**
**Office Building No.27, Ministry of Electricity and Energy**
City: **Nay Pyi Taw**
Country: **The Republic of the Union of Myanmar**
Zip Code: **15011**
Telephone: + **95 67 3431176**
Facsimile number: + **95 673431176**
Electronic mail address: **nep.pmomoee@gmail.com**

7. All bids must be accompanied by "Bid–Security"

**The Government of the Republic of the Union of Myanmar**
## Ministry of Agriculture, Livestock and Irrigation
## Department of Agriculture
## Invitation for Bids

Date: 8 April 2020
Loan/Grant No. and Title: Loan 3724- & Grant 617-MYA; Climate Friendly Agribusiness Value Chains Sector Project (CFAVC)
Contract No. and Title: GD-04; Supply of Laboratory Equipment and associated Services, Lots 1 & 2
Deadline for Submission of Bids: 03 June 2020, 14.00 hours (Myanmar Time)

1. The Ministry of Agriculture, Livestock and Irrigation has received financing from the Asian Development Bank (ADB) toward the cost of Climate Friendly Agribusiness Value Chains Sector Project, and it intends to apply part of the proceeds of this financing to payments under the contract named above. Bidding is open to bidders from eligible source countries of ADB.
2. The Department of Agriculture, Ministry of Agriculture, Livestock and Irrigation ("the Purchaser") invites sealed bids from eligible bidders for Supply of Laboratory Equipment and associated Services, Lots 1 & 2.
3. International competitive bidding will be conducted in accordance with ADB's Single Stage One Envelope procedure and is open to all bidders from eligible countries as described in the Bidding Document.
4. Only eligible Bidders with the following key qualifications should participate in this bidding:
Financial: The Bidder shall have a minimum average annual turnover of:
For Lot 1 USD 3,400,000
For Lot 2 USD 200,000
calculated as total payments received by the Bidder for contracts completed or under execution over the last three (3) years.
Experience: The Bidder shall have successful completion as main supplier within the last 3 years, of at least 2 contracts each valued at: For Lot 1 USD 1,700,000; For Lot 2 USD 100,000; with nature, and complexity similar to the scope of supply described in Section 6 (Schedule of Supply).
For Lot 1 - The 2 contracts shall be for similar equipment (Liquid Chromatography with Mass Spectroscopy equipment) in the region (Myanmar, Malaysia, Thailand, Laos, Cambodia, Vietnam) to ISO accredited testing Labs. The supplier shall have service centers located in Myanmar, and provide written confirmation of spare parts availability for 7 years from date of supply.
5. To obtain further information and inspect the Bidding Documents, bidders should contact:
U Aye Ko Ko, Project Director & Dy Director General
Climate-Friendly Agribusiness Value Chains (CFAVC) Sector Project
Ground Floor, Office No.15, Deputy Director General Office
Department of Agriculture, MOALI, Nay Pyi Taw, Myanmar
Tel # +95 67 3410422, +95 67 3410623, +95 67 3410411
E-mail: cfavc.pmu.doa@gmail.com, zarkyaw@gmail.com, soemoemas@gmail.com
6. To obtain the Bidding Documents in English, eligible bidders should write to the address above requesting the Bidding Documents for Supply of Laboratory Equipment and associated Services, Lots 1 & 2. The document will be sent by email.
7. Deliver your bid to the address above on or before the deadline: 03 June 2020, 14.00 hours (Myanmar Time) together with a Bid-Securing Declaration as described in the Bidding Document.
Bids will be opened immediately after the deadline for bid submission in the presence of bidders' representatives who choose to attend.
8. The Purchaser will not be responsible for any costs or expenses incurred by bidders in connection with the preparation or delivery of bids.

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်သုံးလတစ်ကြိမ် ကြေညာလွှာများအား e-mail ဖြင့် တင်သွင်းနိုင်ကြောင်း အသိပေးကြေညာချက်

၁။ နှစ်တစ်နှစ်အတွင်း ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေရှိသူများ အနေဖြင့် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ် ကုန်ဆုံးပြီး တစ်လအတွင်း သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရန် လိုအပ်ပါသည်။ အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပတင်ပို့ခြင်းအတွက် သုံးလပတ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး ၁၀ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်အခွန် ဦးစီးဌာနမှူးထံ တင်သွင်းရန် လိုအပ်ပါသည်။

၂။ အထူးကုန်စည်ခွန် သုံးလတစ်ကြိမ် ကြေညာလွှာတင်သွင်းသူများအနေဖြင့် ကြေညာလွှာတင်သွင်းရမည့်နောက်ဆုံးရက်သည် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက် တနင်္လာနေ့ဖြစ်ပါသည် –
(မှတ်ချက်။ အထူးကုန်စည်ခွန်ဥပဒေအရ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ်သော (၁၀.၄.၂၀၂၀) ရက်၊ သောကြာနေ့သည် နှစ်သစ်ကူးရုံးပိတ်ရက် ဖြစ်သောကြောင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ အများပြည်သူရုံးဖွင့်ရက်ဖြစ်သည့် ၂၀.၄.၂၀၂၀ နေ့ကို သတ်မှတ်ခြင်းဖြစ်ပါသည်။)

၃။ အခွန်ကြေညာလွှာကို သတ်မှတ်ရက်အတွင်း တင်သွင်းနိုင်ခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၄ အရ အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ လျှောက်ထားနိုင်ပါသည်။

၄။ ကုန်သွယ်လုပ်ငန်းခွန် သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့ရန် ပျက်ကွက်လျှင် ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အထူးကုန်စည်ခွန် သုံးလတစ်ကြိမ်ကြေညာလွှာ ပေးပို့ရန် ပျက်ကွက်လျှင် အောက်ပါဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကိုလည်းကောင်း ပေးဆောင်ရမည်ဖြစ်ပါသည်–
(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ်ထားသည့်နေ့ရက်မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာ တင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း၊
(ခ) ငွေကျပ်တစ်သိန်း။
(ဒဏ်ကြေးငွေပေးဆောင်ရမည့် ပုဂ္ဂိုလ်က လုံလောက်သောအကြောင်းပြချက်တင်ပြပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဈ) အရ ညွှန်ကြားရေးမှူးချုပ်က ယင်းဒဏ်ကြေးငွေအား ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်ကြောင်း ရှင်းလင်းအသိပေးအပ်ပါသည်။)

၅။ အခွန်ထမ်းပြည်သူများနှင့်ဌာနမှ ဝန်ထမ်းများပါဝင်သော သုံးလပတ်ကြေညာလွှာ တင်သွင်းသည့် လုပ်ငန်းစဉ်တွင် COVID–19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ် ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကြေညာလွှာပုံစံများကို e–mail ဖြင့် ပေးပို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ e–mail ဖြင့် ပေးပို့လိုသည့် အခွန်ထမ်းများအနေဖြင့် Fillable PDF File /Word File များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm တွင် Download ရယူ၍ အောက်ဖော်ပြပါ မိမိနှင့်သက်ဆိုင်သည့် အခွန်ရုံးအသီးသီး၏ e–mail လိပ်စာများသို့ ပြန်လည်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်–

| စဉ် | ရုံးအမည် | e–mail:/ ဖုန်း |
|---|---|---|
| (က) | အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး | Ltomyanmar2014@gmail.com<br>၀၁–၃၈၄၅၁၂/ ၀၁–၃၈၄၇၉၇/<br>၀၁–၃၈၄၈၁၂ |
| (ခ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁) | e–mail: tpsmto1@gmail.com<br>၀၁–၃၇၁၇၄၄/ ၀၁–၃၇၁၀၆၁ |
| (ဂ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) | e–mail: tpsmto2@gmail.com<br>၀၁–၆၅၇၅၃၆/ ၀၁–၆၅၇၅၃၇<br>၀၁–၆၅၇၅၈၉ |
| (ဃ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၃) | mediumtaxpayersofficethree@gmail.com |
| (င) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၄) | mediumtaxpayeroffice4@gmail.com |
| (စ) | အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) | mediumtaxpayeroffice5@gmail.com |
| (ဆ) | မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်စည်းကြပ်မှု ခံယူနေသည့် အခွန်ထမ်းများ | irdmedia2018@gmail.com<br>taxserviceunit.ird@gmail.com<br>taxservicemdy@gmail.com |

၆။ ကြေညာလွှာကို စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်စာတိုက်တံဆိပ်ပါ ရက်စွဲအားတင်သွင်းသည့် နေ့ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့အား တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပြီး ယင်းပေးပို့သည့်နေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်ခဲ့ပါက ယင်းနေ့နှင့် နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။

၇။ အထူးကုန်စည်ခွန် သုံးလပတ် ကြေညာလွှာများကို e–mail ဖြင့် ပေးပို့ပြီးပါက လက်မှတ်ရေးထိုးထားသည့် ကြေညာလွှာ မူရင်းကို သင့်ရာနည်းဖြင့် သက်ဆိုင်ရာအခွန်ရုံးသို့ မပျက်မကွက် (မပျက်မကွက်) ပေးပို့ရန်ဖြစ်ပါကြောင်း အထူးမေတ္တာရပ်ခံအပ်ပါသည်။ ကြေညာလွှာတင်သွင်းသည့်နေ့ကို ဦးစီးဌာနမှ e–mail လက်ခံရရှိသည့်နေ့အား သတ်မှတ်ပေးမည် ဖြစ်ပါသည်။

၈။ သုံးလပတ်ကြေညာလွှာပုံစံများဖြည့်သွင်းခြင်းနှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးချက် video File များကို www.ird.gov.mm > media တွင် လေ့လာနိုင်ပြီး ထပ်မံသိရှိလိုသည်များ ရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ဖုန်းနံပါတ်– ၀၆၇–၃၄၃၀၅၃၃ ၊ ၀၆၇–၃၄၃၀၅၂၂ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပုံ (မင်းထွဋ်)**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၄၁၆)၊ ဧရိယာပေ(၄၀x၆၀)ဂရန်မြေအတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသော ဧရိယာပေ(၂၀x၆၀)ခေါင်းရင်းခြမ်း မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစိုးမင်း ၁၂/သကတ(နိုင်)၁၃၈၀၄၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခန့်ဟိန်းအောင် ၅/ကဘလ(နိုင်)၁၄၁၄၃၇ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ဤအရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက် လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)**
**(ရုံး)တက်နေဝန်းအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီလီမိတက်ပင်လုံလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း–၀၉–၈၉၂၀၉၀၁၇၂**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးခင်ဇော် ၉/မနတ(နိုင်)၀၀၇၄၁၆ ၏ သဘော်သား လုပ်သက်မှတ်တမ်းစာအုပ် (မန်း–၆၁၆/၂၀၁၅)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း–၀၉–၄၃၀၇၂၇၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ရတနာလမ်း၊ မြေကွက်အမှတ်(၃၂၃)၊ ဧရိယာပေ (၄၀x၆၀)၊ ဒေါ်ကျင်ရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် အကျိုးခံစားခွင့် အားလုံးအား အမည်ပေါက်မိခင်ကွယ်လွန်၍ တစ်ဦးတည်းသမီးဖြစ်သူ ဒေါ်အေးအေးသာ ၁၂/သဃက(နိုင်)၀၀၄၄၅၂ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုရောင်းချ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမင်း ၁၂/သကတ(နိုင်)၁၃၈၀၄၇ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)**
**(ရုံး)အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း–၀၉–၈၉၂၀၉၀၁၇၂**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် ဦးသက်ဇော်ဦး ၈/ပခက(နိုင်)၂၇၂၂၈၂၏သဘော်သား လုပ်သက်မှတ်တမ်းစာအုပ် (မန်း–၆၉၂/၂၀၁၅)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၀၉–၄၂၃၉၆၄၀၄၈

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
# ဦးချစ်အောင်(ညောင်တုန်း)
### အသက်(၈၉)နှစ်

ရွှေဟင်္သာတောရကျောင်းတိုက်၊ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တအာဒိစ္စ၏ ရဟန်းဒါယကာ၊ ညောင်တုန်းမြို့၊ ၁၁လမ်း၊ လမ်းမတော်နေ (ဒေါ်ရင်ကြည်)၏ ခင်ပွန်း၊ ဦးအောင်အောင်မိုး-ဒေါ်ဖြူဖြူအောင်တို့၏ကျေးဇူးရှင်ဖခင်၊ မဆုပြည့်နန္ဒာ၊ မသဒ္ဒါညွန့်နန်းတို့၏အဘိုးသည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၄:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကွယ်လွန်သူ၏ ဆန္ဒအတိုင်း ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ညောင်တုန်းမြို့၊ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်သန်းသန်းရီ(ခ)ဒေါ်ဝါနု
### အသက်(၆၅)နှစ်

(ဦးမြအောင်-ဒေါ်ခင်စော)တို့၏သမီး၊(ဦးလှကြိုင်-ဒေါ်ခင်စန်းရီ)တို့၏ချွေးမ၊ (ဦးကျော်ညွှန့်)- ဒေါ်တင်သန်းတို့၏ညီမ၊ ဦးထင်လင်း-ဒေါ်နီနီယဉ်၊ (ဦးကြိုင်မြင့်)-ဒေါ်သန်းသန်းဆင့်၊ ဦးသန်းဇော်-ဒေါ်သန်းသန်းအေး၊ ဦးကျော်ဌေး-မအိအိခိုင်၊ ဦးသိန်းနိုင်-ဒေါ်စိုးစိုးအောင်တို့၏အစ်မ၊ ဦးလှမျိုး-ဒေါ်နန်းကြူဇူလိုင်၊ ဦးကျော်လင်း-ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီချောရတနာ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၄၄၂)၊ Jewel Condo ၊ အခန်း(103)နေ ရုပ်ရှင်သရုပ်ဆောင်သန္တာဗိုလ်တို့၏မွေးသမိခင်၊ မောင်ကောင်းသုတကျော်၊ မချောမြတ်ဟေသာတို့၏အဘွား၊ ဂီတမှူး ဦးပေါ်သျှံ(ခ)ဦးခင်မောင်ဝေ ၏ဇနီးသည် ၇-၄-၂၀၂၀ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးထွန်း အသက်(၅၇)နှစ်
**Managing Director**
**Promised Land Trading Co.,Ltd.**
**Golden Hanthawaddy Co.,Ltd.**
**FGRS Co.,Ltd.**
**FGRT Co.,Ltd.**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၁၂)ရပ်ကွက်၊ ရှင်စောပုလမ်းနေ ဦးထွေး-ဒေါ်ရီ(လူထုမေတ္တာဆန်စက်၊ ရွှေကျားဆန်ကြာဆံစက်) တို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၇၂)နေ ဒေါက်တာ သန်းဦး-ဒေါက်တာအေးအေးဆွေ(အောင်ပွဲရုံ၊ ဘုရင့်နောင်)တို့၏မောင်၊ ဒေါက်တာအေးကျော်-ဒေါက်တာအေးအေး(Promised Land Trading Co.,Ltd, Golden Hanthawaddy Co.,Ltd., FGRS Co.,Ltd., FGRT Co.,Ltd.)၊ဒေါက်တာမျိုးအောင်-ဒေါ်သီတာထွေးတို့၏ ချစ်လှစွာသောအစ်ကို၊ မနွယ်နွယ်လင်းဦး၊ မမျိုးမျိုးဆွေဦးတို့၏ဦးလေး၊ မမြတ်သီတာအေး၊ မသက်နှင်းအေး၊ မောင်သီဟသူ၊ မောင်ဖုန်း ခန့်ကျော်တို့၏ဘကြီးသည် ၄-၄-၂၀၂၀ရက် ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ကျန်ရှိသော အရိုးပြာအိုးကို ကရင်စုသုသာန် သုံးခွမြို့၌ ဂူသွင်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
- (ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
- (ဂ) အိမ်မွေးဝက်များကို အပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန် ကျွေးခြင်း မပြုလုပ်ရန်၊
- (ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
- (င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
- (စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
- (ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
- (ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
- (ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
- (ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
- (ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
- (ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးသန်းမြင့်စိုး(ခ)ဦးကျောက်ရဲ
### (မြတ်ရတနာစာပုံနှိပ်တိုက် ဝါးခယ်မ)
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်(တောင်ပိုင်း)၊ သုမန(၃)လမ်း၊ အမှတ်(၄၀၁)နေ ဒေါ်နုနုရီ၏ခင်ပွန်း၊ ဒေါ်နွယ်နွယ်အောင်(အငြိမ်းစား လက်ထောက်ညွှန်ကြားရေးမှူး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန)၊ ကိုဗညားအောင်-မဇင်မင်းထိုက်(အိုအေစစ် စားသောက်ဆိုင်)၊ မသီရိအောင်(မြတ်ရတနာဆေးဆိုင်)တို့၏ဖခင်၊ မသရဖူ(ခ)သီရိနန်းထိုက်၏အဘိုးသည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်မေရီ(ပန်းဘဲတန်း/တာမွေ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)၊ အမှတ်(၁၉၇/၁၂)နှင့် တာမွေမြို့နယ်၊ ဓမ္မဒါနလမ်း၊ အမှတ်(၃၃၊ ခြောက်လွှာ-ဘီ)နေ (ဗိုလ်ကြီးသူရ အောင်မြင့်စိုး)၏ဇနီး၊ ဗိုလ်ကြီးသိန်းစိုး(ငြိမ်း)-ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်အေးမြင့်ဦး(ငြိမ်း)(နား၊ နှာခေါင်း၊ လည်ချောင်း ကုသမှုပါရဂူ)၊ ဒေါ်ခင်အေးမြင့်ရီ(လ/ထ ညွှန်မှူး -ငြိမ်း၊ တိုင်းရင်းသားကျေးရွာ)၊ (ဦးမျိုးမြင့်အောင်)၊ ဗိုလ်မှူး ထန်ကျင်ထောင်း(ငြိမ်း)-ဗိုလ်ကြီးဒေါ်ခင်အေးမြင့်နွယ်(ငြိမ်း)၊ ဦးအောင်မင်းသိန်း-ဒေါ်သန်းသန်းဌေး(ဌာနစိတ်မှူး၊ ခရိုင်လူမှုဝန်ထမ်းရုံး၊ မြဝတီ)တို့၏မိခင်၊ ဦးအေးချမ်းမင်း၊ ဦးငြိမ်းချမ်းလင်း-ဒေါ်နီနီအောင်၊ ဒေါ်ဆုသက်စံ၊ ဗိုလ်မှူးကျော်ကိုကို-ဒေါ်အေးဆုစံ၊ မအိမ့်ချစ် ခင်၊ မလရိပ်ဝန်းတို့၏ဘွားဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့) ည ၁၀:၃၀နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်-၁၀၀၀ မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဦးမင်းကြည်(ဖြူး)
### အသက်(၈၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နေ (ဦးပြူး-ဒေါ်သန်း)တို့၏သား၊ (ဦးဖိုးလင်း-ဒေါ်အေးကြည်)တို့၏သားသမက်၊ (ဦးမြင့်စိုး) -ဒေါ်မြင့်ရီတို့၏ ညီမောင်၊ ဦးလှမြင့်သိန်း-ဒေါ်ခင်စန်း၊ (ဦးစိုးဝင်း-ဒေါ်ခင်မြင့်)၊ ဦးခင်မောင်တိုး-ဒေါ်ခင်မြင့်၊ တောင်ငူမြို့နေ ဗိုလ်ကြီးမြင့် သိန်း(ငြိမ်း)-ဒေါ်မြမြဝင်းရီတို့၏ အစ်ကို၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၁)လမ်း၊ အမှတ်(၈၃၃-က)နေ ဒေါ်ရွှေမြလင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်အေးသီတာမိုး(မန်နေဂျာ-စာရင်းအင်း UEC Company)၊ ဦးနိုင်ထွန်းဦး-ဒေါ်ကေခိုင်သက်၊ ဦးမင်း သူရလင်း (Viking Cruise Line)-ဒေါ်ခင်ထားမြင့်၊ ဒုတိယဗိုလ်မှူးကြီးစိုးသူရ(တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး)-ဒေါ်ဝါဝါခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ချစ်လှစွာသော အဘိုး ရဟန်း၊ ကျောင်းဒါယကာကြီး ဦးမင်းကြည်သည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့)နံနက် ၁၀:၀၆နာရီတွင် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်ကြင်ကြင်(စမ်းချောင်း)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာ(၅)လမ်း၊ အမှတ်(၆)နေ (ဦးထွန်း ရွှေ-ဒေါ်သန်း)တို့၏သမီး၊ (ဦးစိန်-ဒေါ်ကျင်နု)တို့၏ချွေးမ၊ (ဦးသန်းလှိုင်)(ဗဟိုတရားရုံးရှေ့နေ)၏ဇနီး၊ ဦးစော ထွန်းထွန်းလေး-ဒေါ်ဝင်းယုယုလှိုင် (ခေတ္တ-ကနေဒါ)၊ ဦးပြည်စိုး-ဒေါ်သင်း စုစုလှိုင်၊ ဦးရဲဝင်းလှိုင်-ဒေါ်နီလာစံ (ခေတ္တ-ကနေဒါ)တို့၏မိခင်၊ ဖြူမီနိုင် ၏အဘွားသည် ၆-၄-၂၀၂၀ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည် ဖြစ်ပါကြောင်း။ နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။ )ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါအမှတ် (၆)၊ အောင်ချမ်းသာ(၅)လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။) **ကျန်ရစ်သူမိသားစု**

# ဦးသန်းရွှေ(BA,LLB)
## ပြည်မြို့
### အသက်(၆၉)နှစ်

ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ ရွာဘဲရပ်၊ အမှတ်(၁၄၉)နေ (ဦးအောင်တင်-ဒေါ်ခင်အုန်း)တို့၏သား၊ ဒေါ်ထွားတင်(လက် ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်-၁အခြေခံပညာဦးစီးဌာန)၏ခင်ပွန်း၊ ကိုကြည်တိုး-(မနုအိဝင်း)၊ ကိုခိုင်ဇော်လင်း-မလုံးလုံး၊ ကိုလှကိုကို-ဒေါက်တာဝင့်ဖြိုးသန်းတို့၏ဖခင်၊ မောင်ထက်ခိုင်လင်း၊ မောင်ဝေယံရှင်းသန့်၊ မောင်ရွှေမင်းလူ၊ မောင်စည်သူပြည့်စုံ၊ မဩ မြတ်ခင်၊ မဆုသက်ခင်တို့၏အဘိုးသည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇:၂၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၁-၄-၂၀၂၀ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်အမာကြည်
### အလက(၄)ရန်ကင်း(ငြိမ်း)
### အသက်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အောက်လှည်းဆိပ်ကျေးရွာနေ (ဦးလေးမောင်-ဒေါ်တင်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ (၅)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် ၅/၁၃၅နေ အောင်မိုးကျော်၊ အမျိုးသားလွှတ်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌဦးကျော်ထွေး-ဒေါ်ဇွန်စန်းပွင့်၊ ပြည့်စုံအောင် တို့၏မိခင်၊ စုမြတ်ကြယ်စင် ကြည်ကြည်ဝင်း၊ မင်းမြတ်တာရာကျော်တို့၏ အဘွား၊ (ဦးလှစိန်)၏ချစ်လှစွာသောဇနီးသည် ၅-၄-၂၀၂၀ရက် ည ၁၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀ရက် ညနေ ၃ နာရီတွင် သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## နိုင်ငံတော် သြဝါဒါစရိယ
## ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏
## ကောဒသမဂဏာဓိပတိ
# ဘဒ္ဒန္တကောလိတမဟာထေရ်
## (မဟာကမ္မဋ္ဌာနာစရိယ)
## သက်တော်(၉၅)နှစ်၊ သိက္ခာတော် (၇၅)ဝါ

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ဗိန်းစံပြကျေးရွာ၊ ဝါးတောကျောင်း (ဓမ္မရိပ်သာ)၏ ဦးစီးပဓာနနာယက ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ ကောဒသမဂဏာဓိပတိ ဂိုဏ်းချုပ်ဆရာတော်ကြီး ဘဒ္ဒန္တကောလိတမဟာထေရ်(မဟာကမ္မဋ္ဌာနာ စရိယ)သည် (၁၃၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်) ၆-၄-၂၀၂၀ ရက် (တနင်္လာနေ့) နံနက် ၉:၄၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား သာဓု ကီဠနအန္တိမ အဂ္ဂိစျာပန သဘင် ကျင်းပမည့်ရက်ကို ထပ်မံအသိပေးပါမည်။

တပည့် သံဃာတော်များနှင့် ဒါယကာ ဒါယိကာများ
ဝါးတောကျောင်း(ဓမ္မရိပ်သာ)၊ကော့ဗိန်း စံပြကျေးရွာ
ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်မာကြည်(နတ်တလင်း)
### မရမ်းခြံကျောင်းသူဟောင်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံအနီး ရွှေထီးအိမ်ရာ(နန္ဒဝန်)၊ တိုက်(၁၂)၊ အခန်း(၀၀၁)နေ (ဦးသန်း တင်)(ဒု-အင်/ချုပ်-ငြိမ်း၊ EPC)၏ဇနီး၊ (ဦးမောင်မောင်အေး)-ဒေါ်သင်းသင်းနွယ်၊ ဦးမောင်မောင်သန်း-ဒေါ်လွင်လွင်မာ၊ ဒေါ်လွင်မာသန်း၊ (ဦးခင်မောင်ဌေး)-ဒေါ်ချိုချိုလွင်တို့၏မိခင်၊ မြေး ခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၀၀:၂၀နာရီတွင် အာယုအင်တာနေရှင်နယ်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဒေါ်လှလှ
### အသက်(၈၅)နှစ်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်(၁၈၆)နေ (ဦးကြာဟင်း-ဒေါ်ငွေရင်)တို့၏သမီး၊ ဒေါ်ကျင်မွှေး၊ ဦးဌေးလွင်တို့၏အစ်မသည် ၆-၄-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းသုသာန်မှ ဝဲကလာကောင်းတုံ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၀ရက် (ကြာသပတေးနေ့) အလုပ်အကိုင်နှင့် ၁၀-၄-၂၀၂၀ရက် (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဒုတိယရဲမှူးကြီး ဥက္ကာအောင်
### တေဇ(၂၈)၊ အသက်(၄၀)

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကင်မလင်းကျွန်းရပ်ကွက်နေ ဦးထင်ကျော်-ဒေါ်ဌေးဝင်းတို့၏သား၊ (မောင်စည်သူထက်လင်း)၊ မောင်ဝေယံကျော်၊ မမိုးရေထင်ကျော်တို့၏အစ်ကို၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နေ ဒေါ်နုနုဝေ၏ခင်ပွန်း၊ မမေသကြ်န်ထွန်း၏ဖခင်ဖြစ်သူ ဒုတိယရဲမှူးကြီး ဥက္ကာအောင်(အမှတ်-၁၁၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး)သည် ၇-၄-၂၀၂၀ရက် (အင်္ဂါနေ့) ၁၇:၁၅ အချိန်ခန့်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး**
**လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးများ**

## ဝမ်းနည်းကြေကွဲခြင်း
# ဦးအောင်စောဦး
## ဒုတိယအင်ဂျင်နီယာချုပ်(ငြိမ်း)
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းမြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၇၂၊ မြေညီထပ်)နေ ဦးအောင်စောဦး (ဒုတိယအင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား) သည် ၄-၄-၂၀၂၀ရက် (စနေနေ့) နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Forever Group Co.,Ltd.,MRTV-4,Channel7,**
**Mandalay FM, Teen Radio ဝန်ထမ်းမိသားစုများ**

# ကိုအောင်ကျော်စိုး
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၄၂)နေ (ဦးအေးကြည်)-ဒေါ်ကြင်ကြူတို့၏သား၊ ဦးရဲထွန်းဝင်း-မစိုးယဉ်မင်းတို့၏မောင်၊ ကိုအေးချမ်းအောင်-မဝင်းပပတို့၏အစ်ကိုသည် ၆-၄-၂၀၂၀ရက်(တနင်္လာနေ့) ညနေ ၅:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၄-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၃၈)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးတက်ရောက်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၇**

စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၀) ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးစိုးဝင်း၊

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# ကိုဗစ်-၁၉ ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသို့ ထုတ်ချေးမည့် ပထမအသုတ် ချေးငွေအား သင်္ကြန်ရုံးပိတ်ရက်မတိုင်မီ ထုတ်ပေးရန်ဆုံးဖြတ်

**နေပြည်တော် ဧပြီ ၇**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၀) ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် မတ် ၁၃ ရက်တွင် နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းမိန့်ထုတ်ပြန်ပြီးနောက် မတ် ၁၄ ရက်တွင် ပထမအစည်းအဝေးကို လည်းကောင်း၊ မတ် ၁၈ ရက်တွင် ဒုတိယအစည်းအဝေးကို လည်းကောင်း ကျင်းပ၍ ကိုဗစ်-၁၉ ရန်ပုံငွေ ထူထောင်က

*စာမျက်နှာ ၇ ကော်လံ ၅* ❑



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၀) ကျင်းပစဉ်။

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုလေးမျက်နှာ ပါရှိ

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စတုတ္ထနှစ်(၁)နှစ်တာအတွင်း ဆောင်ရွက်ချက်များ အချုပ်ပို လေးမျက်နှာ ပါရှိပါသည်။

# ရေတာရှည်မြို့နယ် စောင့်ကြည့်ရေးစခန်းများတွင် ၁၄ ရက်ပြည့်မြောက်ခဲ့သူများအား ကျန်းမာရေးကောင်း၍ နေရပ်ပြန်ခွင့်ပြု

**ရေတာရှည် ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ပြည်ပနိုင်ငံများမှပြန်လည်ရောက်ရှိလာသူများအား ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် စောင့်ကြည့်ရေးစခန်းများ၌ ၁၄ ရက်ကြာ ထားရှိခဲ့ပြီး ယနေ့ နံနက်ပိုင်းက ရေတာရှည်မြို့ အထကမှ ခုနစ်ဦး၊ ဆွာမြို့အထကမှ ခုနစ်ဦး၊ ဇေယျာသိမ်ရွာ အလက(ခွဲ)မှ ၂၇ ဦး၊ အေးကြီးရွာ အလကမှ ၁၉ ဦး စုစုပေါင်း အမျိုးသား၊ အမျိုးသမီး ၆၀ သည် စောင့်ကြည့်ကာလ ၁၄ ရက် ပြည့်မြောက်ခဲ့ပြီး ကျန်းမာရေးကောင်းမွန်၍ မိမိတို့နေထိုင်ရာ ဒေသအသီးသီးကို ပြန်ခွင့်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းပြောကြား**

စောင့်ကြည့်နေထိုင်ကြသူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေနှင့် တာဝန်ရှိသူများက လိုအပ်ချက်များ၊ ဆက်လက်လိုက်နာဆောင်ရွက်ရန်တို့ကို ရှင်းလင်းပြောကြားသည်။

**သတင်းပို့**

“ပြန်လွှတ်လိုက်တဲ့သူတွေကို နေအိမ်မှာပဲ မိသားစုနဲ့ ရောရောနှောနှော မနေဘဲ သီးသန့်နေဖို့၊ ကျန်းမာရေးအရ အကြောင်းတစ်စုံတစ်ရာရှိရင် နီးစပ်ရာ ကျန်းမာရေးဌာန၊ အုပ်ချုပ်ရေးမှူးတွေကို သတင်းပို့ဖို့ မှာလိုက်ပါတယ်”ဟု မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေက ပြောသည်။

**သန်းလွင်(ဆွာ)**

## တိုက်စစ်မှူး သောမတ်စ်မူလာ ဘိုင်ယန်မြူးနစ်အသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

ဘိုင်ယန်မြူးနစ် အသင်းသည် တိုက်စစ်မှူး သောမတ်စ်မူလာ ကို နှစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုလိုက်သည့်အတွက် ၎င်းကို အသင်း၌ ၂၀၂၃ ခုနှစ်အထိ ထိန်းထားနိုင်တော့မည်ဖြစ်သည်။ အသက် ၃၀ အရွယ် ဂျာမနီကစားသမားသည် ၂၀၀၉ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်း၌ ပွဲဦးထွက်ကစားပြီးနောက် အသင်းအတွက် ပွဲ ၅၀၀ ကျော် ကစားထားပြီး အဓိကဆုဖလား ၁၆ ခုကျော် ရရှိအောင် စွမ်းဆောင်ထားနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မူလာသည် ၂၀၁၄ ခုနှစ်တွင် ဂျာမနီအသင်းနှင့်အတူ ကမ္ဘာ့ဖလား ရရှိခဲ့သူဖြစ်သည်။ မူလာက “ကျွန်တော် သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့လို့ ပျော်ပါတယ်။ အဲဒါကြောင့် နောက်ထပ်နှစ်နှစ် ဒီမှာ ကျွန်တော်ရှိနေတော့မှာလည်း ဖြစ်ပါတယ်။ ပြီးတော့ အသင်းအတွက် အရာအားလုံးပေးဆပ်သွားမှာပါ” ဟု ပြောကြားလိုက်သည်။

ဂျာမန် ဘွန်ဒက်စ်လီဂါသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဧပြီ ၃၀ ရက်အထိ ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ် အသင်းသည် ဘွန်ဒက်စ်လီဂါ ၂၅ ပွဲ ကစားပြီးချိန်တွင် ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိနေပြီး ဒုတိယနေရာမှ ဒေါ့မွန်အသင်းကို လေးမှတ်ဖြတ်ထားနိုင်သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုသီတင်းပတ်တွင် လေ့ကျင့်ရေးအစီအစဉ် ပြန်လည်စတင်သော ဘွန်ဒက်စ်လီဂါ ကလပ်အသင်းများထဲမှ တစ်သင်းဖြစ်သည်။ **အောင်ဇော်**





တိုက်စစ်မှူး သောမတ်စ် မူလာ

မြန်မာ့အလင်း

# ယနေ့ရန်ကုန် Yangon Today

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီ ၈ ရက်၊ ဗုဒ္ဓဟူးနေ့



# ကိုဗစ် – ၁၉ အန္တရာယ် နှင့် ကြိုတင်ပြင်ဆင် ရန်ကုန်တစ်ခွင်

ရှင်နော်

**လူဦးရေ ငါးသန်းကျော်မျှနေထိုင်သော ရန်ကုန်မြို့တော်ကြီးကို ယခုအခါ တိတ်ဆိတ်မှုက မင်းမူထားသည်။ အချိန်အခါသမယက မြန်မာတို့၏ နှစ်သစ်ကူးချိန်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ခဲ့ရသော မဟာသင်္ကြန် ပွဲတော်ကာလများနှင့်မတူ တစ်မူထူးခြားစွာဖြင့် ယနေ့ရန်ကုန်သည် တိတ်ဆိတ်နေခဲ့ပြီဖြစ်သည်။ ဝူဟန် ဗိုင်းရပ်စ်မှ အမည်ပြောင်းလာခဲ့သော ကိုဗစ်–၁၉ ခေါ် ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့အနှံ့အပြားရှိ နိုင်ငံမြို့ကြီးများသာမက မြန်မာနိုင်ငံအတွင်းရှိ ရန်ကုန်မြို့တော်ကြီးကိုပါ ခြိမ်းခြောက်လျက်ရှိနေသည်။ မတ်လနှောင်းပိုင်း သီတင်းပတ်များမှစတင်၍ ကိုဗစ်–၁၉ သတင်းဂယက်က ရန်ကုန်မြို့အပေါ်လွှမ်းမိုးလာသည်။**

နေ့စဉ်ရောဂါကူးစက်မှုက တစ်ဦးစ၊ နှစ်ဦးစမှသည် ယခုအခါ လူအယောက် ၂၀ ကျော် ကူးစက်မှုကို ခံစားနေကြရပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာပြီးနောက်ပိုင်းတွင် ရန်ကုန်မြို့၏ ဈေးဝယ်စင်တာများ၊ ကုန်တိုက်များ၊ စည်ပင်သာယာဈေးကြီးများတွင် ကုန်ပစ္စည်းများ အလုအယက်ဝယ်ယူခဲ့ကြသည်။ သို့သော် နောက်ပိုင်းရက်များတွင် အခြေအနေများ ပြန်လည်တည်ငြိမ်ခဲ့သည်။ ကုန်ကြမ်းယူကုန်ချောပေးအထည်ချုပ်လုပ်ငန်းများ ကုန်ကြမ်းပြတ်လပ်မှုကြောင့် အလုပ်ရှင်၊ အလုပ်သမားတို့ အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။ ရက်ပိုင်းအတွင်း ကုန်ကြမ်းပစ္စည်းများ လေယာဉ်ဖြင့်ဝင်ရောက်လာမှုကြောင့် လတ်တလောပြဿနာကို ဖြေရှင်းလိုက်နိုင်သည်။ ဆန်စပါးဈေးတက်ရိပ်ပြခဲ့သော်လည်း ကုန်သည်ကြီးများ၊ လုပ်ငန်းရှင်ကြီးများနှင့် အစိုးရတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးနိုင်မှုကြောင့် ပြန်လည်တည်ငြိမ်ခဲ့သည်။

## လမ်းမကြီးများကို စွန့်ခွာ

ကိုဗစ်–၁၉ ကူးစက်ရောဂါဂယက်ကြောင့် ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာ ရုံးဝန်ထမ်းများ တစ်ဝက်ဆင်းတစ်ဝက်နားအလုပ်လုပ်ကြရသည်။ အချို့ဝန်ထမ်းများကို အားလပ်ရက်အဖြစ် သတ်မှတ်ပေးထားသည်။ တချို့သော ကုမ္ပဏီဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံ အလုပ်သမားများမှာ မတ်လကုန်၌ပင် မိမိနေရပ်များသို့ အပြန်ခရီးနှင်ခဲ့ကြသည်။ မြို့တော်ရန်ကုန်၏ လမ်းမများကို အမှီသဟဲပြုနေသော လက်လုပ်လက်စားအများစုသည် ဧပြီ လဆန်းရက်များအထိ ကြံ့ကြံ့ခံရပ်တည်ကြသော်လည်းနှောင်းပိုင်းရက်များတွင် တိတ်ဆိတ်နေသော လမ်းမကြီးများကို စွန့်ခွာခဲ့ပြီဖြစ်သည်။ လူစုလူဝေးဖြင့် ဝိုင်းဖွဲ့စားသောက်လေ့ရှိသော စားသောက်ဆိုင်ကြီးများ ပိတ်သိမ်းခဲ့ကြပြီး ထုပ်ပိုးဝယ်ယူစားသောက်ရန် စားသောက် ဆိုင်ငယ်လေးများမှာမူ ဆက်လက်ဖွင့်လှစ်ထားသည်။



## ကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိ

ရန်ကုန်မြို့၏ အချို့နေရာများတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါပိုးတွေ့ရှိသူ၏ နေရာထိုင်ခင်းအနီး တစ်ဝိုက်ကို အသွားအလာ ကန့်သတ်ခဲ့ပြီး ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများ၊ ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့ဆက်ဆံခဲ့သူများကို ကန့်သတ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိသည်။ မြို့နယ်များအလိုက် ကန့်သတ်စောင့်ကြည့်ရာ နေရာများ ဖွင့်လှစ်ထားပြီး ကော်မတီများဖွဲ့ကာ ပြုစုစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြသည်။ ထို့ပြင် ဘုန်းကြီးကျောင်းများ၊ ဟိုတယ်များနှင့် သီးခြားသတ်မှတ်နေရာများတွင် ရောဂါပိုးကူးစက်နိုင်ခြေရှိသောသူများအား ခွဲခြားကန့်သတ်ကာ ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောဂါပိုးကူးစက်မှုထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် နေ့မနား ညမအား ကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်သွားလာ စားသောက်ရေးကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဆောင်ကာ ကျန်းမာရေးအရာရှိများ၊ လမ်းပန်းဆက်သွယ်ရေးအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သောအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းကာ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

## မိမိနေအိမ်၌သာ နေထိုင်ခြင်း

လာမည့်သီတင်းပတ်များအတွင်း ရောဂါပိုးကူးစက်မှုနှုန်းအလျင်ကို သိရှိလာနိုင်သည့်အတွက် အစိုးရအဖွဲ့ တာဝန်ရှိသူများက ယင်းအချိန်များတွင် သွားလာမှုကန့်သတ်ရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့် သင်္ကြန်ကာလရုံးပိတ်ရက်များဖြစ်သည့် ဧပြီလ ၁၀ ရက်မှ ၁၉ ရက်အတွင်း မဖြစ်မနေဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စရပ်များနှင့် အစားအသောက်ဝယ်ယူခြင်း ကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပထွက်ခွာသွားလာခြင်းမပြုဘဲ မိမိနေအိမ်၌သာ နေထိုင်ခြင်းဖြင့် အသွားအလာကန့်သတ်ခြင်းအစီအစဉ်နှင့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်မှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

အချပ်ပို (ခ) သို့

# ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ရဲ့ စမတ်ကားပါကင်စနစ်

**ဇင်လင်းမြင့်**



ရန်ကုန်မြို့တွင်း ယာဉ်ကြောရှုပ်ထွေးကျပ်တည်းမှုကို တွေ့ရစဉ်။

မြန်မာတစ်နိုင်ငံလုံးမှာ မော်တော်ယာဉ်စီးရေ အများဆုံးအသုံးပြုနေတာကတော့ ရန်ကုန်မြို့ပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်း မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးပေါင်း ၁၀ သိန်းကျော်ရှိတဲ့အနက် ရန်ကုန်မြို့မှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်အစီးရေ ခြောက်သိန်းကျော် ရှိနေပါတယ်။ ဒီလို အစီးရေများပြားတဲ့ မော်တော်ယာဉ်တွေကြောင့် အခုဆိုရင် မြို့တွင်း ခြောက်မြို့နယ်မှာရှိတဲ့ လမ်းမတွေ၊ လမ်းသွယ်တွေထဲမှာ ရပ်နားထားတဲ့ မော်တော်ယာဉ်အများအပြား ရှိနေပါတယ်။ ယာဉ်ရပ်နားဖို့ အခက်အခဲရှိလာတဲ့ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာ တိုင်းဒေသကြီး အစိုးရနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးက စမတ်ကားပါကင်စနစ် အကောင်အထည် ဖော်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**တိုးချဲ့အကောင်အထည်ဖော်**

စမတ်ကားပါကင်စနစ်ဆိုတာ နည်းပညာအသုံးပြုပြီး ကားရပ်နားခတွေကို အလိုအလျောက် ကောက်ယူတဲ့စနစ် ဖြစ်ပါတယ်။ ဒီစနစ်ကို ပထမဆုံးအနေနဲ့ မြို့တွင်း ခြောက်မြို့နယ်မှာ ကနဦးဆောင်ရွက်မှာဖြစ်ပြီး အောင်မြင်မှုရရှိရင်တော့ နောက်ထပ်မြို့နယ်တွေမှာ တိုးချဲ့ပြီး အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကိုဗစ်-၁၉ ကြောင့် ခေတ္တရပ်နားထားမှုရှိနေပါတယ်။

ကားရပ်နားဖို့ ခက်ခဲတဲ့ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်ဖြစ်တဲ့ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ပုဇွန်တောင်၊ ဗိုလ်တထောင် စတဲ့ မြို့နယ်တွေမှာ စမတ်ကားပါကင်စနစ်ကို အကောင်အထည်ဖော်ဖို့ လုပ်ကိုင်ခဲ့တာ ဖြစ်ပါတယ်။ စမတ်ကားပါကင်အတွက် နောက်ဆုံးအဆင့် တင်ဒါကို ကုမ္ပဏီ ခြောက်ခုက ဝင်ရောက်ယှဉ်ပြိုင်ရတာဖြစ်ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၉ ရက်က တင်ဒါကို စတင်လက်ခံဆောင်ရွက်ခဲ့တယ်လို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့ အတွင်းရေးမှူး ဦးလင်းခိုင်က ပြောပါတယ်။

**ခေတ္တရပ်နားထားမှု ပြုလုပ်ထား**

အခုလို မြို့တွင်း ခြောက်မြို့နယ်မှာ စမတ်ကားပါကင်စနစ်ကို အကောင်အထည်ဖော်ဖို့ ရှေ့ပြေးစမ်းသပ်မှုကို ၂၀၂၀ ပြည့်နှစ် မတ် ၂၂ ရက်မှ မေ ၄ ရက်အထိ လိုက်လံဆောင်ရွက်နေဆဲမှာပဲ ကိုဗစ်-၁၉ ကြောင့် အဲဒီ မတ် ၂၂ ရက်မှာပဲ ခေတ္တရပ်နားထားမှု ပြုလုပ်ထားတာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီစီမံချက်ကတော့ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိနေပါတယ်။

ဒီလို စမတ်ကားပါကင်စနစ်ကြောင့် အရင်တုန်းက ရန်ကုန်မြို့တွင်းမှာ ကားရပ်နားမယ်ဆိုရင် ပါကင်အတွက် ငွေကောက်မှုအနေနဲ့ စနစ်ကျမှု အားနည်းခဲ့တာတွေ၊ ယာဉ်ပိုင်ရှင်တွေအနေနဲ့ ကားပါကင်ထိုးဖို့နေရာရှာနေရတာတွေက အချိန်ကုန်ပြီး စိတ်အနှောင့်အယှက်ကြုံတွေ့ရတာမျိုးတွေ ရှိခဲ့ပါတယ်။ အခု စမတ်ကားပါကင်စနစ်ကတော့ ရန်ကုန်မြို့ထဲလာမယ်ဆိုရင် ကားပေါ်ကနေပြီး မိမိလက်ကိုင်ဖုန်းနဲ့ မိမိ ရပ်နားလိုတဲ့နေရာမှာ ကားပါကင်ထိုးလို့ရနိုင်၊ မရနိုင် ကြိုတင်သိရှိနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ အနီးစပ်ဆုံး ဘယ်နေရာမှာ ကားပါကင်ထိုးလို့ ရနိုင်မလဲဆိုတာလည်း သိနိုင်မှာ ဖြစ်ပါတယ်။

**ပေးချေလို့ရအောင် စီစဉ်ထား**

ဒီလိုတွေကြောင့် မြို့ထဲမှာ ကားကျပ်တည်းမှု၊ ယာဉ်ကြောပိတ်ဆို့မှု၊ ကားပါကင်ခက်ခဲမှု စတဲ့ ပြဿနာတွေကို လျော့ကျသွားစေဖို့ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယာဉ်ရပ်နားခ ကောက်ယူမယ့် နည်းလမ်းတွေကလည်း မိမိရဲ့ လက်ကိုင်ဖုန်းနဲ့ ပေးချေလို့ရအောင် စီစဉ်ထားသလို ငွေကြေးနဲ့ တိုက်ရိုက်ပေးချေလို့ရနိုင်တဲ့ အခွင့်အလမ်းလည်း ရှိပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ စမတ်ကားပါကင်စနစ် တင်ဒါဝင်ရောက်ယှဉ်ပြိုင်မှုမှာ နည်းပညာကုမ္ပဏီအဖွဲ့များခွဲပြီး ဆောင်ရွက်နေပါတယ်။

နည်းပညာကုမ္ပဏီအဖွဲ့တွေ အနေနဲ့ အဖွဲ့(၁) မှာ ပါရာဒိုင်းနည်းပညာကုမ္ပဏီဖြစ်ပြီး Block(A) အဖြစ် သတ်မှတ်ထားပါတယ်။ အဲဒီ Block (A) မှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ အနော်ရထာလမ်းကြားမှာရှိတဲ့ ကားပါကင်တွေကို ကောက်ယူရမှာ ဖြစ်ပါတယ်။ အဖွဲ့ (၂) မှာ Myanmar Gateway နဲ့ နောင်ရိုးကုမ္ပဏီတို့ပါဝင်ပြီး Block (B) အဖြစ် သတ်မှတ်ထားပါတယ်။ Block (B) အနေနဲ့ အနော်ရထာလမ်းနဲ့ မဟာဗန္ဓုလလမ်းကြားမှာရှိတဲ့ ကားပါကင်တွေ ပါဝင်နေပါတယ်။

**ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်**

အဖွဲ့ (၃) ကတော့ Block (C) ဖြစ်ပြီး မဟာဗန္ဓုလလမ်းနဲ့ ကုန်သည်လမ်းကြားမှာရှိတဲ့ ကားပါကင်တွေပါဝင်ကာ စမတ်ကားပါကင်ဖြစ်ပေါ်လာစေရေး ပူးပေါင်းဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒီလို အကောင်အထည်ဖော်တဲ့အခါ မိမိရဲ့လက်ကိုင်ဖုန်းနဲ့ Block (A) အတွက် Parking Yangon App ၊ Block (B) အတွက် Smart Parking@ Yangon App ၊ Block (C) အတွက် Flowbird App စတဲ့ အပလီကေးရှင်းတွေကို အသုံးပြုပြီး အွန်လိုင်းစနစ်နဲ့ ငွေပေးချေနိုင်အောင် စီစဉ်ထားပါတယ်။

**အသိပညာပေးမှုတွေ ပြုလုပ်**

လောလောဆယ်မှာတော့ ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာရှိတဲ့ ယာဉ်ရပ်နားတဲ့နေရာတွေမှာ ရပ်နားနေတဲ့ကားတွေကို အသိပညာပေး စာတွေကပ်ပြီး သိရှိအောင် ဆောင်ရွက်နေသလို ကားပါကင်အသုံးပြုသူတွေကို ရှင်းလင်းဆွေးနွေးကာ အသိပညာပေးမှုတွေ ပြုလုပ်နေပါတယ်။ ဒီလိုအသိပညာပေးမှုတွေကို ၂၀၂၀ ပြည့်နှစ် မတ် ၂၂ ရက်ကစပြီး ၄ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ရှေ့ပြေးစီမံကိန်းအဖြစ် စမ်းသပ်ဆောင်ရွက်ဖို့ လုပ်ကိုင်နေဆဲမှာ ခေတ္တရပ်ဆိုင်းထားတာဖြစ်ပါတယ်။

ကားပါကင်စနစ်ကို ဆောင်ရွက်လျှင် ကောက်ခံမှုနှုန်းထားရော၊ ကောက်ခံမှုစနစ်ပါ အဆင်ပြေစေဖို့အတွက် စမ်းသပ်ကာလမှာ တစ်နာရီလျှင် ငွေကျပ် ၅၀၀၊ ၃၀၀ ကျပ်နဲ့ ၂၀၀ နှုန်းတွေနဲ့ ကောက်ခံဖို့ စီစဉ်နေတာဖြစ်ပါတယ်။ နေရာတွေကတော့ ရန်ကုန်မြို့တွင်း ဖြစ်တဲ့ ဗိုလ်အောင်ကျော်လမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်း၊ ဗိုလ်ချုပ်လမ်း စတဲ့လမ်းတွေ ဖြစ်ပါတယ်။

**အပိုင်းသုံးပိုင်းခွဲပြီး ဆောင်ရွက်**

ဒါ့အပြင် စမတ်ကားပါကင်စီမံကိန်းကို ကျောက်တံတားမြို့နယ်မှာရှိတဲ့ ၃၉ လမ်း၊ လမ်း ၄၀၊ ဗိုလ်အောင်ကျော်လမ်းနဲ့ ဆိပ်ကမ်းသာလမ်းတွေမှာလည်း အပိုင်း သုံးပိုင်းခွဲပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါ မိမိရဲ့ လက်ကိုင်ဖုန်းပေါ်မှာ ကြည့်ပြီး အနီရောင်အမှတ်အသားပြလမ်းတွေပေါ်မှာ ပါကင်ရပ်နားခ တစ်နာရီ ငွေကျပ် ၅၀၀ သတ်မှတ်ထားသလို အဝါရောင်အမှတ်အသားပြလမ်းတွေပေါ်မှာ ကားပါကင်ရပ်နားခ တစ်နာရီ ငွေကျပ် ၃၀၀ သတ်မှတ်ထားပါတယ်။ ဒါ့အပြင် အစိမ်းရောင်အမှတ်အသားပြလမ်းတွေပေါ်မှာ ကားပါကင်ရပ်နားခ တစ်နာရီ ငွေကျပ် ၂၀၀ နှုန်း ကောက်ခံနိုင်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ကားပါကင်ခကို အွန်လိုင်းစနစ်ရော တိုက်ရိုက်ငွေပေးချေခြင်းစနစ်ပါ ဆောင်ရွက်မှာ ဖြစ်တာမို့ နှစ်သက်ရာကို ရွေးချယ်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ငွေကြေးသတ်မှတ်မှုနဲ့ ကောက်ခံမှုစနစ်ကြောင့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာ အရင်ကထက် ကားပါကင်စနစ်ကို ပိုမိုအဆင်ပြေနိုင်မယ့် အနေအထားရှိပါတယ်။ စနစ်တကျရှိပြီး ကားပါကင်ရပ်နားမယ့် ယာဉ်ပိုင်ရှင်တွေအတွက်ပါ၊ ကားပါကင်ရပ်နားမှုအနေအထားရော အဆင်ပြေမှု ရှိ၊ မရှိ ဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

> **“ ကားပါကင်ခကို အွန်လိုင်းစနစ်ရော တိုက်ရိုက်ငွေပေးချေခြင်းစနစ်ပါ ဆောင်ရွက်မှာဖြစ်တာမို့ နှစ်သက်ရာကို ရွေးချယ်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ငွေကြေးသတ်မှတ်မှုနဲ့ ကောက်ခံမှုစနစ်ကြောင့် ရန်ကုန်မြို့တွင်း ခြောက်မြို့နယ်မှာ အရင်ကထက် ကားပါကင်စနစ်ကို ပိုမိုအဆင်ပြေနိုင်မယ့် အနေအထားရှိပါတယ်။ စနစ်တကျရှိပြီး ကားပါကင်ရပ်နားမယ့် ယာဉ်ပိုင်ရှင်တွေအတွက်ပါ၊ ကားပါကင်ရပ်နားမှုအနေအထားရော အဆင်ပြေမှု ရှိ၊ မရှိ ဆိုတာကတော့ စောင့်ကြည့်ရမှာ ဖြစ်ပါတယ် ”**

---

**ကိုဗစ်-၁၉ အန္တရာယ်နှင့် ကြိုတင်ပြင်ဆင် ရန်ကုန်တစ်ခွင် . . . မှ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်သည့်အတွက် များပြားလာမည့်လူနာများအား ထိရောက်စွာ ထိန်းချုပ်ကုသနိုင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လှည်းကူးမြို့နယ် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ကိုဗစ်-၁၉ ဆေးရုံ(ယာယီ)အား အမြန်ဆုံးဖွင့်လှစ်၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းဆေးရုံကို လူနာ ၁၀၀၀ ဆံ့ဆေးရုံအဖြစ် တည်ဆောက်မည် ဖြစ်ပြီး ကနဦးအနေဖြင့် လူနာ ၂၀၀ ခန့်ကို ဆေးရုံတင်ထိန်းချုပ်ကုသမှုပြုလုပ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ယခုအခါ ဆေးရုံဖြစ်မြောက်ရေး လုပ်ငန်းကော်မတီ၊ ဆေးရုံကြီးကြပ်မှုကော်မတီ၊ ဆေးရုံအုပ်ချုပ်မှုကော်မတီ (စီမံခန့်ခွဲမှု)၊ ဆေးရုံထိန်းချုပ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိ သင်္ကြန်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အုန်းလက်မဏ္ဍပ်အပါအဝင် မည်သည့်ရေပက်ခံမဏ္ဍပ်မှ ဆောက်လုပ်ရေကစားခြင်းမပြုရန်နှင့် ရေပက်ခံကားများဖြင့် လူစုလည်ပတ်ခြင်းမပြုလုပ်ကြရန် အသံချဲ့စက်များဖြင့် နှိုးဆော်ကာ ဖွင့်လှစ်ပြီး လှည့်လည်ခြင်းမပြုလုပ်ကြရန် တားမြစ်ထားကြောင်း သိရသည်။

ထို့ကြောင့်ပင် ရန်ကုန်သူ ရန်ကုန်သားတို့ ယနေ့ ရင်ဆိုင်နေကြရသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးကို အစိုးရ၊ ပြည်သူ အတူယှဉ်တွဲ၍ ရင်ဆိုင်တွန်းလှန်ဖြေရှင်းနိုင်ရန် ပြင်ဆင်ထားသင့်ပါကြောင်း အသိပေး တင်ပြလိုက်ရပါသည်။

# ကိုဗစ် – ၁၉ ကာကွယ်ရေးနှင့် ရန်ကုန်သင်္ကြန်

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-တင်စိုး

**သည်နှစ်** ရန်ကုန်သင်္ကြန်...။ အတော့်ကို ခြောက်ခြောက်ခြားခြားနှင့် ခြောက်ခြောက် သွေ့သွေ့ရှိနေမည်ဟု မျှော်မှန်းတွေးမိသည်။

စာရေးသူတို့ လမ်းထိပ်ရှိ ငုပင်သည် ပင်လျှင် ပင်ပျိုကတည်းက တစ်နှစ်မှ မပျက်။ ယမန်နှစ်ကအထိ ပင်လုံးကျွတ်ထိန်ထိန် ဝေအောင်ပွင့်ခဲ့သည်။ သူလည်း ယခု ကိုဗစ် -၁၉ ကိုကြောက်၍လားမသိ၊ အပွင့်အခက်တို့က ကျိုးတိုးကျဲတဲနှင့်...။ ယခင်ကဆို ပင်ထက်ဆီမှ နွေဦးကိုကြိုသော ဥဩငှက်လေးများ၏ “ဥဩ...ဥဩ” ဟူသော သဘာဝ တေးဆိုသံကိုကြားရစမြဲ။ ယခုနှစ် သူတို့ လည်း မိမိတို့အသိုက်တွင် အောင်းနေပြီလား ...။ ဒါမှမဟုတ် မိနေပြီလား မသိ...။

နောက်ဆုံးလမ်းတကာလည်၍ ရောင်းနေသော ထီသည်များဆီကပင် သင်္ကြန်သီချင်းများကို ယခင်ကကဲ့သို့ နားညည်းအောင် မကြားရတော့ပေ။

သင်္ကြန်နှင့် ပတ်သက်၍ ဆိုကြသည်...၊ မန္တလေးက ယဉ်ကျေးမှုသင်္ကြန်...၊ မြန်မာ့ ရိုးရာဆန်သော အက၊ အလှ၊ တေးသီချင်းများဖြင့်...။ ရန်ကုန်သင်္ကြန်ကို သံချပ်သင်္ကြန်ဟု တင်စားပြောဆိုကြသည်။ ရန်ကုန်တွင် ကြီးမားသော ဖျော်ဖြေရေးမဏ္ဍပ်ကြီးများ၊ ရေပက်စင်များ မည်မျှပင်ရှိရှိ၊ သံချပ်ဟစ်ကြွေးသံများကို မကြားရလျှင် ဆားမပါသော ဟင်းသဖွယ် ပေါ့ပျက်ပျက်နှင့်။

မည်သို့ပင် အကျပ်အတည်းများ ရှိပါစေ၊ နှစ်ပေါင်း ၃၀ တိုင်တိုင် မပျက်မကွက် အစိုးရနှင့် ပြည်သူများဆီသို့ တစ်နှစ်တာအတွင်း အဖြစ်အပျက်တို့မှ တင်ပြသင့်ရာများကို ဖော်ထုတ်၍ သံချပ်စာသားဖြင့် အတိုင်အဖောက်ပြုလုပ်ကာ သရုပ်ဖော်ပုံသဏ္ဌာန်တို့ဖြင့် တင်ဆက်လေ့ရှိသည့် သင်္ကြန်မင်းသားကြီး ဦးအောင်ကျော်ဦးပင် သည်နှစ်မထွက်တော့ဟု မတ် ၁၂ ရက်က ပြုလုပ်ခဲ့သည့် သံချပ်အသင်းများနှင့် မီဒီယာများ တွေ့ဆုံပွဲတွင် ယတိပြတ် ပြောခဲ့သည်။ သူမှ မဟုတ်။ စီးပွားရေးအကျပ်အတည်းနှင့်အတူ ကိုဗစ် – ၁၉ ရိုက်ခတ်မှုကြောင့် သံချပ်အဖွဲ့များ အားလုံးနီးပါးက သည်နှစ်တွင် နားကြမည်ဟု သိရသည်။

သို့သော် သင်္ကြန်သူရဲကောင်း အောက်တိုဘာ အောင်ကြီး(ကာတွန်းဆရာ) က တစ်ကိုယ်တော် ဒါမှမဟုတ် သားတွေ သမီးတွေနှင့် ကိုဗစ် – ၁၉ ပညာပေးသံချပ်လေး တော့ တိုင်ပြချင်သေးသည်ဟု ဆိုသည်။

### ချစ်သည်ထက်ပိုပျော်ကြ

မြန်မာလူမျိုးတိုင်း သင်္ကြန်ကို ချစ်ကြသည်...။ ရန်ကုန်မြို့က ချစ်သည်ထက်ပိုပျော်ကြသည်ဟုဆိုရမည်ဖြစ်သည်။ သင်္ကြန်ဘယ်နှရက်ကျမည်လဲ။ လေးရက် သို့မဟုတ် ငါးရက်ဖြစ်စေ ကျင်းပသည့်ရက်တိုင်း ကားလမ်းမကြီးများပေါ်တွင် ရေပက်ခံကားများက လူးလာတုံ့ပြန်သွားနေကြသည်။ အမျိုးမျိုးသောအသံတို့ဖြင့် ဟစ်ကြွေးနေကြသည်။




စီးပွားရေးမဏ္ဍပ်ကြီးများက ရန်ကုန်မြို့၏ အဓိက လမ်းကြီးများပေါ်ဝယ် အပြိုင်အဆိုင် ကြီးမားစွာတည်ဆောက်ကြသည်။ နာမည်ကြီး အဆိုတော်များဖြင့် ဧည့်ခံဖြေဖျော်၍ ရေပက်ကြသည်။ ယမန်နှစ်ကဆိုပါလျှင် ပြည်လမ်း တစ်လျှောက် မဏ္ဍပ်ကြီးများကိုခွင့်ပြုပေးခဲ့သည်။ လမ်းမတော်မြို့နယ် ၁၉ လမ်းထိပ်ရှိ SKY NET ဖြေဖျော်ရေးနှင့် ရေပက်မဏ္ဍပ်ကြီးများ ကားလမ်းတိုးမပေါက်အောင် စည်ကားခဲ့သည်။ တာမွေမြို့နယ် ဆရာစံလမ်းမ တစ်လျှောက်ရှိ မဏ္ဍပ်များကလည်း သူ့နေရာနှင့်သူ စည်ကားမြဲဖြစ်သည်။ ရန်ကုန်မြို့ကြီးကို ကိုယ်စားပြုသည့် မြို့တော်ဝန်မဏ္ဍပ်က အစဉ်အလာမပျက် ခံ့ခံ့ညားညားနှင့် နှစ်စဉ်ရှိခဲ့သည်။

ထို့အပြင် မြို့နယ်အလိုက် မဏ္ဍပ်များကလည်း သူ့ခေတ်နှင့်သူ ပြိုင်ပြိုင်ဆိုင်ဆိုင်ပင်။ မြို့နယ်ပြည်သူများအတွက် စိတ်အပန်းပြေစေခဲ့သောဖျော်ဖြေမှုများ အပြည့်ရှိခဲ့သည်။ အထူးသဖြင့် ယမန်နှစ်ကမှ စခဲ့သော လမ်းလျှောက် သင်္ကြန်ကား မြို့တော်ခန်းမ ဝန်းကျင်ရှေ့ရှိ လမ်းများဝယ် အထူးအဆန်းဖြစ်စေခဲ့သည်။

ကမ္ဘာ့နိုင်ငံကြီးများ၌ ကိုဗစ် – ၁၉ ရောဂါ စတင်ချိန်၊ မြန်မာနိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါပိုး မတွေ့မီ မတ် ၁၃ ရက်ကပင် စောစီးစွာ လူစုလူဝေးဖြင့် ကျင်းပသောအခမ်းအနားများ၊ ပွဲလမ်းသဘင်များ(မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်များ ဆောက်လုပ်ပြီး ကျင်းပခြင်းအပါအဝင်) စသည်တို့အား မပြုလုပ်ရန် နိုင်ငံတော်သမ္မတရုံးက မေတ္တာရပ်ခံချက် တစ်စောင် ထုတ်ပြန်ထားပြီးဖြစ်သည်။

ရန်ကုန်မြို့၌ ရွှေတိဂုံဘုရားမှစ၍ တန်ခိုးကြီး ဘုရားများပင်လျှင် ဖူးမြော်ချိန်ကို ကန့်သတ်လိုက်ပြီး ယခုနောက်ဆုံး ဆူးလေစေတီ၊ ဗိုလ်တထောင်စေတီ၊ ကျိုက်မော်ဝန်းစေတီနှင့် ကမ္ဘာအေးဘုရား၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားများသည်ပင်လျှင် ပိတ်လိုက်ပြီဖြစ်သည်။

ရပ်ကွက်အလိုက် ဓမ္မာရုံများတွင် သင်္ကြန်တွင်းပြုလုပ်လေ့ရှိသည့် သီလပေးတရားပွဲများကို ရပ်ဆိုင်းလိုက်ပြီဖြစ်ရာ သင်္ကြန်တွင်း ဥပုသ်သီလယူလိုသူများအနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအသီးသီးတို့မှ ဆရာတော်ကြီးများ၏ တရားချီးမြှင့်ပေးမှုဖြင့်သာ ဥပုသ်သီလ ခံယူဆောက်တည်ကြရတော့မည်ဖြစ်သည်။

ကမ္ဘာ့ကပ်ဆိုးရောဂါဟုဆိုသော ကိုဗစ် – ၁၉ သည် ယခုအခါကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ ကျော်ဆီသို့ ကူးစက်ပျံ့နှံ့လျက်ရှိနေသည်။ လူပေါင်း ၁ ဒသမ ၁ သန်းကျော်ဆီသို့ ကူးစက်နေပြီး လူပေါင်းငါးသောင်းကျော် အသက်ဆုံးရှုံးနေချိန်ဖြစ်သည်။ မြန်မာပြည်တွင် ဧပြီ ၄ ရက်အထိ ရောဂါပိုးတွေ့ရှိသူ ၂၁ ဦးအထိ ရှိလာပြီးဖြစ်သည်။ ထို ၂၁ ဦးတွင် ရန်ကုန်ဝေဘာဂီဆေးရုံမှ ၁၃ ဦးဖြစ်သည်ကို တွေ့ရှိရသည်။

### အားသွန်ခွန်စိုက်ဆောင်ရွက်နေ

ကူးစက်မှုနည်းနိုင်သမျှ နည်းရန်အတွက် အချိန်နှင့် တစ်ပြေးညီ ကျန်းမာရေးဌာနအပါအဝင် ဘက်ပေါင်းစုံမှ တက်ညီလက်ညီ ပေါင်းစည်း၍ ကာကွယ်မှုများကို အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးကြေညာမှုများကို နေ့စဉ်ထုတ် သတင်းစာများနှင့် မြန်မာ့အသံ၊ ရုပ်မြင်သံကြားအသီးသီးတို့မှ စဉ်ဆက်မပြတ် ဖော်ပြထုတ်လွှင့်ပေးလျက်ရှိနေသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြည်သူများသို့ ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှတစ်ဆင့် မေတ္တာရပ်ခံချက်များ အသိပညာပေးမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် ဧပြီ ၄ ရက်က ပြည်သူများသို့ သတင်းစကားပါးခဲ့သည်။

ယင်းကပ်ဆိုးရောဂါမှာ ကိုယ်ဖြစ်ကိုယ်ခံ၊ မိမိတစ်ဦးတစ်ယောက်တည်း ခံရမည့်ရောဂါ မဟုတ်ပေ။ မိမိတစ်ဦး တစ်ယောက်မှသည် မိမိ မိသားစု၊ မိမိ မိသားစုမှသည် မိမိနှင့် ထိတွေ့ဆက်ဆံသူအားလုံးသို့ လျင်မြန်စွာ ကူးစက်မြန်လွန်းသော ရောဂါဆိုးကြီး ဖြစ်သည်။

ဤဆောင်းပါးရေးနေစဉ် ညနေမှာပင် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီမှ ထုတ်ပြန်သောစာကို မြို့နယ် ကိုဗစ် -၁၉ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ ရပ်ကွက်အတွင်း ပြည်သူအများသိရှိနိုင်ရန် လိုက်လံကြေညာပေးမှုကို ကြားလိုက်ရသည်။

“ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် သင်္ကြန်ကာလ ရုံးပိတ်ရက်များဖြစ်သည့် ၁၀.၄.၂၀၂၀ မှ ၁၉.၄.၂၀၂၀ ရက်အထိ မိသားစုကျန်းမာရေး၊ အစားအသောက်ဝယ်ယူရေးကိစ္စရပ်များမှ လွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းမပြုကြဘဲ မိမိနေအိမ်၌ နေထိုင်ပေးခြင်းဖြင့် ကိုဗစ် – ၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရန်။”

မိဘပြည်သူများ စားသောက်ကုန်နှင့်ဆေးဝါးများဝယ်ယူရန်၊ ဈေး၊ ဈေးဝယ် Center၊ စတိုးဆိုင်၊ ဆေးဝါးပစ္စည်းဆိုင်များ ပိတ်မည်မဟုတ်သည့်အတွက် ဈေးဝယ်ယူရန် မိသားစုဝင်ထဲမှ တစ်ဦးသာလျှင် ထွက်၍ ဝယ်ယူကြပါရန်”အသိပေးထားသည်ကို ကြားလိုက်ရသည်။ သို့အတွက် “ကိုဗစ် – ၁၉ ကာကွယ်ဖို့ မိမိနေအိမ်တွင်သာ နေကြစို့”ဟု အသိပေးခြင်းနှင့်အထူးသဖြင့် ယခုနှစ် ရန်ကုန်သင်္ကြန်တွင် လူစုလူဝေးဖြစ်စေတတ်သည့် စတုဒိသာကျွေးမွေးခြင်း၊ သွားရောက်စားသောက်ခြင်း၊ ကားများဖြင့် စုဝေးရေပက်ခံထွက်ခြင်း၊ စုဝေးရေပက်ခြင်းများကို အထူးရှောင်ကြဉ်သင့်ပါကြောင်း အသိပေး နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

> **“ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် သင်္ကြန်ကာလ ရုံးပိတ်ရက်များဖြစ်သည့် ၁၀.၄.၂၀၂၀ မှ ၁၉.၄.၂၀၂၀ ရက် အထိ မိသားစုကျန်းမာရေး၊ အစားအသောက်ဝယ်ယူရေးကိစ္စရပ်များမှလွဲ၍ နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာခြင်းမပြုကြဘဲ မိမိနေအိမ်၌ နေထိုင်ပေးခြင်းဖြင့် ကိုဗစ် - ၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရန်”**




ရန်ကုန်စတော့အိတ်ချိန်း၌ အရောင်းအဝယ်ဖွင့်လှစ်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ– လင်းညွန့်

# ရန်ကုန် စတော့အိတ်ချိန်းအခြေအနေ

ဆွေဦးဝေ

**“ရန်ကုန်စတော့အိတ်ချိန်းမှာ တစ်နေ့ လေးကြိမ်ရှယ်ယာအရောင်းအဝယ် ပြုလုပ်ခဲ့ပေမယ့် လက်ရှိမှာ ခုနစ်ကြိမ်အထိ တိုးမြှင့်ရောင်းဝယ်ခဲ့ပေမယ့် အရောင်းအဝယ်ကျဆင်းမှုတွေ ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု ငွေကျပ် ၁ ဒသမ ၂၅ ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ငွေကျပ် ၁ ဒသမ ၄၈ ဘီလီယံကျော်ရှိခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လမှာတော့ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု ငွေကျပ် ၁ ဒသမ ၄၂ ဘီလီယံကျော်ရှိခဲ့တာမို့ အနည်းငယ် ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းရဲ့ လစဉ်အရောင်းအဝယ်ဖြစ်မှု ထုတ်ပြန်တဲ့စာရင်းအင်းတွေအရ သိရပါတယ်”**

လောလောဆယ်မှာ ကိုဗစ် – ၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေအပေါ် ထိခိုက်မှုရှိနေသလို ရန်ကုန်စတော့အိတ်ချိန်း အရောင်းအဝယ်ဖြစ်မှုကိုလည်း ရိုက်ခတ်မှုတော့ ရှိနေပါတယ်။ အရောင်းအဝယ်တွေရှိနေတဲ့ ရန်ကုန်စတော့အိတ်ချိန်းအနေနဲ့ နိုင်ငံခြားသားတွေကို ရှယ်ယာဝယ်ယူခွင့်ပြုထားပေမယ့် လက်ရှိမှာတော့ အိမ်ခြံမြေနဲ့ အိမ်ရာဆောက်လုပ်ရေးကုမ္ပဏီနှစ်ခုက ရှယ်ယာတွေကိုပဲ ဝယ်ယူခွင့်ပြုထားတယ်လို့ ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်ထားပါတယ်။

### အိမ်ရာစီမံကိန်းလုပ်ကိုင်

ရန်ကုန်စတော့အိတ်ချိန်းမှာ နိုင်ငံခြားသား အစုရှယ်ယာဝယ်ယူခွင့်ကို ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်က ခွင့်ပြုခဲ့ပေမယ့် FMI နဲ့ MTSH ကုမ္ပဏီနှစ်ခုတို့ကသာ နိုင်ငံခြားသားတွေကို အစုရှယ်ယာတိုက်ရိုက်ဝယ်ယူခွင့်ပြုထားတာ ဖြစ်ပါတယ်။ တကယ်တော့ FMI ကုမ္ပဏီက အိမ်ရာစီမံကိန်းတွေကို အဓိကဦးစားပေးအကောင်အထည်ဖော်နေတဲ့ ကုမ္ပဏီဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ MTSH က စက်မှုဇုန်မြေယာတွေကို ဖော်ဆောင်နေတဲ့ကုမ္ပဏီဖြစ်သလို အိမ်ရာစီမံကိန်းကိုလည်း လုပ်ကိုင်နေတဲ့ကုမ္ပဏီဖြစ်ပါတယ်။

နိုင်ငံခြားသားအစုရှယ်ယာ ဝယ်ယူခွင့်ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်က ထုတ်ပြန်ခဲ့ပေမယ့် တရားဝင်ခွင့်ပြုမှုကိုတော့ ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်ကမှ ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ပြည်တွင်းကုမ္ပဏီတွေအနေနဲ့ နိုင်ငံခြားသားအစုရှယ်ယာပိုင်ဆိုင်ခွင့်ကို ၃၅ ရာခိုင်နှုန်းခွင့်ပြုထားသလို ရန်ကုန်စတော့အိတ်ချိန်းကလည်း နိုင်ငံခြားသားအစုရှယ်ယာဝယ်ယူခွင့်ကို ၃၅ ရာခိုင်နှုန်းအောက်ပဲ ခွင့်ပြုပေးထားတာဖြစ်ပါတယ်။

ဒါကြောင့်မို့လည်း ရန်ကုန်စတော့အိတ်ချိန်းမှာ FMI ကုမ္ပဏီက ရှယ်ယာ ၁ ဒသမ ၈ ရာခိုင်နှုန်း၊ MTSH ကုမ္ပဏီက ၄ ဒသမ ၅ ရာခိုင်နှုန်းနဲ့ ပထမပုဂ္ဂလိကဘဏ် (FPB) က ၃၁ ရာခိုင်နှုန်းကို နိုင်ငံခြားသားရှယ်ယာဝယ်ယူခွင့်ပြုထားပါတယ်။ ဒီလို နိုင်ငံခြားသားရှယ်ယာဝယ်ယူခွင့်အပေါ် သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီတွေက ရောင်းချကြတာဖြစ်ပါတယ်။

### အစုရှယ်ယာတွေ ရောင်းချခွင့်ရှိ

“ရှယ်ယာဘယ်လောက် ရောင်းမလဲဆိုတာ ကုမ္ပဏီက ဆုံးဖြတ်တာဖြစ်ပြီး သတ်မှတ်ထားတဲ့ရှယ်ယာရောင်းဝယ်မှု ပမာဏ မကျော်ရင် ကြိုက်သလိုရောင်းဝယ်လို့ ရပါတယ်” လို့ ချေးငွေသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးမြေးချွန်က ပြောထားပါတယ်။ ဒါကြောင့် သတ်မှတ်ချက်အတိုင်း ကုမ္ပဏီတွေက အစုရှယ်ယာတွေ ရောင်းချခွင့်ရှိနေတာ ဖြစ်ပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းရဲ့ လက်ရှိရှယ်ယာအရောင်းအဝယ်အခြေအနေကို ကြည့်ရင် ၂၀၂၀ ပြည့်နှစ် မေ ၄ ရက်မှ FMI ကုမ္ပဏီက ရှယ်ယာစောင်ရေ ၃၈၂၁ စောင်(တန်ဖိုးငွေကျပ် ၃၅၂၈၈၂၀၀)၊ MTSH ကုမ္ပဏီက ရှယ်ယာစောင်ရေ ၂၉၈၇ စောင် (တန်ဖိုးငွေကျပ် ၁၀၁၆၈၁၀၀)၊ MCB ကုမ္ပဏီကရှယ်ယာစောင်ရေ ခုနစ်စောင် (တန်ဖိုးငွေကျပ် ၅၆၀၀၀)၊ FPB ကုမ္ပဏီကရှယ်ယာစောင်ရေ ၁၃၉ စောင် (တန်ဖိုးငွေကျပ် ၂၉၂၀၀၀၀)၊ TMH ကုမ္ပဏီက ရှယ်ယာစောင်ရေ ၉၈ စောင်(တန်ဖိုးငွေကျပ် ၂၆၄၆၀၀)တို့အသီးသီး ရောင်းချခဲ့ကြရပါတယ်။

### ပိုမိုသင့်လျော်တဲ့စနစ်

လောလောဆယ်မှာတော့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ ကျင့်သုံးနေတဲ့ စတော့ရောင်းဝယ်မှု စနစ်ကိုတော့ Call Auction စနစ်လို့ ဖြေရမှာ ဖြစ်ပါတယ်။ ဒီစနစ်က ကမ္ဘာ့စတော့ဈေးကွက်အများစုမှာ သုံးစွဲနေတဲ့ အဖွင့်ဈေး၊ အပိတ်ဈေး တွက်ချက်ပုံနဲ့ အတူတူပဲ ဖြစ်ပါတယ်။ ကုန်စည်တစ်ခုကို လေလံစနစ်နဲ့ ဈေးဖြတ်ခြင်းနဲ့တူသလို ဒီစနစ်ဟာ ဈေးနှုန်းတည်ငြိမ်မှုကိုလည်း ဖြစ်နေတာမို့ သက်တမ်းနုတဲ့ စတော့ဈေးကွက်တွေအတွက် ပိုမိုသင့်လျော်တဲ့စနစ်လည်း ဖြစ်ပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းဝင် ကုမ္ပဏီတွေရဲ့ ရှယ်ယာအရောင်းအဝယ်ဖြစ်မှုဟာ အခုအချိန်မှာ ကိုဗစ်–၁၉ ကြောင့် ရိုက်ခတ်မှုရှိပေမယ့် ပြီးခဲ့တဲ့ သုံးနှစ်ကာလမှာ သီလဝါအထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီ (MTSH) က ၂၀၁၇ ခုနှစ်မှာ ရှယ်ယာပေါင်း နှစ်သန်းခွဲ၊ ၂၀၁၈ ခုနှစ်မှာ ရှယ်ယာပေါင်း ၂ ဒသမ ၃ သန်းနဲ့ ၂၀၁၉ ခုနှစ်မှာ ရှယ်ယာပေါင်း ၂ ဒသမ ၃ သန်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး စာရင်းဝင်ကုမ္ပဏီ ငါးခုမှာ ရှယ်ယာအများဆုံး ရောင်းဝယ်နိုင်ခဲ့ပါတယ်။

### ပထမဆုံးစာရင်းဝင်

ရန်ကုန်စတော့အိတ်ချိန်းမှာ သုံးနှစ်ဆက်တိုက် ဒုတိယရှယ်ယာအများဆုံး ရောင်းဝယ်နိုင်ခဲ့တဲ့ ကုမ္ပဏီက FMI ဖြစ်ခဲ့ပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လမှာ FMI ကုမ္ပဏီက ပထမဆုံး စာရင်းဝင်အများပိုင် ကုမ္ပဏီဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် တစ်နှစ်လုံးမှာ ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီငါးခုရဲ့ စုစုပေါင်း ရှယ်ယာအရောင်းအဝယ်ဖြစ်မှုဟာ ရှယ်ယာ လေးသန်းခန့်ရှိတယ်လို့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ ထုတ်ပြန်တဲ့သတင်းမှာ ဖော်ပြထားပါတယ်။

ရန်ကုန်စတော့အိတ်ချိန်းမှာ တစ်နေ့ လေးကြိမ်ရှယ်ယာအရောင်းအဝယ် ပြုလုပ်ခဲ့ပေမယ့် လက်ရှိမှာ ခုနစ်ကြိမ်အထိ တိုးမြှင့်ရောင်းဝယ်ခဲ့ပေမယ့် အရောင်းအဝယ်ကျဆင်းမှုတွေ ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု ငွေကျပ် ၁ ဒသမ ၂၅ ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှာ ငွေကျပ် ၁ ဒသမ ၄၈ ဘီလီယံကျော်ရှိခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် မတ်လမှာတော့ ရှယ်ယာအရောင်းအဝယ်ဖြစ်မှု ငွေကျပ် ၁ ဒသမ ၄၂ ဘီလီယံကျော် ရှိခဲ့တာမို့ အနည်းငယ်ကျဆင်းခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းရဲ့ လစဉ်အရောင်းအဝယ်ဖြစ်မှု ထုတ်ပြန်တဲ့စာရင်းအင်းတွေအရ သိရပါတယ်။

ရန်ကုန်စတော့အိတ်ချိန်း စတင်ဖွင့်လှစ်ရောင်းချခဲ့တဲ့ နှစ်အလိုက် မတ်လရောင်းချမှုရှယ်ယာအရောင်းအဝယ်အနေအထားတွေကို ကြည့်ရင် ၂၀၁၆ ခုနှစ် မတ်လမှာ ငွေကျပ် ၂၄ ဘီလီယံကျော်၊ ၂၀၁၇ ခုနှစ် မတ်လမှာ ငွေကျပ် ၃ ဘီလီယံကျော်၊ ၂၀၁၈ ခုနှစ် မတ်လမှာ ငွေကျပ် ၇၇၈၃ သိန်းကျော်၊ ၂၀၁၉ ခုနှစ် မတ်လမှာ ငွေကျပ် ၃၉၆၂ သိန်းကျော်နှင့် ၂၀၂၀ ပြည့်နှစ် မတ်လမှာတော့ ငွေကျပ် ၁ ဒသမ ၄၂ ဘီလီယံကျော်ရှိခဲ့တယ်လို့ ရန်ကုန်စတော့အိတ်ချိန်းရဲ့ ထုတ်ပြန်တဲ့စာရင်းတွေမှာ ဖော်ပြထားပါတယ်။

### ခုနစ်ကြိမ်အထိ တိုးမြှင့်

ရန်ကုန်စတော့အိတ်ချိန်းမှာ ပြည်တွင်းပြည်ပနေ နိုင်ငံခြားသားတွေရဲ့ အဖွဲ့အစည်းတွေ ပါဝင်ပြီး ရှယ်ယာအရောင်းအဝယ်လုပ်နိုင်ဖို့ ၂၀၂၀ ပြည့်နှစ် မတ်လ ၆ ရက်နေ့မှာ ခွင့်ပြုခဲ့သလို ရှယ်ယာရောင်းချမှုကိုလည်း တစ်နေ့ လေးကြိမ်မှ ခုနစ်ကြိမ်အထိ တိုးမြှင့်ပေးထားတာဟာ ရှယ်ယာအရောင်းအဝယ်ပိုမိုတိုးတက်နိုင်ဖို့ ဆောင်ရွက်တာဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ထားမှုတွေ ရှိတာမို့ လောလောဆယ် ကိုဗစ် – ၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်မှုရှိပြီး ရှယ်ယာရောင်းဝယ်မှုတွေ ကျဆင်းမှုရှိပေမယ့် မကြာခင်ကာလမှာ ပြန်လည်ကောင်းမွန်လာမယ့် အခြေအနေရှိမှာ ဖြစ်ပါတယ်။ ။

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မေ ၈၊ ၂၀၂၀


# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁)နှစ်တာ

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏

## စတုတ္ထနှစ် (၁)နှစ်တာအတွင်း ဆောင်ရွက်ချက်များ

❑ တွေ့ဆုံမေးမြန်း - သူရဇော်၊ ဓာတ်ပုံ - အေးသန်း ❑



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်မှုမရှိအောင်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်နေရာများတွင် ဘဏ္ဍာငွေများကို ပြည့်ပြည့်ဝဝ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်နေမှုသည် ပြည့်အကျိုးကို ထမ်းဆောင်နေသော ဝန်ထမ်းများ၏ တာဝန်ဖြစ်သည်။

အဆိုပါတာဝန်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသစာရင်းစစ်ရုံးများရှိ ဝန်ထမ်းများက ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေနှင့်အညီ စစ်ဆေးရေးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် နေ့စဉ်ကြိုးစား ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ အရေးကြီးသောကဏ္ဍတွင် ပါဝင်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ခေတ်စနစ်၏ လိုလားချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် တွေ့ဆုံမေးမြန်းထားပါသည်-

**မေး။** မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက် ကျင့်သုံးစစ်ဆေးခဲ့တဲ့ စစ်ဆေးမှု အမျိုးအစားတွေကို ပြည်သူတွေ နားလည်သိရှိနိုင်အောင် ရှင်းပြပေးပါဦးခင်ဗျာ။

**ဖြေ။** မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်က ကျင့်သုံးခဲ့တဲ့ စစ်ဆေးမှု အမျိုးအစားတွေက ဘဏ္ဍာရေးစာရင်းများ စစ်ဆေးခြင်း (Financial Audit)၊ လိုက်နာမှု ရှိ/မရှိ စစ်ဆေးခြင်း (Compliance Audit)၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း (Performance Audit)နဲ့ ဘက်စုံစစ်ဆေးခြင်း (Comprehensive Audit) တွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဖွဲ့အစည်းတွေရဲ့ ဘဏ္ဍာရေးရှင်းတမ်းတွေကို စစ်ဆေးရာမှာ အဆိုပါအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းနဲ့ ငွေရေးကြေးရေးဆိုင်ရာ လုပ်ဆောင်ချက်တွေဟာ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ထားခြင်း ရှိ/မရှိ စစ်ဆေးပါတယ်။

လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း အမျိုးအစားဖြစ်တဲ့ 3E Audit ဆိုတဲ့ Economy, Efficiency, Effectiveness တွေနဲ့ သက်ဆိုင်တဲ့ ရှုထောင့်အမြင်က စစ်ဆေးခြင်းကိုလည်း ဌာနရဲ့ ဘဏ္ဍာရေးဆိုင်ရာ စာရင်းတွေ စစ်ဆေးချိန်မှာ တစ်ပါတည်း စစ်ဆေးခဲ့ပြီး တွေ့ရှိချက်တွေ ကို ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာ (Financial Audit Report) မှာ တစ်ပေါင်းတည်း ဖော်ပြခဲ့ပါတယ်။

ဒါ့ကြောင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Financial Audit)၊ လိုက်နာမှု ရှိ/ မရှိ စစ်ဆေးခြင်း (Compliance Audit) နဲ့ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) အပါအဝင် ဘက်စုံစစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း အသိပေးလိုပါတယ်။

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်ကစပြီး နိုင်ငံတော်သမ္မတနဲ့ ပြည်ထောင်စုလွှတ်တော်ထံ တင်ပြတဲ့ အစီရင်ခံစာတွေမှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းအပေါ် အကောင်အထည်ဖော်မှုတွေနဲ့ စပ်လျဉ်းတဲ့ ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်းရဲ့ စစ်ဆေးတွေ့ရှိချက်တွေနဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေရဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့ ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်မှုဆိုင်ရာ စစ်ဆေးတွေ့ရှိချက်တွေ၊ စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမယ့် ငွေတွေနဲ့ အရေးယူဆောင်ရွက်ပြီးစီးမှုတွေ၊ လုပ်ငန်းအကောင်အထည်ဖော်မှုနဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့ စစ်ဆေးတွေ့ရှိချက်တွေကို တင်ပြခဲ့ပါတယ်။

၂၀၁၈ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေအရ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ဖို့ တာဝန်ရှိမှုအရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ အစိုးရဌာန၊အဖွဲ့အစည်းတွေရဲ့ ဘဏ္ဍာရေးနှစ်အလိုက် အရအသုံး ခန့်မှန်းခြေငွေစာရင်းအပေါ် အကောင်အထည်ဖော်မှုနဲ့ ဘဏ္ဍာရေးရှင်းတမ်း

**အချပ်ပို(ခ)သို့**

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၈- ၂၀၂၂)အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားတဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့နဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပိုမိုဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံ့အကျိုး၊ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ကို ရေးဆွဲခဲ့ပြီး နိုင်ငံတကာစံနှုန်းများနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်သွားဖို့ မဟာဗျူဟာရည်မှန်းချက်များ (Strategic Goals) (၇)ရပ်ကို ချမှတ်ခဲ့ပါတယ်**




ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း Myanmar Public Sector Accounting Conference တွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ

အချပ်ပို(က) မှ

စစ်ဆေးမှုအပြင် နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေ စီမံခန့်ခွဲမှု၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်တွေကို လိုက်နာမှုနဲ့ ၎င်းတို့ရဲ့ လုပ်ငန်းဆောင်ရွက်မှု၊ လုပ်ငန်းစဉ်တွေကို ခြိုးခြံချွေတာစွာ သုံးစွဲနိုင်မှု၊ စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်မှုနဲ့ ပြည်သူလူထုအတွက် အကျိုးသက်ရောက်မှု ရှိ/မရှိ စတဲ့ စစ်ဆေးရေး အမျိုးအစားသုံးခုနဲ့ စစ်ဆေးရေးရည်မှန်းချက်တွေ ချမှတ်ကာ အစီရင်ခံတင်ပြလျက်ရှိပါတယ်။ စစ်ဆေးရေးအမျိုးအစားအလိုက် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာတွေ သီးခြားထုတ်ပြန်ပေးခြင်းကိုလည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။** **စစ်ဆေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ စာရင်းစစ်ရုံးအဆင့်ဆင့်နဲ့ စစ်ဆေးရမယ့် အဖွဲ့အစည်း အရေအတွက်ကို ရှင်းပြပေးစေလိုပါတယ်။**

**ဖြေ ။** စစ်ဆေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ စာရင်းစစ်ရုံးအဆင့်ဆင့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် စာရင်းစစ်ချုပ်ရုံး ၁၄ ရုံး၊ နေပြည်တော်စာရင်းစစ်ရုံး တစ်ရုံး၊ ခရိုင်အဆင့်စာရင်းစစ်ရုံး ၇၀ နဲ့ မြို့နယ်အဆင့် စာရင်းစစ်ရုံး ၃၀၂ ရုံး စုစုပေါင်း ၃၈၈ ရုံး ရှိပါတယ်။

စစ်ဆေးရမယ့် အဖွဲ့အစည်းအရေအတွက်အနေနဲ့ ရုံးချုပ်အဆင့် စစ်ဆေးရမယ့် အဖွဲ့အစည်း ၁၈၉ ခု၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စစ်ဆေးရမယ့် အဖွဲ့အစည်း ၁၉၈၆ ခု၊ ခရိုင်အဆင့် စစ်ဆေးရမယ့် အဖွဲ့အစည်း ၃၀၅၉ ခုနဲ့ မြို့နယ်အဆင့် စစ်ဆေးရမယ့် အဖွဲ့အစည်း အရေအတွက် ၁၀၃၄၃ ခုဖြစ်တဲ့အတွက် စုစုပေါင်း စစ်ဆေးရမယ့် အဖွဲ့အစည်း ၁၅၅၇၇ ခု ရှိပါတယ်။

**မေး ။** **နိုင်ငံ့ဘဏ္ဍာတွေ အလေအလွင့် မရှိအောင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးရပြီး အဲဒီစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ဘယ်သူတွေကို ပေးပို့တင်ပြရပါသလဲ ခင်ဗျာ။**

**ဖြေ ။** ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနဲ့ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးတွေဟာ နိုင်ငံတော်ဘဏ္ဍာ ရန်ပုံငွေတွေ အလေအလွင့်မရှိစေရေးအတွက် ဌာန၊ အဖွဲ့အစည်းတွေက တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းတွေနဲ့အညီ လိုက်နာဆောင်ရွက်နိုင်အောင် စစ်ဆေးရေးလုပ်ငန်းတွေကို ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေကို အစီရင်ခံစာတွေပေးပို့ပါတယ်။

ဒီအစီရင်ခံစာတွေထဲက ထူးခြားပြီး အရေးပါတဲ့ စစ်ဆေးတွေ့ရှိချက်တွေ၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွေက ပေးပို့လာတဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ စပ်လျဉ်းတဲ့ စစ်ဆေးတွေ့ရှိချက်တွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာအဖြစ် ပြုစုရေးသားကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁ (က)နဲ့ (ဏ) တို့အရ နိုင်ငံတော်သမ္မတနဲ့ ပြည်ထောင်စုလွှတ်တော်ထံ တစ်ပြိုင်တည်း အစီရင်ခံတင်ပြလျက်ရှိပါတယ်။

ထို့အတူ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်တွေက တိုင်းဒေသကြီး/ ပြည်နယ် ဘဏ္ဍာရန်ပုံငွေနဲ့ စပ်လျဉ်းတဲ့စစ်ဆေးတွေ့ရှိချက်တွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂၅ (က)နဲ့(ဃ) တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်သို့ တစ်ပြိုင်တည်း အစီရင်ခံတင်ပြလျက်ရှိပါတယ်။

အရေးကြီးတဲ့ စစ်ဆေးတွေ့ရှိချက်တွေ ရှိပါက ဌာနအနေနဲ့ အရေးယူဆောင်ရွက်သင့်တဲ့ ကိစ္စရပ်တွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၁(ခ)နဲ့အညီ သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးထံ စီမံခန့်ခွဲမှု အကြောင်းကြားစာ (Management Letter) ပေးပို့တဲ့ အပြင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်ထံ စီမံခန့်ခွဲမှု အကြောင်းကြားစာပေးပို့ပါတယ်။ ယင်းပေးပို့စာအပေါ်ဌာနမှ ပြန်ကြားချက်ရရှိပါက ပြန်လည်စိစစ်ပြီး နိုင်ငံတော်သမ္မတနဲ့ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမယ့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြလျက်ရှိပါတယ်။

**မေး ။** **ပြည်ထောင်စုစာရင်းစစ်ချုပ်အစီရင်ခံစာကို ဘယ်သူတွေက စိစစ်အရေးယူမှုတွေ လုပ်ရတယ်ဆိုတာ သိပါရစေ။ ဒီစတုတ္ထနှစ် (၁) နှစ်တာကာလအတွင်းမှာ သဘောထားမှတ်ချက် ဘယ်နှစောင်အထိ ဆွေးနွေး ပြန်ကြားပေးခဲ့ရတယ်ဆိုတာကို ပြောပြပေးပါဦးခင်ဗျာ။**

**ဖြေ ။** နိုင်ငံတော်သမ္မတနဲ့ ပြည်ထောင်စုလွှတ်တော်ကိုတင်ပြတဲ့ ပြည်ထောင်စုစာရင်း စစ်ချုပ်ရဲ့ အစီရင်ခံစာကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ(JPAC)က စိစစ်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေက တာဝန်ရှိသူတွေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ရှိသူတွေကို ခေါ်ယူဆွေးနွေးပါတယ်။ အဲဒီနောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ သုံးသပ်ချက်၊ သဘောထားမှတ်ချက်ပါဝင်တဲ့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက် အစီရင်ခံစာကို ထုတ်ပြန်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပါတယ်။

ဌာန၊ အဖွဲ့အစည်းတွေရဲ့ လိုက်နာဆောင်ရွက်မှု၊ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှာ ဌာန၊ အဖွဲ့အစည်းတွေ၊ တာဝန်ရှိသူတွေ ပြန်လည်ရှင်းလင်း တင်ပြပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်အနေနဲ့ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြပေးပါတယ်။ ယင်းရှင်းလင်းတင်ပြချက်အတိုင်း အမှန်လိုက်နာ ဆောင်ရွက်မှု ရှိ/ မရှိ စိစစ်ပြီး နောက်တစ်ကြိမ်တင်ပြမယ့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြပါတယ်။

စတုတ္ထ (၁)နှစ်တာ ကာလအတွင်းမှာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေက သဘောထားတောင်းခံလာတဲ့ငွေ၊ ပစ္စည်းနဲ့ ရရန်ရှိသည်များ ဆုံးရှုံးမှုအတွက် စာရင်းမှ ပယ်ဖျက်ရန်ကိစ္စ၊ အဖွဲ့အစည်းအချင်းချင်း ပုံသေပိုင်ပစ္စည်းများ လွှဲပြောင်းခြင်းအတွက် စာရင်းညှိနှိုင်းရန်ကိစ္စ၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ၊ စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်များကိစ္စ၊ ပြင်ပစာရင်းစစ်ငှားရမ်းရန်ကိစ္စ၊ ဘဏ္ဍာ ငွေကြေးကိုင်တွယ်ထိန်းသိမ်းမှုဆိုင်ရာကိစ္စတွေနဲ့ စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စာရင်းကိုင်မူ၊ စည်းမျဉ်း၊ ညွှန်ကြားချက်တွေနဲ့အညီ စိစစ်ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေကို သဘောထားမှတ်ချက် ၂၅၇ စောင် ပြန်ကြားခဲ့ပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းစဉ်တွေမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေး စည်းမျဉ်းတွေနဲ့အညီ ဆောင်ရွက်နိုင်အောင် သဘောထားအကြံပြုချက်တွေ ပေးပို့ခြင်းဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။** **ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးရဲ့ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၈ – ၂၀၂၂) ရေးဆွဲနိုင်ခဲ့ပြီလို့ သိရပါတယ်။ ရေးဆွဲခဲ့တဲ့ မဟာဗျူဟာစီမံချက်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦး ခင်ဗျာ။**

**ဖြေ ။** ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးရဲ့ မဟာဗျူဟာလုပ်ငန်းစီမံချက်(၂၀၁၈–၂၀၂၂) အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုတွေက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားတဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်နိုင်ဖို့နဲ့ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပိုမိုဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံ့အကျိုး၊ ပြည်သူတွေရဲ့ အကျိုးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၈–၂၀၂၂) ကို ရေးဆွဲခဲ့ပြီး နိုင်ငံတကာစံနှုန်းများနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်သွားဖို့ မဟာဗျူဟာ ရည်မှန်းချက်များ (Strategic Goals) (၇)ရပ်ကို ချမှတ်ခဲ့ပါတယ်။

**မဟာဗျူဟာရည်မှန်းချက် – ၁** အနေနဲ့ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးတွေ လိုက်နာရမယ့် စံများ (ISSAI) အခြေပြုစစ်ဆေးရေး လက်စွဲနဲ့ လမ်းညွှန်တွေကို ပြုစုထုတ်ပြန်လိုက်နာကျင့်သုံးဖို့ဖြစ်ပြီး ISSAI Based Financial Audit၊ Performance Audit, Compliance Audit တို့နဲ့ စပ်လျဉ်းတဲ့ Workshop တွေ ကျင်းပပေးနိုင်ခဲ့ပြီး Financial Audit Practical Guidelines ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး စစ်ဆေးရေးအမျိုးအစားအလိုက် Manual တွေ ပြုစုရေးသားခြင်းနဲ့ လက်စွဲကို အခြေခံ၍ Practical Guidelines & Tools ပြုစုခြင်းတို့ကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မဟာဗျူဟာရည်မှန်းချက် – ၂** အနေနဲ့ နိုင်ငံတကာပြည်သူ့ကဏ္ဍ စာရင်းစံ – IPSAS ကို သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးနဲ့ လိုက်နာကျင့်သုံးနိုင်ရေးတို့ကို ဆောင်ရွက်ဖို့ဖြစ်ပြီး ကမ္ဘာ့ဘဏ်၊ EU တို့ရဲ့ အကူအညီနဲ့ IPSAS နဲ့ IFRS လိုက်နာကျင့်သုံးနိုင်စေရေး Transition Plan တွေနဲ့ Roadmap တွေ ချမှတ်ဆောင်ရွက်လျက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ပေါင်းစပ်ကာဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ဌာနတွင်းနဲ့ ဌာနဆိုင်ရာ သင်တန်းတွေမှာ IPSAS ကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိပါတယ်။

**မဟာဗျူဟာရည်မှန်းချက် – ၃** အနေနဲ့ စစ်ဆေးရေးလုပ်ငန်းတွေကို ပိုမိုထိရောက်ကောင်းမွန်စေရန် စစ်ဆေးရေး စွမ်းဆောင်ရည်မြှင့်တင်စေရေးအစီအမံများ အရည်အသွေး တိုးတက်မှုအတွက် Quality Assurance Review လမ်းညွှန်ကို ထုတ်ပြန်ထားရှိပြီး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ် နည်းဥပဒေ ထုတ်ပြန်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဌာနတွင်း စစ်ဆေးရေး၊ စီမံရေးရာလုပ်ငန်း ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေး အတွက်လည်း Internal Audit Division ကို ခိုင်မာအားကောင်းစေရေး စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ **အချပ်ပို(ဂ)သို့**



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့မှ ၂၀၁၈–၂၀၁၉ ပညာသင်နှစ် မဟာတန်းနှင့် နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ အလုပ်သင်လေ့လာမှု အရည်အချင်းပြည့်မီစွာ ပြီးမြောက်ခြင်းနှုတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ



အချပ်ပို(ခ)မှ

**မဟာဗျူဟာရည်မှန်းချက် - ၄** အနေနဲ့ ဖွဲ့စည်းပုံ၊ လူသားအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ဝန်ထမ်းစွမ်းဆောင်ရည်တို့ကို မြှင့်တင်ပေးရန်ဖြစ်ပြီး HR Plan ကို ၂၀၁၉ - ၂၀၂၁ အတွက် ရေးဆွဲနိုင်ခဲ့ပြီး HR Policy, HR Strategy နဲ့ Competency Framework တို့ကို ရေးဆွဲနိုင်ရေး စီစဉ်လျက်ရှိပါတယ်။

**မဟာဗျူဟာရည်မှန်းချက် - ၅** အနေနဲ့ e-Government System ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပြီး IT Strategy ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ Mini Data Center ကို အသုံးပြု၍ IT နည်းပညာနဲ့ သတင်းအချက်အလက်တွေကို မျှဝေသုံးစွဲဖို့ ရုံးချုပ်နဲ့ ဒေသရုံးတွေအကြား Video Conferencing ဆောင်ရွက်နိုင်အောင် စီစဉ်လျက်ရှိပါတယ်။

**မဟာဗျူဟာရည်မှန်းချက် - ၆** အနေနဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်ဖို့ဖြစ်ပြီး ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၄ - ၂၀၂၁)တွင် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဌာနတွေရဲ့ ရသုံးမှန်းခြေ ငွေစာရင်းအကောင်အထည်ဖော်မှုနဲ့ ဘဏ္ဍာရေး စည်းမျဉ်းလိုက်နာမှု အားကောင်းခိုင်မာစေရေး စစ်ဆေးရေးလုပ်ငန်းတွေကို ဘက်လိုက်မှုမရှိဘဲ အဂတိကင်းစွာနဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ လွှတ်တော်သို့ တင်ပြတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် အစီရင်ခံစာတွေကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေနဲ့အညီ ပြုစုထုတ်ပြန်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မဟာဗျူဟာရည်မှန်းချက် - ၇** အနေနဲ့ အာဆီယံစာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၊ အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASOSAI)နဲ့ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများအဖွဲ့ (INTOSAI)တို့ရဲ့ Activities တွေမှာ ပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်ပြီး ASEANSAI, ASOSAI, INTOSAI တို့ရဲ့ အစည်းအဝေးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကို ပါဝင်တက်ရောက်လျက်ရှိပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေအကြား ကာလရှည်စီမံချက်နဲ့ Cooperative Audit တွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

မဟာဗျူဟာရည်မှန်းချက် (၂၀၁၈ - ၂၀၂၂) ပါ အစီအစဉ်တွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံးတွေရဲ့ စုပေါင်းအင်အားနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မဟာဗျူဟာလုပ်ငန်းစီမံချက်ကို ရာခိုင်နှုန်းအနေနဲ့ ၆၀ ရာခိုင်နှုန်းကျော် အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါတယ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့်ပတ်သက်သော ဥပဒေရေးရာမူဘောင်ဆွေးနွေးပွဲတွင် တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**မေး။ စတုတ္ထနှစ် (၁) နှစ်တာကာလအတွင်း နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ အကူအညီနဲ့ ဆောင်ရွက်ခဲ့တာတွေကို ပြောပြပေးပါဦးခင်ဗျာ။**

**ဖြေ။** စတုတ္ထနှစ် (၁) နှစ်တာကာလအတွင်း နိုင်ငံတကာအဖွဲ့အစည်းတွေ အကူအညီနဲ့ ဆောင်ရွက်ခဲ့တာတွေက EU ရဲ့ အကူအညီနဲ့ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးတွေ လိုက်နာရမယ့်စံတွေ ISSAI အခြေပြု ဘဏ္ဍာရေး စာရင်းစစ်ဆေးခြင်း၊ Financial Audit Practical Guide ရေးဆွဲပြီး Rollout Plan ရေးဆွဲ၍ လက်တွေ့စမ်းသပ်စစ်ဆေးခြင်း၊ Legal ပိုင်းနဲ့ စပ်လျဉ်း၍ Independence Mandate နဲ့ legislation တို့အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ (JPAC)နဲ့ နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။

နော်ဝေနိုင်ငံ စာရင်းစစ်ချုပ်ရုံးရဲ့ အကူအညီနဲ့ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း၊ ဥပဒေ စည်းမျဉ်းစည်းကမ်းလိုက်နာမှု စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်တွေ ထုတ်ပြန်နိုင်ရေး တို့ကို အဆင့်ဆင့် ဆောင်ရွက်လျက်ရှိပါတယ်။

GIZ ရဲ့ နည်းပညာအကူအညီနဲ့ ပုဂ္ဂလိကဘဏ်တွေရဲ့ IFRS နဲ့စပ်လျဉ်း၍ သိရှိနားလည်မှုဆိုင်ရာ စစ်တမ်းကောက်ယူခြင်း၊ Survey Result ပေါ်မူတည်၍ Interview ပြုလုပ်ခဲ့ခြင်း၊ Interview Result ပေါ်မူတည်၍ IFRS သို့ အသွင်ကူးပြောင်းရေး ဆောင်ရွက်နိုင်မယ့် ဘဏ်တွေကို ရွေးချယ်ခဲ့ခြင်း၊ IFRS ပြောင်းလဲဖို့ အထောက်အကူပြု အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကမ္ဘာ့ဘဏ်နဲ့ EU တို့ရဲ့ အကူအညီနဲ့ Myanmar Public Sector Accounting Conference ကို ကျင်းပခဲ့ခြင်း၊ IPSAS သို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် Transition Plan ရေးဆွဲဆောင်ရွက်ခြင်း၊ IPSAS Implementation Preparatory Committee ဖွဲ့စည်းခြင်း၊ EU ရဲ့ နည်းပညာအကူအညီနဲ့ IPSAS Basic နဲ့ Advanced သင်တန်းတွေ၊ IFRS သင်တန်းတွေ ဖွင့်လှစ်သင်ကြားပို့ချပေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ နိုင်ငံအတွက် အဆင့်မြင့်စာရင်းပညာရပ်တွေ တတ်ကျွမ်းတဲ့ စာရင်းပညာရှင်တွေကို စတုတ္ထ(၁)နှစ်တာအတွင်း ဘယ်လောက်အထိ မွေးထုတ်နိုင်ခဲ့တယ်ဆိုတာကို ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** စာရင်းပညာရှင်နဲ့ စာရင်းပညာကျွမ်းကျင်သူတွေ မွေးထုတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ (Myanmar Accountancy Council - MAC)က ကြီးမှူး၍ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းနဲ့ ဒီပလိုမာစာရင်းကိုင်သင်တန်းတွေကို နှစ်စဉ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိပါတယ်။

ယခင်က လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းသို့ စီးပွားရေးတက္ကသိုလ်တွေက B.Com ဘွဲ့ရ အမှတ်များသူ Fresh Graduates တွေကိုသာ တက်ခွင့်ပြုတဲ့စနစ် ဖြစ်ပါတယ်။ ဝင်ပေါက်ချဲ့ထွင်ပေးတဲ့အနေနဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း အမှတ်စဉ် ၄၃၊ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်ကစပြီး နှစ်ကန့်သတ်ချက်မရှိဘဲ စီးပွားရေးတက္ကသိုလ်တွေက B.Com, B.Act, BBA ဘွဲ့ရတွေ၊ မြန်မာနိုင်ငံ စာရင်းကောင်စီက ဘွဲ့တစ်ခုခုရရှိပြီး ACCA Fundamental Skills Level ပြီးစီးသူတွေနဲ့ CIMA Diploma in Management Accounting ပြီးစီးသူတွေနဲ့ လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအမှတ်စဉ် ၄၅၊ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်ကစပြီး သမဝါယမတက္ကသိုလ်က ပေးအပ်တဲ့ B.BSc (Accounting & Finance) ဘွဲ့ရတွေကို တိုက်ရိုက်တက်ရောက် ခွင့်ပြုခဲ့ပါတယ်။ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုက ဘွဲ့တစ်ခုခုရရှိသူတွေကို နှစ်ကန့်သတ်ချက်မရှိဘဲ ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး တက်ရောက်ခွင့်ပြုခဲ့ပါတယ်။

အရင်က ဒီပလိုမာစာရင်းကိုင် သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲနဲ့ ရွေးချယ်တက်ရောက်စေခဲ့ပေမယ့် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်ကစပြီး ဝင်ခွင့်စာမေးပွဲကျင်းပခြင်း မပြုလုပ်ဘဲ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုက ဘွဲ့တစ်ခုခုရရှိသူတွေသာ ဒီပလိုမာစာရင်းကိုင်သင်တန်း တိုက်ရိုက်တက်ရောက်ခွင့် ရရှိကြပြီဖြစ်ပါတယ်။

MAC ၏ မှတ်ပုံတင်စာရင်းအရ ၁၉၇၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့တဲ့ အချိန်ကစပြီး ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အထိ လက်မှတ်ရပြည်သူ့စာရင်းကိုင် ပထမပိုင်းသင်တန်း အောင်မြင်ပြီး သူ ၃၈၁၀၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းသင်တန်း အောင်မြင်ပြီးသူ ၂၆၂၈ ဦး၊ ဒီပလိုမာစာရင်းကိုင် ပထမပိုင်း သင်တန်းအောင်မြင်ပြီးသူ ၈၆၁၁ ဦးနဲ့ ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်း သင်တန်းအောင်မြင်ပြီးသူ ၄၆၀၇ ဦး ရှိပါတယ်။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွက် လက်မှတ်ရပြည်သူ့စာရင်းကိုင် ဒုတိယပိုင်းသင်တန်း အောင်မြင်သူ ၁၃၈ ဦးနဲ့ ဒီပလိုမာစာရင်းကိုင် ဒုတိယပိုင်း သင်တန်းအောင်မြင်သူ ၇၆ ဦး ရှိပါတယ်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၉ ရက်မှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံစာရင်းကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ၂/၂၀၂၀ အစည်းအဝေးက အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေတဲ့ စာရင်းပညာရှင် ပထမအဆင့် ၈၃ ဦး၊ စာရင်းပညာရှင် ဒုတိယအဆင့် ၁၀၂ ဦးနဲ့ စာရင်းကျွမ်းကျင်သူ ၆၆၈၂ ဦးရှိပြီး MAC ရုံးရဲ့ မှတ်တမ်းတွေအရ ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်ရှိ စာရင်းပညာရှင်ပထမအဆင့် ၁၀၉၀ နဲ့ စာရင်းပညာ ဒုတိယအဆင့် ၁၃၅၃ ဦး ရှိကြောင်း အတည်ပြုခဲ့ပါတယ်။

**မေး။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးရဲ့ Professional Body တွေဖြစ်တဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီနဲ့ MICPA တို့ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့တာတွေကို ပြောပြပေးပါဦး ခင်ဗျာ။**

**ဖြေ။** မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (Myanmar Institute of Certified Public Accountants - MICPA)ကို ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေအရ မြန်မာနိုင်ငံရဲ့ အမျိုးသားအဆင့် စာရင်းပညာရှင်အဖွဲ့အစည်း ဖြစ်ပါတယ်။ MICPA သည် ASEAN Fedration of Accountants - AFA ရဲ့ Primary Member ဖြစ်ပါတယ်။ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း (MICPA) သည် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ပြဋ္ဌာန်းချက်တွေအရ ဆောင်ရွက်တဲ့ စာရင်းပညာဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ စာရင်းပညာ စာရင်းလုပ်ငန်းတွေနဲ့စပ်လျဉ်း၍ ချမှတ်သင့်တဲ့ သို့မဟုတ် ပြင်ဆင်သင့်တဲ့ သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံနဲ့ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီသို့ အကြံပြုတင်ပြခြင်းတို့ကို ဆောင်ရွက်ပါတယ်။

မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) တို့နဲ့ ပူးပေါင်း၍ စာရင်းနှင့် စာရင်းပညာ မြင့်မားတိုးတက်စေရေး ရည်ရွယ်၍ စာရင်းနှင့် စာရင်းစစ်ပြပွဲ ၂၀၁၆ ခုနှစ်ကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၊ တိုင်းပြည်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့ Commerce နယ်ပယ်ရှိ ဆက်စပ်လုပ်ငန်းရပ်တွေ အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ပေါ်မှုတွင် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေ လွယ်ကူ

**အချပ်ပို (ဃ)သို့**



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၉) ကျင်းပစဉ်။

အချပ်ပို (ဂ)မှ

ချောမွေ့စွာနဲ့ ချိတ်ဆက်မိစေရေး၊ အသိပညာဗဟုသုတတွေ ရရှိစေဖို့ ရည်ရွယ်ပြီး မြန်မာ့ကုန်သွယ်စီးပွားပွဲတော် ၂၀၁၈ ကို ရန်ကုန်မြို့ ရန်ကုန်ကွန်ဗင်းရှင်းစင်တာနဲ့ ပုဂံမြို့ သီရိပစ္စယာဟိုတယ်၌ ASEAN Fedration of Accountants ရဲ့ Strategic Meeting ကို အိမ်ရှင်အဖြစ် ကျင်းပခဲ့ပါတယ်။

MICPA အနေနဲ့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း New Constitution of MICPA ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် ကျင်းပပြုလုပ်တဲ့ Special General Meeting တွင် အတည်ပြုခဲ့ပါတယ်။ IFRS Translation ပြုလုပ်ဖို့အတွက် ADB Funding နဲ့ ဆောင်ရွက်လျက်ရှိရာ IFRS for SMEs အတွက် Translator ခန့်အပ်ကာ ဘာသာပြန်ဆို ဆောင်ရွက်လျက်ရှိပြီး Full IFRS ဘာသာပြန်ဆိုဖို့ Translator ခန့်အပ်ရန်အတွက် Terms of Reference – TOR ကို အတည်ပြုပြီး ဖြစ်ပါတယ်။ MICPA အနေနဲ့ IFAC Associate Membership ဖြစ်ရေးအတွက် Application Package ကို IFAC သို့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

**မေး။** ဒီနှစ်အတွင်းမှာ စာရင်းပညာရှင်တွေ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်အရ ASEAN CPA လက်မှတ်ရစာရင်းပညာရှင် ဘယ်လောက်မွေးထုတ်ပေးနိုင်ခဲ့တယ်ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။

**ဖြေ။** ၂၀၁၈ ခုနှစ် ဇွန်လ ၂၄ ရက်မှာ ကျင်းပတဲ့ ASEAN CPA လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံက ASEAN CPA လက်မှတ်ရစာရင်းပညာရှင် ၂၉၀ နဲ့ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင်ကျင်းပတဲ့ ASEAN CPA လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတွင် ၁၁၃ ဦး စုစုပေါင်း ၄၀၃ ဦးကို ASEAN CPA လက်မှတ်တွေ အပ်နှင်းပြီးဖြစ်ပါတယ်။

**မေး။** ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးရဲ့ ပြုပြင်ပြောင်းလဲမှုတစ်ခုအဖြစ် IT Audit ဆောင်ရွက်နိုင်ဖို့ ဘယ်လိုတွေ ပြင်ဆင်ဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးပါဦး ခင်ဗျာ။

**ဖြေ။** ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ဝန်ထမ်းတွေကို ကွန်ပျူတာအသုံးပြုမှု ရင်းနှီးလာစေဖို့ ကွန်ပျူတာအခြေခံသင်တန်းတွေ ဖွင့်လှစ်ပေးခြင်း၊ ဌာနတွင်း လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများတွင် အရာထမ်း၊ အမှုထမ်းတွေကို IT Audit နဲ့စပ်လျဉ်းတဲ့ အသိပညာဗဟုသုတတွေ တိုးတက်အောင် ရည်ရွယ်ပြီး ပို့ချချက်စာစဉ်တွေ ပြုစုပို့ချပေးလျက်ရှိပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှာ Mini Data Centre ကို ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် စတင်လည်ပတ်ခဲ့ပြီး ရုံးချုပ်ရှိ ဌာနခွဲတွေ အချင်းချင်းကြားတွင် လည်းကောင်း၊ ရုံးချုပ်နဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီရုံး၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးနဲ့ ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတွေ အချင်းချင်းကြားတွင် လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနဲ့ မြန်မာ့စီးပွားရေးဘဏ်တို့ ကြားတွင် လည်းကောင်း Document sharing ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

သက်ဆိုင်ရာဌာနခွဲတွေရှိ စာရွက်စာတမ်းတွေကို စနစ်တကျထိန်းသိမ်း ဆောင်ရွက်နိုင်ဖို့ File Structure တွေကို Server ထဲတွင် တည်ဆောက်ပေးပြီး စာရွက်စာတမ်းတွေကို သက်ဆိုင်ရာ Folder အသီးသီးအောက်တွင် စုစည်းထားခြင်းဖြင့် လွယ်လင့်တကူ ရှာဖွေနိုင်တဲ့အပြင် လုပ်ငန်းတွေကို လျင်မြန်ချောမွေ့အဆင်ပြေစွာဖြင့် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ ခရိုင်စာရင်းစစ်ရုံးရှိ ဦးစီးအရာရှိနဲ့ အထက်အရာထမ်းတွေကို ရုံး domain ဖြစ်တဲ့ oagmac.gov.mm နဲ့ E-mail Accounts တွေ ဖွင့်လှစ်ပေးခြင်း၊ E-mail Accounts တွေ လုံခြုံမှုရှိစေဖို့ လိုက်နာရမယ့် စည်းကမ်းသတ်မှတ်ချက်တွေ ထုတ်ပြန်ခြင်းနဲ့ ဝန်ထမ်းတွေ Security နဲ့ပတ်သက်ပြီး Awareness ရရှိစေဖို့ Knowledge Sharing ဆောင်ရွက်ပေးလျက်ရှိပါတယ်။

Financial Audit ကို အထောက်အကူပြု Tool တစ်ခုဖြစ်တဲ့ Data Analytic Tools (IDEA) ကို ဝယ်ယူ၍ Pilot Audit Team (၂) ဖွဲ့နဲ့ စတင်ဆောင်ရွက်နိုင်ဖို့၊ ဆောင်ရွက်မယ့် အဖွဲ့အစည်းကို ရွေးချယ်ပြီးစာရင်းစစ်ဆေးဖို့နဲ့ Pilot Audit Team က အတွေ့အကြုံနဲ့ ဗဟုသုတတွေကို ထပ်ဆင့်ဖြန့်ဝေပေးဖို့ ရည်ရွယ်ထားပြီး Data Analysis လုပ်ခြင်းနဲ့ လုပ်နိုင်စွမ်းအားပေါ် မူတည်ပြီး နောင်နှစ်တွေမှာ လိုအပ်ပါက ထပ်တိုးဝယ်ယူသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေနဲ့ စာရင်းစစ်စာရွက်စာတမ်း အထောက်အထားတွေကို စနစ်တကျထိန်းသိမ်းထားရှိဖို့အတွက် Audit Flow နဲ့ ဆောင်ရွက်ထားပြီး Performance Audit တွင် စတင်သုံးစွဲဖို့ စီစဉ်ထားပါတယ်။

**မေး။** မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၂၀၁၅)ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ပြဋ္ဌာန်းပြီးနောက် တိုးတက်ပြောင်းလဲမှုတွေကို ပြောပြပေးပါဦး ခင်ဗျာ။

**ဖြေ။** မြန်မာနိုင်ငံ စာရင်းကောင်စီသည် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌအဖြစ် ပြည်ထောင်စု စာရင်းစစ်ချုပ်က တာဝန်ယူဆောင်ရွက်ရပြီး မြန်မာနိုင်ငံ စာရင်းကောင်စီရဲ့ ရုံးလုပ်ငန်းတာဝန်တွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက တာဝန်ယူဆောင်ရွက်ပါတယ်။

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ(၂၀၁၅) တွင် ပါရှိတဲ့ ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းတွေကို နိုင်ငံတကာစာရင်းအဖွဲ့အစည်း(IFAC)ရဲ့ အသုံးအနှုန်းတွေနဲ့ ကိုက်ညီစေရေး၊ စာရင်းလုပ်ငန်းအမျိုးအစားတွေ ပိုမိုပြည့်စုံရေး၊ စာရင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ ပိုမိုဖွင့်လှစ်နိုင်ရေး၊ ကောင်စီရဲ့ လုပ်ငန်းတာဝန်တွေကို ဆိုင်ရာကော်မတီများသို့ လွှဲအပ်ဆောင်ရွက်နိုင်ရေး၊ သင်တန်းဆရာတွေ မှတ်ပုံတင်ရေး၊ အခြားသောတည်ဆဲဥပဒေ ပြဋ္ဌာန်းချက်တွေနဲ့ လိုက်လျောညီထွေဖြစ်စေရေး စတဲ့အချက်တွေကြောင့် မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေကို ပြင်ဆင်ရေးဆွဲပြီး လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ခဲ့ရာမှာ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅ နဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ စာရင်းကောင်စီနည်းဥပဒေ ရေးဆွဲရေးကော်မတီက နည်းဥပဒေ(မူကြမ်း)ကို အခန်း ၁၆ ခန်းနဲ့ ရေးဆွဲခဲ့ပြီး နည်းဥပဒေ ရေးဆွဲရေးကော်မတီရဲ့ အတည်ပြုပြီးဖြစ်တဲ့ မြန်မာနိုင်ငံစာရင်းကောင်စီ နည်းဥပဒေ ထုတ်ပြန်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ပုဂ္ဂလိက ကဏ္ဍမှာ ယခင်က စာရင်းလုပ်ကိုင်သူ တစ်ဦးချင်းအနေနဲ့ လုပ်ကိုင်ရေး မှတ်ပုံတင်ခွင့်ပြုခဲ့ရာက မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ(၂၀၁၅)အရ တစ်ဦးချင်း၊ အစုစပ်လုပ်ငန်းနဲ့ ကုမ္ပဏီအနေနဲ့ မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

ဒါ့အပြင် စာရင်းလုပ်ငန်း အမျိုးအစားအလိုက် အများပြည်သူသို့ စာရင်းဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းလုပ်ကိုင်သူအဖြစ် မှတ်ပုံတင်ထားသူတွေသာ ဆောင်ရွက်ခွင့်ရှိတဲ့ လုပ်ငန်းနဲ့ မြန်မာနိုင်ငံသားတွေသာမက မည်သူမဆို တစ်ဦးချင်းဖြစ်စေ၊ လုပ်ငန်းအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်ခွင့်ရှိတဲ့ လုပ်ငန်းတွေ ခွဲခြားသတ်မှတ်ပြီး မှတ်ပုံတင်ခွင့်ပြုလျက်ရှိပါတယ်။

မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံတကာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံတွေ (IFRS)ကို လိုက်နာဆောင်ရွက်ဖို့အတွက် IFRS Foundation Corporation နဲ့ သဘောတူညီချက် လက်မှတ်ရေးထိုးပြီး IFRS (Up to Date Version) ကို အများပြည်သူ့အကျိုးစီးပွားနဲ့ သက်ဆိုင်တဲ့ လုပ်ငန်းအဖွဲ့အစည်းတွေမှာ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်ကစပြီး ယင်းအဖွဲ့အစည်းတွေသာမက မည်သည့်လုပ်ငန်းမျိုး၌မဆို လိုက်နာကျင့်သုံးလိုပါက ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာရေးနှစ်ထက်စော၍ လိုက်နာကျင့်သုံးနိုင်ရေးအတွက် အမိန့်ကြော်ငြာစာကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံစာရင်းကောင်စီမှာ မှတ်ပုံတင်ထားတဲ့ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းတွေမှာ တက်ရောက်ခွင့်နဲ့ ကိုယ်တိုင်လေ့လာသင်ယူခွင့်ကို လက်မှတ်ရပြည်သူ့စာရင်းကိုင် သင်တန်းအတွက် ၂၀၁၇ – ၂၀၁၈ ပညာသင်နှစ်မှစတင်၍ ခွင့်ပြုခဲ့ရာ ယနေ့ထိ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်း ၁၅ ကျောင်းနဲ့ သင်တန်းဆရာ ၆၉ ဦး တို့ကို သတ်မှတ်ချက်တွေနဲ့အညီ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အရည်အချင်းပြည့်မီတဲ့ စာရင်းပညာရှင်တွေ ပိုမိုတိုးမြှင့်မွေးထုတ်ရေး ရည်ရွယ်ချက်နဲ့ နိုင်ငံခြားတိုင်းပြည်တွေက စာရင်းပညာဆိုင်ရာလက်မှတ်နဲ့ ဘွဲ့ရရှိထားတဲ့ မြန်မာနိုင်ငံသားတွေကို အရည်အချင်းစစ်စာမေးပွဲ ကျင်းပ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်တွေအဖြစ် အသိအမှတ်ပြုခြင်း အစီအစဉ်ကို ၂၀၁၅ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် နှစ်ကြိမ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ စာမေးပွဲ ၁၀ ကြိမ် ကျင်းပခဲ့ပြီး အောင်မြင်သူ ၉၆ ဦးရှိပါတယ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ခင်ဦးမြို့နယ် စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံစဉ်။

မြန်မာနိုင်ငံ စာရင်းကောင်စီသည် ပုဂ္ဂလိကစာရင်းကဏ္ဍနဲ့ စာရင်းပညာရှင်တွေကို ကြီးကြပ်ထိန်းကျောင်းတဲ့ အဖွဲ့အစည်းတစ်ခုအနေနဲ့ ခေတ်ကာလနဲ့ လျော်ညီတဲ့ ပြုပြင်ပြောင်းလဲတိုးတက်မှုတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိရာ မြန်မာ့စီးပွားရေးနယ်ပယ်တွင် နိုင်ငံတကာနဲ့အညီ စာရင်းပညာ၊ အခွန်နဲ့ ဘဏ္ဍာရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ကိစ္စရပ်တွေ ဖြစ်ထွန်းပေါ်ပေါက်မှုအတွက် အထောက်အကူပြုနေတယ်ဆိုတာကို ပြောကြားလိုပါတယ်။

**မေး။** ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် ကိစ္စရပ်တွေကို ဖြေကြားပေးပါဦးခင်ဗျာ။

**ဖြေ။** မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း( Myanmar Sustainable Development Program : MSDP) ကို မဏ္ဍိုင် ၃ ခု၊ ပန်းတိုင် ၅ ခု၊ မဟာဗျူဟာ ၂၈ ခုနဲ့ ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ Strategy 1.4 Enhance good governance, institutional performance and improve the efficiency of administrative decision making at all levels, 1.4.2 enhancing parliamentary oversight as part of standard budget, planning and Audit Process တွင် ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

MSDP ကို စောင့်ကြည့်အကဲဖြတ်မယ့် အမျိုးသားအဆင့် ညွှန်းကိန်းမူဘောင် (National Indicator Framework–NIF) ကို ဖော်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ ပါဝင်တဲ့ Task Team ၁၂ ခုနဲ့ ဖွဲ့စည်းဖော်ထုတ်ခဲ့ရာတွင် ဤရုံးအနေနဲ့ Rules of Law Team နဲ့ Monetary and Investment Team တွင် ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ Strategy 2.5 Enhancing the efficiency and competitiveness of State-owned Economic Enterprises (SEEs) အတွက် Idicator 2.5.3 Number of percentage of SEEs having undergone a full or partial performance audit ဖြင့် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။** ပြည်ထောင်စု စာရင်းစစ်ချုပ်အနေနဲ့ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောကြားပေးပါဦးခင်ဗျာ။

**ဖြေ။** ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် လုပ်ငန်းဆောင်ရွက်မှုတွေ ပိုမိုတိုးတက်ကောင်းမွန်ဖို့၊ ပွင့်လင်းမြင်သာမှု ပိုမိုရှိလာဖို့၊ တာဝန်ခံ/ တာဝန်ယူဆောင်ရွက်မှုကို သေချာစွာရရှိစေဖို့၊ အဂတိလိုက်စားမှုကို တိုက်ဖျက်ဖို့၊ အများပြည်သူရဲ့ ယုံကြည်ကိုးစားမှုကို တိုးမြှင့်ရရှိနိုင်စေဖို့၊ နိုင်ငံသားတွေရဲ့ တန်ဖိုးထားမှုနဲ့ အကျိုးစီးပွားအတွက် ပြည်သူ့ဘဏ္ဍာအရင်းအမြစ်တွေကို စွမ်းဆောင်ရည်ပြည့်ဝပြီး ထိရောက်စွာ ရယူသုံးစွဲခြင်းကို မြှင့်တင်ဖို့အတွက် နိုင်ငံတကာစံနှုန်းနဲ့အညီ ဆောင်ရွက်နိုင်တဲ့ အရည်အသွေးပြည့်ဝတဲ့ ဝန်ထမ်းတွေနဲ့ နိုင်ငံတော်အစိုးရကို အကူအညီပေးနိုင်ရန် **“ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး ထိန်းကျောင်းပေး”** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံး အဆင့်ဆင့်တို့ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားတဲ့ တာဝန်တွေနဲ့အညီ နိုင်ငံနဲ့ ပြည်သူတွေရဲ့ အကျိုးကို အစဉ်ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စစ်ဆေးရေးလုပ်ငန်းတွေကို စွမ်းစွမ်းတမံ ကြိုးပမ်းစစ်ဆေးဖော်ထုတ်ပြီး ပြည်သူသို့ အစီရင်ခံ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။



နော်ဝေနိုင်ငံမှ ကျွမ်းကျင်ပညာရှင်က Performance Audit နှင့် စပ်လျဉ်း၍ ဆွေးနွေးပို့ချစဉ်။